
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၂၉၀၄၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၁၇၀၀၀၇

ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

အဖုံးဒီဇိုင်း - ဘိုဘို ထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ- ၀၄၉၀၂)
စံပယ်အောဝ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မုံးသီတာ (စိုးမိုးစာပေ)
(မြ- ၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

# လျှို့ဝှက်သောအချစ်ရောင်

ဆုလေးနှယ်
(ရန်ကုန်တက္ကသိုလ်)



စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သောအခါကိုပဲ...

လေ့လာကြည့်ကြည့်ပါဗျာ...

ယောကျ်ားနဲ့မိန်းမမှာ...

ယောကျ်ားကပိုပြီး...

အားသာမြင့်မြတ်တယ်ဆိုတာ

အသိသာကြီးပါ...

ဒါပေမဲ့...

ဒီမိန်းမ (ကျွန်တော့်ဇနီး)

ကကျတော့...

နေရာတကာ ဆရာမကြီးလုပ်ပြီး

သူကပဲ ရှေ့ကနေချင်တယ်...။

ပိုးမိုး ◈ တာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှေ့သွားနောက်လိုက်မဟုတ်ဘဲ...
နောက်သွားရှေ့လိုက်ဖြစ်နိုင်မလား...။
သူဟာ မိန်းကလေးတစ်ယောက်ဖြစ်ပြီး...
အမြဲတမ်း ကျွန်တော့်ရှေ့ကရပ်ချင်တယ်ဗျာ...
ဒါ ဖြစ်သင့်ရဲ့လား...
ကျွန်တော်ကလည်း...
ကိုယ့်မိန်းမဆိုရင်...
ကိုယ်က ထိုင်ဆိုထိုင် ထဆိုထ...
ကိုယ့်အမိန့်နာခံမှကြိုက်တယ်ဗျ...။
အဲဒါ ကျွန်တော်တို့နှစ်ယောက်အတွက်
အရေးကြီးတဲ့ ပြဿနာတစ်ခုပဲ။

နေတောက်ပ

BURMESE CLASSIC .com



ပြောရဦးမယ်ရှင်
'အသွင်တူမှ အိမ်သူဖြစ်'
ဆိုတဲ့စကားဟာလေ...
ကျွန်မအတွက်တော့
ရာနှုန်းပြည့်အောင် မှားယွင်းနေတယ်။
သူနဲ့ကျွန်မဟာ လုံးဝအသွင်မတူဘူး။
အမြဲတမ်း...
အရှေ့နဲ့အနောက် တောင်နဲ့မြောက်လို
အရာအားလုံး ဆန့်ကျင်ခြားနားနေတယ်။
ကျွန်မက မြန်မာ့မုန့်ဟင်းခါးကြိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပြင်သစ်နိုင်ငံလုပ်
ဝိုင်ကိုမှ စွဲမက်တယ်။
ကျွန်မက ချိတ်ထဘီကို သဘောကျနှစ်သက်တယ်။
သူက ဂျင်းဘောင်းဘီနဲ့ ကွာတားပင်နံပဲဝတ်တယ်။
ကျွန်မက ကျွန်မကိုယ်ကျွန်မ...
အချိန်ဇယားတွေနဲ့ ဘောင်ခတ်တာမကြိုက်ဘူး။
သူက သူ့ကိုယ်သူတိကျပြတ်သားတဲ့
အချိန်ဇယားရေးဆွဲပြီးမှ...
ဘဝရဲ့ ရက်စွဲတွေကို ဖြတ်သန်းချင်တဲ့သူ...
သူနဲ့ကျွန်မက...
ဘယ်နေရာလေးမှာမှ...
စိတ်သဘောထားချင်း တူညီတိုက်ဆိုင်မှု
မရှိတာအမှန်ပါ...။
ကဲ...အဲဒီတော့...
ကျွန်မတို့နှစ်ဦး...





အကြင်လင်မယားအဖြစ်
ဘယ်အချိန်ထိ အတူနေထိုင်သွားနိုင်မယ်လို့
ထင်ပါသလဲရှင်။

ခင်နှဒီလှိုင်းပြာ



www.burmeseclassic.com

www.burmeseclassic.com

"နဒီ"

နားနားကပ်ပြီး တိုးဖွဖွခေါ်၏။

ခင်နဒီလှိုင်းပြာက ဖက်လုံးကိုဖက်ပြီး ဟိုဖက်စောင်းလှည့်ကာ အိပ်လိုက်၏။

မျက်လုံးမဖွင့်…။ ဖွင့်လည်းမဖွင့်ချင်သေး။

ခုနလေးတင် နာရီအလမ်းမြည်လို့ လက်ဆန့်တန်းပြီး ပိတ်ပစ်ပြီးပြီ…။

ဒါကိုလည်း အလိုက်မသိသော ကိုတောက်က ဆက်ပြီးနှိုးဖို့ကြိုးစားတုန်းပါ။

နဒီသည် အိပ်ချင်စိတ်လေးပျောက်သွားမှာ စိုးလှပါသည်။

ဒီလို နံနက်စောစော အိပ်လို့ကောင်းတုန်း အတင်းအကျပ်



www.burmeseclassic.com

www.burmeseclassic.com



နှီးတာလောက် စိတ်တိုတာလည်း မရှိတော့ပါဘူး။

နဒီက ငယ်စဉ်ကတည်းက အအိပ်မက်သည်။

သူမ ညပဲစာကျက်တာ။ မနက်စောစော စာမဖတ်တတ်။

ကျောင်းချိန်အမီ ကပ်ပြီး အမေကနှိုးကာ နံနက်စာကို ဖြစ်သလို ပါးစပ်ထဲအမြန်ပစ်ထည့်၊ အဖြူအစိမ်းကို သွက်သွက်ကြီး လဲလှယ်ကာ ကျောင်းကို ဒုန်းစိုင်းအပြေးမှာ ကျောင်းတက်ခေါင်း လောင်းထိုးပြီးလို့ အတန်းထဲမှာ လူစုံနေပါပြီ။

နဒီက နေ့စဉ် ကျောင်းတက်နောက်အကျဆုံး။

ပထမဆုံးအချိန်က အတန်းပိုင်ဆရာမရဲ့ ဖစ်ဆစ်အချိန်။ ဆရာမက မျက်မှန်ကိုကျော်ပြီး တစ်ချက်လှမ်းကြည့်ပေမယ့် ခင်နဒီ ကို မဆူပါ။

ခင်နဒီဟာ ကျောင်းတက်နည်းနည်း နောက်ကျတာကလွဲ လျှင် အတန်းထဲမှာ စာတော်စာရင်းဝင်၊ အဆင့်ငါးတွင်းမှာ အမြဲရှိ သည်။

ပြီးတော့ သူမက ကျောင်းရဲ့ဂုဏ်ဆောင် ပန်းချီပြိုင်ပွဲ





တွေမှာ အမြဲဆုချိတ်တဲ့ ကျောင်းသူလေးပါ။

မူလတန်းကစပြီး ပန်းချီအနုပညာမှာ ပါရမီပါလာသူဟု ဆိုနိုင်သည်။

နဒီက ပန်းချီကိုချစ်သည်။ ပန်းချီဆွဲနေရရင် ထမင်းမေ့ ဟင်းမေ့ အရာအားလုံး မေ့နေတတ်သည်။

ဒါသည်ပင် နောင်အခါ သူမဟာ ပန်းချီဆရာမလေး ဖြစ်လာဖို့ အကြောင်းတရားဟု ဆိုရမည်။

ယခုဆိုလျှင် ခင်နဒီလှိုင်းပြာဆိုသော သူမအမည်ဟာ ပန်းချီ လောကမှာ ထင်ရှားစပြုနေပါပြီ။

"နဒီ…ထတော့လေကွာ၊ ငါးနာရီရှိပြီ"

သူမပါးပြင်ကို လက်ညှိုးလေးနှင့်တို့ထိကာ ကိုတောက် က ထပ်ပြောသည်။

"ဟင်း…ဟင့်အင်း"

နံနက်စောစော မျက်လုံးပွင့်တာနှင့် သူ့ကို အခြေအတင် တင်းတင်းမာမာ ပြောရဆိုရမည်ဆိုလျှင်လည်း မကောင်းပါဘူးလေ



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ထဲရေရွတ်ရင်း နဒီက သိပ်စိတ်မရှည်လှသောအသံရှည် "ဟင်း"ဟု ညည်းညူရင်း အိပ်ချင်သေးကြောင်း သူ့ကိုသိစေသည်။

သို့သော် သူကလည်း နေတောက်ပပဲ။ လွယ်လွယ် စိတ်ပျက်လက်လျှော့မည့်သူမဟုတ်။

"လမ်းမှာ လူတွေအများကြီး၊ ဒီအချိန် ကန်တော်ကြီးတစ်ပတ်ပတ်ပြီးလောက်ပြီ၊ ထပါကွာ...အပျင်းမထူပါနဲ့"

ချမ်းချမ်းစီးစီး သူမို့အလကားနေ နံနက်တိုင်း လမ်းလျှောက်ချင်သည်။

ဒါလည်း ရောဂါတစ်ခုပါပဲဟု နဒီ စိတ်ပျက်စိတ်ကန်သည်။

လမ်းမလျှောက်လည်းပဲ ကျန်းမာပြီး ပေါ့ပါးလန်းဆန်းနေတဲ့သူတွေ အများကြီး။ လမ်းကို နေ့စဉ်ပုံမှန်လျှောက်နေပြီး သောလာလိုက် စားလိုက် အိပ်လိုက်နှင့် ဆာလာအိတ်ကြီးပုံပေါက်နေတဲ့သူတွေလည်း မနည်းမနောပါ။

ခင်နဒီလှိုင်းပြာသည် ပိန်ညှောင်ညှောင်မိန်းကလေး





မဟုတ်သလို ခန္ဓာကိုယ်မှာ အဆီစုပြီး ဝဖြိုးနေသူလည်း မဟုတ်။

အရပ်ငါးပေလေးလက်မမှာ ကိုယ်အလေးချိန်က တစ်ရာ့တစ်ဆယ် ပုံမှန်၊ ကဲ ဘာလိုသေးလဲ။

လိုတယ်ပဲထားဦး...နဒီ ဒုက္ခခံပြီး အိပ်ချင်တဲ့အချိန်မှာ ကိုယ့်ကိုယ်ကို အပင်ပန်းခံပြီး ရအောင်လှူးလဲထဖို့ နည်းနည်းမှ စိတ်မကူးပါ။

အိပ်ချင်တဲ့အချိန်မှာ အိပ်ရေးဝအောင်အိပ်ဖို့က သူမအတွက် ပိုလိုအပ်သည်။

ဒါမှသာ ခေါင်းကြည်မှာ၊ ခေါင်းမမူးမှာ၊ ဝေ့ါဝိုက်စီစီမဖြစ်မှာ၊ အလုပ်ထဲစိတ်ပါမှာ။

အိပ်ရေးပျက်နေလျှင် ဘာကိုမှစိတ်မပါ။

လောကကြီးက ကြည့်လေရာ အကျည်းတန်နေမှာ သေချာသည်။ အလှအပတွေ ရှိသမျှကို ခံစားနိုင်မှာမဟုတ်။

လူတစ်ဦးသည် တစ်ရက်မှာ ရှစ်နာရီခန့် အိပ်စက်ဖို့လိုအပ်ကြောင်း ကျန်းမာရေး မဂ္ဂဇင်းစာစောင်တွေမှာ ခဏခဏ ပါနေကျ



www.burmeseclassic.com

www.burmeseclassic.com



တို့ ဒီဘိုဘောထိတ မဖတ်မိဘူးလား။

ဖတ်မိလည်း ခေါင်းထဲထည့်မှာမဟုတ်ပါဘူးလေ။ သူစဉ်းစားတာက သူ့ရဲ့အချိန်ဖယားအကြောင်းပဲ။

"နဒီ"

"အိပ်ချင်တယ်ကွာ...လာမနှိုးနဲ့"

ပြောရင်းက အိပ်ချင်စိတ်ပျောက်ပါပြီ။

အိပ်ချင်တဲ့ပိုးလေးဆိုတာက ထပျံပြေးသွားပြီဟော့ဆိုရင် ပြန်ဖမ်းဖို့ ခက်လှသည်။

ဒီအကြောင်းကို သူနားမလည်။

ဆတ်ခနဲ ခေါင်းထူလိုက်ရင်း စကားပြောလိုက်ရင် အိပ်ချင်ပိုးလေးက လှစ်ခနဲ ပြေးသွားတတ်တာမျိုး။

နဒီက ပိုးလေးကို အတင်းပြန်ဖမ်းသည်။ ဒါပေမဲ့ မမိ။ မျက်စိကို တင်းတင်းမှိတ်ထားပေမယ့် အာရုံတွေက မှုးဝေလေးလံမနေတော့ဘဲ ကြည်လင်ရှင်းလင်းလာသည်။

သွားပြီပေါ့...ဒီမနက်တော့ ခေါင်းကိုက်ပြီပေါ့။





ခေါ်သတွေက နလုံးသားပတ်လည်မှာ ဝန်းရံလှည့်ပတ်နေသည်။

ကြည့်...မိုးမလင်းခင် စိတ်တိုရပြီ။

တော်တော်ပဲ မသိနားမလည်ရက်စက်သူ။

သူ ညတုန်းက အိပ်ရာဝင်သွားချိန်မှာ နဒီက ပန်းချီရေးဆွဲလက်စရှိတုန်းပါ။

နဒီအိပ်တော့ ညတစ်နာရီခွဲရှိပြီ။ ကိုတောက်ကို ကြည့်တော့ တရှူးရှူးအိပ်ပျော်နေပြီလေ။

ညက တစ်နာရီခွဲ နှစ်နာရီအိပ်တဲ့သူက မနက်ငါးနာရီမှန်ထနိုင်မှာတဲ့လား။

သုံးနာရီအိပ်စက်ရုံနှင့် ဦးနှောက်က ချာကျင်ပြည့်မှာလား။ ဒီဦးခေါင်းက ရှစ်နာရီပြည့်အောင်အိပ်မှ ချာကျင်ပြည့်သွားသလိုဆင်ရတဲ့ဥစ္စာ။

ကိုတောက်ပမှာ ကိုယ်ချင်းစာခြင်း မရှိပါလား။

"ကိုယ်တစ်ယောက်တည်းဆို ပျင်းစရာကြီး၊ နဒီ အိပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ခွဲစရာမှသား ပေးပါတော့ကွာ…နိုးနေပြီပဲ၊ မျက်နှာသစ်လိုက်နော်သိမှာတယ်”

“မလိမ္မာဘူး…အိပ်ရေးမဝရင် ရှင့်ကိုရန်တွေ့မှာပဲ”

“ဟာကွာ”

မျက်လုံးမဖွင့်ဘဲ ရန်စွာချင်သည့် မိန်းမကို နေတောက်ပက ဖြိုးကြည့်ရင်း နဖူးလေးကို ဖွဖွနမ်းရှိုက်လိုက်သည်။

“မျက်စိတွေစပ်နေတယ်ကွာ… မျက်တောင်ချင်းကပ်ပြီး မျက်လုံးဖွင့်လို့မရသေးဘူး…နာရီဝက်နေမှ ထမယ်လေနော်”

သူကချော့သဖြင့် နဒီက ခပ်နော့နော့လေး အခွင့်အရေး တောင်းလိုက်ပါသည်။

“ကောင်းပြီ…ကိုယ်အဆင့်သင့်လုပ်မယ်၊ နာရီဝက်ပြည့်တာနဲ့ လာနှိုးပြီမှတ်၊ ဒီတစ်ခါမနိုးရင် ရေချိုးခန်းထဲချီပြီး ပစ်ချလိုက်မယ်၊ ဒါပဲ”

သူ့မှာ သူပြောချင်ရာပြော၊ နဒီက မွေ့ယာအိစက်စက်ပေါ် စောင်ခြုံပြီး ပြန်ကွေးလိုက်ပါသည်။





အား…အရသာရှိပါဘိနော်…။ မိုးလင်းစအိပ်ရတာလောက် ကောင်းတာမရှိ။ သူ လှုပ်နိုက်မှိုလို့သာ လမ်းလျှောက်ထွက်မှာ။

နဒီ ဒီလောက်မမိုက်နိုင်။

“စားတိကောင်း မှန်းချိုးဆ”တဲ့။

အချိုးအဆလေးတစ်ခုနှင့် စားရတဲ့အစာ၊ ထပ်မစားရဘူးဆိုလျှင် အင်မတန် နှုတ်မြိန်စားကောင်းသတဲ့။

“အိပ်တိကောင်း မိုးသောက်စ”တဲ့။

မနက်လင်းခါနီးလောက် အိပ်လို့ကောင်းတာရှိဦးမလား။

“ထိုင်တိကောင်း လှေကားဝ”တဲ့။

ဒါကြောင့် အိမ်အဝင်ဝမှာ ထိုင်ချလိုက်ရင် တောင်တော်နှင့် ပြန်မထနိုင်ဘဲ အင်မတန် ထိုင်လို့အရသာတွေ့တာ။

ဒီကဗျာအတိုင်းပဲ နဒီ နေထိုင်သည်။

ဘယ်သူဘာပြောပြော ဂရုမစိုက် နားမထောင်နိုင်ပါ။

အိမ်ကအမေတောင် နဒီကို အစောကြီးကတည်းက လက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ထားတာ။

ယောက်ျားကတော့ လက်ထပ်တာပင် တစ်နှစ်မပြည့်သေးဘူးဆိုတော့ သူ့အကြောင်း သိပ်မသိသေး။

ငယ်စဉ်ကဆို သူမက…

"အမေ…အမေပြောသလို မီးတွေဘာတွေ လောင်ရင်ရောဆိုတာလေ၊ ဘာကယ်လို့ နဒီတို့အိမ်နားမှာ မီးရေးထင်းရေးစိုးရိမ်ရပြီဆိုရင် အဲဒီအချိန် နဒီ အိပ်ပျော်နေရင် လာကိုမနှိုးနဲ့၊ မီးလွတ်ဘေးကင်းရာလေးကို ဂုံးပိုးပြီးသာခေါ်သွား၊ စိတ်မဆိုးဘူး၊ နှိုးတော့မနှိုးနဲ့၊ နဒီနိုးမှ ဘယ်လိုမီးလောင်တာလဲဆိုတာ ပြန်ရှင်းပြလေနော်၊ အိပ်ရေးတော့ အပျက်မခံချင်ဘူးနော်၊ ကြိုတင်မှာထားတာ သိလား"

"ဟောဗျာ…ငါ့သမီး အအိပ်မက်ပုံကတော့"

အမေက သူမရဲ့အပြောကို တဟားဟားရယ်မောပါသည်၊ သူမအကြောင်းသိတော့ မိဘနှစ်ပါးစလုံးက အလိုလိုက်ခဲ့သည်၊

စာမေးပွဲဖြေစရာရှိရင်တောင် အချိန်နီးကပ်မှသာ အိပ်ရာ





နှိုးပေးကြသည်။

အခုတော့ ယောကျ်ားရမှ လာပြီးဝဋ်လည်နေပါပြီ။

စည်းစနစ်တကျ စောစောအိပ်ထ ပြုကျင့်တဲ့သူကြီးလေ။ ညဥ့်နက်သန်းခေါင်ထိ ဘယ်တော့မှ အိပ်ရေးပျက်မခံ။

သူ့စနစ်ဇယားအတိုင်း ဆယ်နာရီဆို အိပ်ရာဝင်ပြီ။

နဒီက ပန်းချီခန်းထဲရောက်နေလျှင်လည်း သူမကြိုက်။ ကိုယ်လုပ်ချင်ရာ လုပ်ဖို့ အလွန်ခက်သည်။

အမြဲတမ်း သူ့အချိန်၊ သူ့ဇယားနှင့်နေရတာ စိတ်ကျဉ်းကျပ်မိ၏။

အခုကြည့်လေ…အိပ်ရေးပင်ဝအောင်မအိပ်ရ။

နဒီလှိုင်းပြာက အိပ်ပျော်ဖို့ ပြန်ကြိုးစားသည်။

ဆယ်မိနစ်ခန့် မျက်လုံးမှိတ် ငြိမ်သက်နေမိလျှင် အိပ်ချင်စိတ်လေး ပြန်ဝင်လာသည်။

မှေးခနဲ ပြန်အိပ်သွားပါသည်။

နေတောက်ပက သန့်စင်ခန်းဝင်ပြီးနောက် မျက်နှာသစ်၊



www.burmeseclassic.com

www.burmeseclassic.com



ခြေလက်ဆေးသည်။ ပြီးတော့ မှန်တင်ခုံဆီ လျှောက်လာပြီး ဂျုံနှင့် ဆံပင်ကို ပွတ်သည်။ ပြီးတော့ ဆံပင်ကို ခပ်ထောင်ထောင်ဖြစ်အောင် ပုံသွင်းပြီး ဖြီးလိုက်သည်။

နှုတ်ခမ်းကနေ လေကလေးလည်း ချွန်သည်။

အသံဗလံတွေ မြည်အောင်လည်း လှုပ်ရှားသည်။

သို့ပေမယ့် မွေ့ရာပေါ် လှမ်းကြည့်တော့ မချောလေး နဒီက အိပ်ကောင်းဆဲပါ။ ဘာအသံတွေပဲကြားကြား နားပိတ်အိပ်မည့်ပုံရှိသည်။

ဪ...လောကကြီးထဲ အိပ်ရေးဝဝအိပ်ဖို့ ရောက်လာတဲ့ မိန်းကလေး။ အံ့လည်း အံ့ပါရဲ့ကွာ။

မနက်လင်းရင် ယောက်ျားထက် အရင်အိပ်ရာနိုးတယ်ဆိုတာ ရှိကိုမရှိသေး။

ပြောလိုက်ရင်တော့ နေတောက်ပမဲ့အလွန်။

နဒီက မိန်းကလေးပေမဲ့ ညကြီးသန်းခေါင် တစ်ယောက်တည်း ပန်းချီရေးဆွဲနေတတ်သည်။ ကြောက်လည်းမကြောက်။





ညကရော ပန်းချီခန်းထဲ ရောက်နေသေးလား။

နေတောက်ပကပ ပင်ပန်းသဖြင့် သူမနှင့် စကားပြောရင်းက ဘယ်လိုကဘယ်လို အိပ်ပျော်သွားသလဲမသိပါ။

နေတောက်ပ တစ်ချက်တစ်ချက် ဖနိုးသည်ကို လှမ်းကြည့်ရင်း အဝတ်အစားလဲလှယ်သည်။

ဘောလုံးသမားတွေဝတ်တဲ့ အပြာတောက်တောက် တီရှပ်နှင့် ဘောင်းဘီတိုမျိုး။

ခြေအိတ်စွပ်ပြီး ဝေါလ်ကင်းရှူးမစီးခင် သူမကိုနှိုးဖို့ သွားကြည့်သည်။

ဟောဗျာ...နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီ။ နှိုးရမည့် နေတောက်ပင် စိတ်တိုသွားမိသည်။

ကက်ဆက်ကို သူမနားယူလျက် အကျယ်ကြီး ဖွင့်ပစ်လိုက်သည်။

ရောသမမွှေတီးလုံးက ဆောင့်ခုန်ထွက်လာ၏။

"ဟား...ဟား"



www.burmeseclassic.com

www.burmeseclassic.com



နဒီ ပြုံးခဲ့ လန့်နိုးသွားတာကို သူကရယ်၏။

နားနှစ်ဖက်ကို ပိတ်လျက် နဒီက မျက်လုံးမဖွင့်ဘဲ ဖွတ်ပေတေ၍ အိပ်ပြန်သည်။

ဒီတစ်ခါတော့ နေတောက် သူမကို ပွေ့ထူလိုက်၏။

"အား…ကျွတ်…မိုးတောင်မလင်းသေးဘူး"

"နာရီကြည့်ဦး…နာရီဝက်ကျော်နေပြီ"

နဒီက ညဝတ်ဂါဝန်လေးကို မဟာ ကက်ဆက်ကို ဆောင့်ခနဲ သွားပိတ်ပစ်လိုက်သည်။

"သီချင်းသံနဲ့ နိုးလိုက်တာ"

"ဘာသီချင်းသံလဲ…ဒီလောက်အကျယ်ကြီး ရှင့်ကို အဲဒါတွေမုန်းတာပေါ့…ဟွန်း"

ပီယဝါစာလေးနှင့် မုန်းစကားဆိုသည်။

ပြီးတော့ ဗေစင်မှာ နဒီက မျက်နှာသွားသစ်သည်။

လှုပ်ရှားနေပုံက စိတ်ပါလက်ပါ တက်တက်ကြွကြွမရှိသဖြင့် နေတောက်က …





"နဒီ…မင်း အချိန်မဆွဲနဲ့၊ ကိုယ် ဒီမှာပြီးနေပြီ အဆင်သင့်ပဲ၊ ပန်းချီပြခန်းသွားတော့မယ်ဆိုရင်တော့ မင်းအလှပြင်တာ ငါးမိနစ်မကြာဘူး၊ အခုမကြာရင်တော့ ကိုယ့်ကို အရွဲ့တိုက်တာပဲ"

"မကြာပါဘူး ဦးနေတောက်ရဲ့၊ ဘယ်လိုဖြစ်နေတာလဲ"

"အိပ်ပုတ်မ"

"ဘာဖြစ်လဲ…အိပ်တော့၊ သူ့ကျသိုးနေပြီး"

"ညက နဒီ ဘာလုပ်နေလဲ၊ ပန်းချီဆွဲနေတာလား"

"အင်းပေါ့"

"ညဥ့်နက်မခံပါနဲ့ဆိုတာ ပြောလို့မရဘူးပေါ့"

"အို…စိတ်ပါတဲ့အချိန် ဆွဲရမှာပဲ၊ နေ့တွေညတွေမသိဘူး၊ အိပ်ငိုက်ရင်လည်း အိပ်မှာပဲ၊ ရှင့်ကိုက လူ့ကန့်လန့်၊ လူ့ဥစ္စာကြီးပါနော်"

"ကိုယ်ပြောတာ နည်းလမ်းကျတာပဲ၊ ကျန်းမာရေးအတွက်လည်း ကောင်းတယ်၊ စောစောအိပ်မှသာ စောစောထနိုင်မှာပေါ့၊ မင်းက"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…တော်ပါပြီ"

ရှေးကတ်နှာသစ်ပြီးပေမဲ့ နဒီလှိုင်းပြာက ပါးစပ်ကို လက်ဝါးနှင့်တာလျှက် ဝါးခနဲ သန်းဝေပြသည်။

"အိပ်ချင်မပြယ်သေးရင် ရေပါချိုး"

"ဟင့်အင်း…မချိုးပါဘူး၊ ဒီအချိန် နဒီ ရေချိုးကျင့်မရှိတာ ခုထိမသိသေးဘူးလား"

"လူဆိုတာ အကျင့်လုပ်ရင်ရတာပဲ၊ ကောင်းတဲ့အလေ့အကျင့်တွေရှိအောင် ကြိုးစားရတာကွ"

"ကော်ဖီသောက်ချင်လာပြီ"

"ရော့…ရော့ ထရက်စုမြန်မြန်လဲ၊ လမ်းလျှောက်ပြီးမှ ဘရိတ်ဖတ်စ်စားမယ်လေကွာ နော်၊ ကိုယ် ခေါင်းဖြီးပေးမယ်"

သူက အသင့်ထုတ်ထားသည့် အားကစားဝတ်စုံ လီမွော်ရောင် ဘောင်းဘီရှည်နှင့် တီရှပ်ကို လှမ်းပေးပါသည်။

သူလည်း လယ်သာပိုက်ဆံအိတ်ပြာလေး ခါးကြားညှပ်ရင်း ဝေါလ်ကင်းရှူးသွားစီးသည်။ နဒီကိုလည်း နှုတ်က ခပ်လော





လောနှင့် လိုအပ်တာကူညီသည်။

ဆံပင်ကို ပိုနီတေးချည်ကာ နှုတ်ခမ်းဆိုးဆေး လစ်ဂလော့လေး အမြန်တင်ပြီးတာနှင့် အိမ်တံခါးသော့ပိတ်၍ နဒီတို့နှစ်ဦးသား လမ်းလျှောက်ထွက်ခဲ့ကြသည်။

အိမ်တံခါးတွေစစ်တာ၊ မီးတွေစစ်တာ သူလုပ်ထားပြီးပြီ။

နဒီသည် လမ်းပေါ်သာရောက်လာရော မျက်စိတွေကမှိန်တွတ်တွတ် စပ်တပ်တပ်နှင့် အိပ်ချင်နေတုန်းပါ။

"ချမ်းလို့လား…နဒီ"

"အင်း"

"သွက်သွက်လေးလျှောက်"

သူကတော့ လက်ကို အားပါးတရလွှဲကာ လေကို တဝကြီးရှူရှိုက်နေသည်။

နဒီကတော့ ဒီဇင်ဘာနံနက်ခင်းမှာ လက်ကလေးပိုက်လို့ခပ်ကုပ်ကုပ်လေး မလျှောက်ချင်သလို လျှောက်ချင်သလို ခြေလှမ်းတွေနှင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘေးကနေ ကိုတောက်က တိုက်တွန်းလွန်းလို့သာ အတူတူမိအောင် လျှောက်နေရတာ။

နဒီဘာသာဆိုရင်တော့ ဒီလိုစောစောစီးစီး ကတ္တရာလမ်းပေါ်မှာ လက်ခဖောင်းပေါ် ရောက်နေဖို့ဆိုတာမလွယ်။ အိပ်မက်လို့ကောင်းတုန်း ရှိနေမှာ။

ဘေးဘီမှာတော့ အားကျစရာ။ နဒီတို့လို လမ်းလျှောက်သူတွေသာမက စက်ဘီးစီးသူ၊ အပြေးလေ့ကျင့်နေသူတွေပါ မနည်းလှ။

ကန်တော်ကြီး ပတ်လမ်းအတိုင်း လျှောက်လာကာ ကရဝိက်နန်းတော်ဖက် လျှောက်ဖို့ ရည်ရွယ်သည်။

မနက်ပိုင်းဆို ကရဝိက်ဥယျာဉ်ထဲမှာ လူစည်ကားလှ၏။ ထွက်လာမှပဲ နဒီသိသည်။ မြင်ကွင်းကို ယုံတောင်မယုံ။

စိတ်ထဲလည်း လန်းဆန်းလာသည်။

သို့သော် နဒီက အလေ့အကျင့်သိပ်မရှိတော့ ခပ်ဝေးဝေးလေး လျှောက်မိတာနှင့် လူကမောပန်းလာသည်။





ခြေလှမ်းကို အရှိန်လျှော့ကာ ရပ်တိုက်သလို အားလျှော့လျှော့ လျှောက်နေသော သူမကို ရှေ့ကိုရောက်နေပြီဖြစ်သည့် ကိုတောက်က သမင်လည်ပြန်လှည့်ကြည့်ပြီး ရပ်စောင့်သည်။

"ဘယ်လိုဖြစ်တာလဲ"

"မောပြီ ကိုတောက်ရဲ့"

"သူများတွေလည်း ကြည့်ဦး၊ အဘွားကြီးတွေက အစမင်းကိုကျော်တက်သွားတာချည်းပဲ"

"အို…သူတို့က အကျင့်ရှိလို့နေမှာပေါ့"

ပြန်ပြောလိုက်သံလေးက အသက်ရှူသံပြင်းပြင်းနှင့် မောဟိုက်နေသည်။

"ဒါ့ကြောင့် မှန်မှန်လာလျှောက်ရအောင်လို့ ပြောတာ"

သူကကျတော့ အေးအေးလူလူ အသက်ရှူပင် မြန်မနေ။ ချွေးလည်းမထွက်။

နဒီ့နဖူးမှာ ချွေးတွေပြည့်စို့နေပြီ။

သူ့ခြေလှမ်းကိုလည်း နဒီ မှီအောင်မလိုက်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တချို့တိုးရစ်စုံတွဲတွေများ အားကျစရာ။

မိန်းမကလည်း ယောကျ်ားနှင့်အပြိုင် ခြေလှမ်းကျဲကျဲ လိုက်ပါနိုင်သည်။

ဒီကနဒီကတော့ လှုပ်စိစိနှင့်။

မျက်နှာလေးကလည်း ရှုံ့မဲ့နေသည်။

"ဖြည်းဖြည်းလျှောက်"

"ဖြေးဖြေးပဲလေကွာ"

"ဟိုရှေ့က ကျောက်တုံးပေါ် ခဏသွားထိုင်မယ်"

သူက နဒီ့ထံသို့ တဘက်သား လက်ကိုင်ပဝါအဖြူ တစ်ထည် လှမ်းပေးရင်း ပြုံးလိုက်သည်။

"ဒီလောက်လေးနဲ့ နားချင်ပြီလား၊ နည်းနည်းထပ်လျှောက် ဦး၊ လာ...ဟိုရှေ့ကျမှထိုင်တာပေါ့"

သူက နဒီလက်ဖျားလေးကို ဆွဲခေါ်သည်။

နဒီ သူ့လက်မောင်းကို မိတ္တဲခိုပစ်လိုက်သည်။

အိပ်ရေးမဝခဲ့လို့ ပိုပင်ပန်းတာဖြစ်ပါလိမ့်မည်။





ခါတိုင်း ဒီ့ထက်ဝေးဝေး လျှောက်နိုင်သည်။ ဒီမနက်တော့ တကယ်ခြေညောင်းသွားပြီ။

မိုးလည်း စင်စင်လင်းတာကြာပြီ။ လက်ဖက်ရည်ဆိုင်တွေ မုန့်ဆိုင်တွေမှာလည်း လူတွေအပြည့်အကျပ်မပါလား။

ကိုယ့်ထက် ဝီရိယကောင်းသူတွေချည်းပဲထင်သည်။

"ဆိုင်တွေပဲကြည့်နေပါလား၊ ဗိုက်ဆာပြီလား"

သူက နဒီ့မျက်နှာရိပ် မျက်နှာကဲကို ဖမ်းပြီးမေးသည်။ နဒီက မြန်မြန်ခေါင်းညိတ်ပြီး...

"အင်း...ဟုတ်တယ်၊ ဗိုက်လည်းဆာပြီ၊ နန်းကြီးသုပ် စားချင်တယ်"

စားချင်တဲ့မုန့်ပါ တစ်ခါတည်းဖြေသော ချစ်ဇနီးကို နေတောက်က ပြုံးချင်သည်။

တစ်ခါတစ်ခါ ကလေးလိုပါပဲ။ ဘယ်လိုကောင်မလေး မှန်းမသိ။

"အိုကေ...ဒါဆိုလည်း ဘရိတ်ဖတ်စ် စားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူက လျှောလျှောရှူရှူ လိုက်လျှော သည်။ ကြည့်ရတာ ကိုတောက်လည်း ဗိုက်ဆာနေပြီထင်သည်။

ဒါပေမဲ့ သူက တော်ရုံတန်ရုံဆို 'ဆာတယ်'ဟု မပြော။ နဒီကသာ 'ဆာပြီ'ဟု အော်တတ်တာ။

လမ်းနံဘေးက ဆိုင်လှလှလေးထဲ နဒီ အရင်ပြေးဝင် လိုက်သည်။

စားပွဲနေရာကောင်းကောင်း ဦးရမယ်လေ။

ကောင်လေးအုပ်စုရှေ့ကနေ နဒီက မျက်နှာစာစားပွဲကို ပြေးဦး၍ ထိုင်ခုံမှာ မြန်မြန်ထိုင်ချသည်။

ကိုတောက်ကတော့ ဣန္ဒြေမရလှသည့် နဒီ လုပ်ရပ်နှင့် အပြုအမူကို သိပ်မကြိုက်သလို မျက်မှောင်ကုပ်နှင့် ကြည့်သည်။

"ကိုတောက်...လာ...ဒီမှာထိုင်"

နဒီက ကျောမှီပါသော ထိုင်ခုံကိုပါ ညွှန်ပြရသည်။

"ရပါတယ်ကွာ...ခဏလေးထိုင်တဲ့ကိစ္စပဲ"

"ခဏလေးလည်းပဲ ကောင်းကောင်းမွန်မွန်နေရာပဲ ထိုင်





ချင်တာပေါ့"

လူများသဖြင့် နဒီက စားပွဲထိုးကို လှတ်ခနဲ လှမ်းခေါ်လိုက် သည်။ ကိုတောက်ခေါ်ပေးတာ မစောင့်ပါ။ နဒီမှ စိတ်မရှည်ပဲ။

"ဟဲ့...ဒီကိုအရင်လာစမ်းပါ"

စားပွဲထိုးကောင်လေးရဲ့ လက်မောင်းအင်္ကျီစကိုပါ ဆွဲရ၏။

ကောင်လေးက ဒီတော့မှ ရယ်ကျဲကျဲနှင့် အနားမှာရပ်သွား သည်။

"ဘာစားမလဲ အစ်မ"

"နန်းကြီးဝမ်း၊ နက်စ်ဝမ်း၊ ကိုရော...ကိုဘာစားမလဲ"

နဒီက မြန်မြန်မှာပေးသည်။

ဒီမှာက သူထိုင်နေကျ ရက်စတော့ရင့်ကြီးတွေမှာလို အိုက် င်တခွဲသားနှင့် လုပ်နေလို့မရ။ စားချင်တာ မြန်မြန်မှာမှ။ မနက် း လူကကျသည်။ စားပွဲထိုးက ဆယ်ယောက်မပြည့်။ စားပွဲဝိုင်း က အပြင်ရောအတွင်းပါ ဝိုင်းနှစ်ဆယ်မကဘူးလေ။ ဘယ်နိုင် ့မလဲ။ ရှေ့ကဝင်လာတဲ့သူက မမှာရသေးခင် နောက်မှဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေက စားနေပြီ။

ထို့ကြောင့် နဒီက အချိန်ကုန်မခံနိုင်။ နောက်ကလူကို လည်း အစောင့်မခံနိုင်။ ကိုတောက်ကတော့ ဒါကို မိန်းကလေး တန်မဲ့ ရှေ့ကိုကျော်တက်ပြီး နေရာတကာ ဆရာမကြီးပုံဖမ်းတယ် ဟု မြင်ချင်မြင်လိမ့်မည်။

အမှန်က ထိုသို့မဟုတ်ပါ။

"ကလေးဘာစားချင်လဲ…အုန်းနို့ခေါက်ဆွဲလား"

"ဟင့်အင်း"

"ပုစွန်ဖက်ထုပ်လား"

ကောင်မလေးက ပဲခပ်များများနှင့် ခေါက်ဆွဲသာယမ်းသည်။

ချစ်သူစုံတွဲ ဖြစ်ဟန်တူပါသည်။ ကောင်လေးက ဒါစား မလားမေးလိုက်၊ ဟိုက ဟင့်အင်းလုပ်လိုက်၊ ခေါင်းယမ်းလိုက် နှင့်။ သူ အဲလို ဂျီးများနေတာနှင့်ပဲ ဆိုင်မှာရှိတဲ့ စားစရာတွေ ကုန်သွားမှာ မြင်ယောင်ပါသေးသည်။

နဒီက သူတို့စုံတွဲကိုကြည့်ပြီး စိတ်မရှည်။





တောက်ပကတော့ ဆံပင်လေးကွယ်ကာ ခေါင်းလေးယမ်း ကာ ချစ်သူရည်းစားကောင်လေးရဲ့ အမိန့်ကို နာယူလွယ်ပုံရသော ချစ်စရာမိန်းကလေးအားကြည့်ရင်း ကိုယ့်မိန်းမနှင့်တော့ တခြားစီ ပါလားဟု တွေးမိသည်။

"ပဲများလိုက်တာ လွန်ရော၊ အမြင်ကပ်စရာ"

"ရှူး…တိုးတိုး၊ ဘာတွေလျှောက်ပြောနေတာလဲ"

"အဲဒီနှစ်ယောက်ကြည့်ပြီး အသည်းယားနေတာ"

အလုပ်များသောစားပွဲထိုးလေးသည် ထိုစုံတွဲ၏ စားပွဲနံ ဘေးမှာရပ်ရင်း ခေါင်းကုတ်စိတ်ညစ်နေပါပြီ။

သူတို့ မုန့်တွေမှာတုန်းမှာ နဒီ့ဟန်းကန်ထဲက နှန်းကြီးသုပ် ပြောင်သွားပြီ။

ကော်ဖီနှင့် ကြက်သားပေါက်စီကို ဆက်စားရင်း ဟိုဖက် က မလှုပ်တလှုပ် စုံတွဲကို မကြည့်တော့ပါ။

နဒီတို့နှစ်ယောက် ဆိုင်ထဲက ထွက်လာချိန်မှာ လမ်းပေါ် ဖြတ်သွားသော ဂျစ်ကားတစ်စီးက…



www.burmeseclassic.com

www.burmeseclassic.com



"ဟော...နဒီ"

တောက်ပ ကြည့်လိုက်တော့ အလှဆင်ထားသော ဂျစ်ကားအဝါရောင်ပေါ် ကောင်ကလေးအုပ်စုငါးယောက်ခန့် တွေ့ရသည်။

မိန်းကလေးရယ်လို့ ဘယ်သူမှမပါ။

ဂျစ်ကားက သူတို့ကိုလွန်ပြီး ရှေ့ဆယ်ကိုက်လောက်မှာ တုန့်ရပ်သွားသည်။

"ဟဲ့...အားမိန် ဘေးချရပ်၊ နောက်ကကားတွေ ဆဲလိမ့်မယ်"

ကောင်လေးလေးယောက် ခုန်ဆင်းလာသည်။

မောင်းတဲ့သူက သူ့ကားကို လမ်းနံဘေးသို့ ကပ်နိုင်သမျှ ကပ်ပြီးရပ်လိုက်သည်။

"နဒီ...နေမင်းကြီးကိုမော့ကြည့်စမ်း၊ ဒီအချိန် နေထွက်တာ နင်မြင်ဖူးလို့လား"

"ဩော်...နေကိုသွားကြည့်ရင် မျက်စိစူးမှာပေါ့၊ နင်





မော့ကြည့်တော့"

နဒီမိတ်ဆွေ အပေါင်းအသင်းတွေက ယောကျ်ားလေးတွေ ပဲများသည်။ သူမ အဝတ်အစားဝတ်ရင်သာ မြန်မာဆန်ပေမယ့် စိတ်ဓါတ်ကတော့ မိန်းမဆန်ချေ။

သူမရဲ့ ယှန်းချိုကျောင်းဆင်း သူငယ်ချင်းများကို တောက်ပ တွေ့ဖူးပေမယ့် အကုန်လုံးကိုတော့ မမှတ်မိချေ။

နဒီက သူနှင့်တစ်ခါ မိတ်ဆက်ပေးပေမယ့် သူက ဇနီးရဲ့ သူငယ်ချင်းကောင်လေးတွေကို စိတ်ထဲမှာ သိပ်ကြည့်လို့မရ။

ထို့ကြောင့် ခပ်တန်းတန်းသာ ဖြစ်နေသည်။ စိုးကြီး၊ ကိုပေါက်၊ အားမိန်၊ သူရတို့ တစ်ဖွဲ့ကြီးနှင့် နဒီက ဂျစ်ကားအနီး မှာရပ်ပြီး အားပါးတရ စကားတွေဖောင်ဖောင်ကျဲနေသည်။

မတွေ့ရတာလည်း မဟုတ်။

သူတို့ဖွင့်ထားတဲ့ ရန်ကင်းထဲက (Art Gallery) အတ်ဂယ် လာရီလေးမှာ အမြဲလိုလို ဆုံတွေ့နေကြကို။

"ဘာလဲ...နင့်ယောကျ်ားကိုစိတ်မချလို့ လိုက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ပျော်တယ်မှိလား"

"အံမယ်…သူ့ကိုများ"

"နှင့်ယောက်ျားက မိုက်တယ်၊ ကြည့်ပါလား ဘောလုံးသမားရုပ်မျိုးဟ"

နဒီ လှည့်ကြည့်တော့ ကိုတောက်က မျက်နှာရှုတင်းတင်းနှင့် ဟိုဖက်လှည့်နေတာ တွေ့ရသည်။

စိုးကြီးတို့ သူ့ရတို့ကို သူဘယ်တော့မှ ဖော်ဖော်ရွေရွေ ပြုံးပြုံးရွှင်ရွှင် မဆက်ဆံပါ။ မျက်နှာထားတင်းတင်းနှင့် တစ်ချက်လောက်သာ ပြုံးပြနှုတ်ဆက်တတ်သည်။

ဒီယောက်ျားက အခုမှယူတာ ဘာမှမကြာသေး။ ဒီသူငယ်ချင်းတွေက နဒီပေါင်းလာတာ အလယ်တန်းကျောင်းသူဘဝကတည်းက။

သူ့ထက်တောင် တရင်းတနှီး ပြောရဲဆိုရဲသေးတာအမှန်။ ကိုတောက် ကြည့်မရဘူးဆိုလည်း မတတ်နိုင်။

"ငါတို့ (Xebec)စီးဘက်ကို ကျုတော့ နှင်တစ်ခါ





စောစော ရောက်မလာပါလား နဒီ၊ အခု နှင့်ယောက်ျားနဲ့ကျတော့ အိပ်ရေးမပျက်တော့ဘူးပေါ့"

"ဟေ့ကောင်…အားမိန့်၊ ဘာတွေလျှောက်ပြောနေတာလဲ"

"နဒီ့ကို ကိုတောက်အတင်းနှိုးလို့ လမ်းလျှောက်ဖြစ်တာပါ၊ ငါက ဒီလောက်ကြီး ကျန်းမာရေးလိုက်စားစရာမလိုဘူး၊ ခေါင်ခေါင်မြည်ပြီးသား"

"ခေါင်ခေါင်မြည်တယ်ဆိုတာ ခေါင်းခေါက်ရင်ပြောတာလား"

"စိုးကြီးနော်…နှင်"

"ဟေ့ကောင် စကားကို လိုရင်းမပြောဘူး၊ နဒီ နှင်စောစောလာခဲ့ဦး၊ ပါတီတက်ပြပွဲအတွက် ဆွေးဆိုးရမယ့်ဟာတွေ ရှိသေးတယ်၊ အဲဒါ ငါတို့မရဘူး"

"အောင်မာ…အပျင်းထူပြီး နဒီ့ပဲ ဖိနှိုင်းနေတယ်၊ မရဘူး နှင်တို့ပါ ဆွေးဝိုင်းဆိုးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဖယောင်းသွင်းပေးထားပြီးပြီလေ"

သူတို့သည် ပြခန်းအပြင်ဖက်မှာဆို ကလေးတွေလိုပင် အလုပ်ကို တွက်ကပ်တွက်ချက်ကြတာ။

Fine Art နှင့် ကျောင်းဆင်းခဲ့သော နဒီကို သူတို့က နိုင်းဖို့၊ အကူအညီတောင်းဖို့ပဲ စဉ်းစားနေကြတာ။

"နဒီ…နင့်လူကြီးကိုခေါ်လေ၊ ဆိုင်တစ်ခုခုထိုင်ရအောင်"

"မထိုင်တော့ဘူး သူရ၊ ငါတို့စားပြီးပြီ၊ ပြန်တော့မှာ ကားမပါဘူးဟ၊ လမ်းလျှောက်ရမှာ"

"နဒီက လမ်းလျှောက်ထွက်လာတာမဟုတ်ဘူးလား"

"ဟုတ်တော့ဟုတ်တယ်…ဒါပေမယ့် ဗိုက်လေးသွားရင် မလျှောက်ချင်တော့ဘူး"

"ဒါဆို ငါတို့လိုက်ပို့ပေးရမလား"

"နေပါစေဟယ်…နီးနီးလေးပဲ"

နဒီတို့အိမ်က မင်္ဂလာတောင်ညွန့်ထဲမှာမို့ ကန်တော်ကြီး ကရဝိက်နှင့် အမြန်းစပ်နေပါသည်။





နဒီလှိုင်းပြာက သူတို့နှင့် မြန်မြန်စကားဖြတ်ရသည်။ တော်ကြာ ရပ်စောင့်နေရသည့် လင်တော်မောင်က စိတ်မရှည်မှာ စိုးရသည်မဟုတ်လား။

"နေ့လယ်မှတွေ့မယ်နော်…တာ့တာ"

လက်ကလေးလှုပ်ယမ်းကာ တာ့တာလုပ်ပြီးတာနှင့် နဒီက ကိုတောက်ထံ ပြန်လျှောက်လာသည်။

"ပြီးပြီလား"

"ဟင်"

"ပြောစရာတွေကုန်ပြီလားလို့ပါ"

"အို…ကုန်တော့ဘယ်ကုန်ပါ့မလဲ"

"ဒါဆို အိမ်ထိခေါ်ခဲ့လေ"

"ကိုတောက်နော်"

သူမက တောက်ပကို မျက်စောင်းရွယ်လိုက်သည်။

ယောကျ်ားလေးတွေနှင့် စကားပြောဆိုနေပြီဆိုရင် ကိုတောက်မျက်နှာက စူပုတ်တင်းမာနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သူ့အကို ချစ်တာလို့ဖြင့် မထင်ပါ။

သဝန်တိုတယ်ဆိုရင်တောင် သူ့ကိုယ်သူချစ်တာပဲ ဖြစ်မှာ ပါ။

"နောက်ရက် လမ်းလျှောက်ရင် ကားယူလာကွာ"

"ဟ…လမ်းလျှောက်ချင်လို့ပါဆိုမှ နဒီရာ"

"အပြန်ကျရင် နေပူပြီ၊ မောပြီ"

"နေကမပူပါဘူးကွာ၊ နွေးရုံလေးပါ၊ သူများတွေ နေပူ ဆာတောင်လှုံနေကြတာ မတွေ့ဘူးလား"

"မသိဘူး…နဒီကတော့ နေပူမိရင် ခေါင်းကိုက်တာပဲ သိတယ်"

နေရောင်ကိုကြောက်သူနှင့် နေတောက်ပဆိုသော လူတစ်ယောက်ဟာ တစ်နေရာမှာ ဆုံစည်းမိကြသည်။ ဖူးစာဆုံ ကြသည်။

နေတောက်ပနှင့် ခင်နဒီလှိုင်းပြာတို့သည် ယခင်က တစ်ဦး ကိုတစ်ဦး မြင်ဖူးကြတာပင်မဟုတ်။ တစ်ယောက်တစ်နေရာစီ





ရှင်သန်ကြီးပြင်းလာရင်းက လွန်ခဲ့သောနှစ်ရဲ့ ဆောင်းတွင်းတစ်ခုမှာ မမျှော်လင့်ဘဲ တွေ့ခွင့်ရခဲ့ကြတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

နေတောက်ပ၏မိခင် ဒေါ်နီလာနှင့် ခင်နဒီလှိုင်းပြာရဲ့ အမေ ဒေါ်မိုးသဇင်တို့မှာ ငယ်စဉ်က အလွန်ချစ်ခင်ရင်းနှီးသည့် သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။

အိမ်ထောင်ကိုယ်စီကျပြီး ကလေးကိုယ်စီရမှ အနေဝေးကာ ကွဲကွာသွားကြခြင်းဖြစ်သည်။

ဒေါ်နီလာက သားဖြစ်သူ နေတောက်ပကိုခေါ်ပြီး ခင်ပွန်းသည် အလုပ်ရှိရာ နိုင်ငံရပ်ခြား တိုင်းပြည်တွေမှာ လိုက်လံနေထိုင်ခဲ့သည်။

သူကြီးကြီးဖြစ်သူ ပုလဲခင်ကလည်း တူလေးနေတောက်ကို မခွဲနိုင်သဖြင့် နီလာတို့မိသားစုနှင့် အတူ ဟိုမှာပဲလိုက်နေခဲ့၏။

ကြီးကြီးပုလဲ စိုးရိမ်သည်မှာ သူ့တူလေးနေတောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဘိုခေါ၊ ဂျပန်မတွေနှင့် နီးစပ်သွားမှာကိုပင် ဖြစ်သည်။

နေတောက် ဘွဲ့ရလို့ ရန်ကုန်ပြန်ခဲ့ရတော့ ကြီးကြီးပုလဲက အပျော်ဆုံးဖြစ်သည်။

မာမီနှင့် တတွတ်တွတ်တိုင်ပင်နေသမျှသည် နေတောက်ကို အိမ်ထောင်မြန်မြန်ချပေးရေးပင်။

တစ်ဦးတည်းသော သားကလေးမို့ မာမီက နေတောက်ကို လိုလေသေးမရှိ အရာအားလုံး ဖြည့်ဆည်းပေးခဲ့သည်။

နေတောက်ပတ၀မှာ စည်းစနစ်တကျ နေရပေမဲ့ ပင်ပန်းခက်ခဲတယ် ဆိုတာ ဘာဆိုဘာမှမရှိခဲ့ပါ။ ညီအစ်ကိုမောင်နှမ မရှိတာတစ်ခုကိုပဲ အထီးကျန်ဆန်သည်ဟု သူထင်သည်။

ထို့ကြောင့် သူအိမ်ထောင်ပြုဖြစ်ရင်တော့ သားသမီးများများယူဖို့ နေတောက်ပက စဉ်းစားစိတ်ကူးထားသည်။

ရန်ကုန်ပြန်ရောက်ပြီး သိပ်မကြာခင်မှာ သူ့အမေနှင့် နန္ဒီအမေတို့ ကွဲကွာနေရာမှ ပြန်ဆုံကြသည်။





သားနှင့်သမီး အရွယ်ရောက်ချိန်ကျမှ ဒီလိုနှစ်ယောက်သား ပြန်တွေ့ကြရတာဟာ မျှော်လင့်ချက်တစ်ခုကို ပြည့်စေဖို့ပဲ မဟုတ်လား။

သူကလည်း နီလာ့သားကိုတွေ့ပြီး သဘောကျ။

နီလာကလည်း သူ့သမီးကို သဘောကျဆိုတော့ ဘာလိုသေးလဲပေါ့။ မျက်လုံးလေးပင့်ပြတာနှင့် အချင်းချင်းတွေ အဓိပ္ပါယ်ပေါက်နေကြပြီ။

နှုတ်ကတောင် ဖွင့်ပြောစဝ်ဟပ်ဖို့ မလိုတော့။

တစ်ဦးရဲ့ဆန္ဒကို နောက်တစ်ဦးက ထပ်တူညီကျေနပ်စွာနှင့် အမေချင်းက သဘောတူကြည်ဖြူကြသည်။

ထိုကိစ္စကို အကောင်အထည်ဖော်ဖို့ တိုင်ပင်ကြသည်။

အရင်ဦးစွာ တစ်ယောက်နှင့်တစ်ယောက် ထမင်းဖိတ်ကျွေးကြသည်။

"သားရေ ··မာမီတို့ကို အန်တီသဇင်က ဒီနေ့ညစာ ထမင်းစားဖိတ်ထားတယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ…သမီးအန်တီနီလာက သမီးအတွက် လက်ဆောင်တွေ အများကြီးဝယ်ပေးလိုက်တယ်၊ သမီးကြိုက်တဲ့ ဖန်စီကလစ်တွေရော၊ နားကပ်တွေရော၊ ဒီမှာလာကြည့်ပါဦး…"

လူကြီးတွေရဲ့ အကြံအစည်စိတ်ကူးကို နေတောက်ပနှင့် နဒီလှိုင်းပြာတို့ကလည်း ရိပ်မိကြသည်။ သဘောပေါက်ကြသည်။

ဒါပေမယ့် သူတို့အချင်းချင်း သိပ်စကားမပြောဖြစ်ကြသဖြင့် အမေနှစ်ယောက်က တစ်မျိုးစီစဉ်ပြန်သည်။

ခေတ်မီသော အန်တီနီလာက မိသားစုချင်းဆုံလျက် ခြံထဲမှာ (gathering) ပါတီသဘောမျိုး ပွဲလေးတစ်ခုစီစဉ်ပေးသည်။

ဘာဘီကျူပွဲလေးပါသည်။

ကိုယ်တိုင် အသားကင်နိုင်ရန် မီးဖိုလေးတွေပါ သေချာပြင်ဆင်ပေးထားသည်။

နေတောက်က ဂါဝန်နက်ပြာလေးနှင့် ပုလဲဘီးကုပ်လေးတပ်ထားသော သူမကို ခပ်ငေးငေးကြည့်ရင်း ထိုညကစ၍ စိတ်လှုပ်ရှားသွားမိသည်။





သူနှင့်စကားပြောရမှာ နဒီကလည်း ရှက်ရွံ့နေမိသည်။

အန်တီနီလာရဲ့သားက လူချောတစ်ယောက်ပါ။ ဒါပေမယ့် အကြည့်က ရဲတင်းလွန်းသည်။

နိုင်ငံရပ်ခြားမှာ နေထိုင်ခဲ့သူမို့လားတော့ မသိပါ။

နဒီမှာ ယောကျ်ားလေးသူငယ်ချင်းတွေ အများကြီးရှိပေမယ့် နဒီကို ဒီလို ခေါင်းမှခြေဖျားတိုင် စေ့စေ့စပ်စပ် စူးစိုက်ကြည့်တာမျိုး မကြုံဘူး။

ထိုညက လလည်းသာနေသည်။ ခြံထဲမှာလည်း မီးပွင့်ဆိုင်စုံတို့ သွယ်တန်းထားသည်။ သစ်ပင်ပန်းပင်တွေမှာလည်း မီးပွင့်သေးသေးလေးများဖြင့် လင်းဖြာနေတာ စိတ်ကြည်နူးစရာပါ။

သူ့အကြည့်မှာ နဒီ တစ်ချက်တော့ ရင်ဖိုသွားသည်။ ဒါပေမယ့် မျက်လွှာချပြီး အရှုံးမပေးချင်။ သူ့ကို တန်ပြန်စိုက်ကြည့်လိုက်သည်။

"သမီး…လာလေ ဒီမှာ သားကတစ်ယောက်တည်းဖြစ်နေတာ၊ ရန်ကုန်ပြန်ရောက်တာ သိပ်မကြာသေးတော့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့လည်း အဆက်ပြတ်နေတယ်၊ အဲဒါ သမီးကို သူငယ်ချင်း လုပ်ပေးလို့ ပြောနေတာ"

သူက နဒီကို ပြုံးတုံ့တုံ့နှင့်သာ ငေးကြည့်နေ၏။

"သားကလည်း နဒီလေးကို ခင်ခင်မင်မင်နဲ့ ဖေးမစောင့်ရှောက်ရမယ်နော်"

"ဟုတ်ကဲ့ပါဗျာ"

သူပြောပုံက နောက်ရွတ်ရွတ်လိုလိုဖြစ်ပေမယ့် မီးရောင်ဖျော့ဖျော့အောက်မှာ သူ့အပြုံးက လှိုက်လှဲနွေးထွေးနေတာတော့ အမှန်။

အန်တီနီလာက စကားပြောနှင့်ဦးဟုဆိုကာ မေမေ့ဆီ သွားလျှင် သူက နဒီ့ကို…

"အသားကင်သွားစားရအောင်…လာ"

သူက တရင်းတနှီးပုံစံနှင့် နဒီ့လက်ကောက်ဝတ်ကို ဆတ်ခနဲ ဆွဲခေါ်သည်။

"အို…နေပါဦး"





လူကပါသွားမိပေမယ့် နှုတ်က တွန့်ဆုတ်စွာ ဟန့်တားမိသည်။

"အသားကင်မကြိုက်ဘူးလား"

"ကြိုက်ပါတယ်"

နဒီက ပြောရင်း လက်ကလေးကို မသိမသာ ရုန်းမိသည်။ သူက မသိယောင်ဆောင်ကာ လွှတ်မပေး။

သူ့မှာမီ ခင်းပေးသောလမ်းကို ဒီတစ်ခါ နဲ့တောက်ပ တော့နေပ်မိသည်။

ခင်နဒီလှိုင်းပြာဆိုသော မိန်းကလေးကို သူသဘောကျမိသည်။ ဘာကြောင့်ဟုတော့ မပြောတတ်။

လက်ကလေးကို လွှတ်မပေးချင်သဖြင့် ဆုပ်ကိုင်ထားမိသည်။ ရင်ထဲနွေးထွေးကာ ပြည့်စုံသောကျေနပ်မှုကိုရသည်။

နဒီသည် မျက်နှာလေး ထူပူရှက်ရွံ့နေမိကာ စိတ်လည်း သွပ်ရှားသွားသည်။

နဒီ ကျောင်းတက်တုန်းက တစ်ခါလား ရည်းစားခိုးထား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကြံပါတယ်၊ အမေက ဆူပူသဖြင့် အမြန်ပြန်ဖြတ်လိုက်ရတာပါ။

ထို့နောက် နဒီကလည်း ရည်းစားသန်ကိစ္စ မစဉ်းစားတော့။ မေမေကလည်း ဘာမှမတိုက်တွန်း။ အခု သူသူငယ်ချင်းအန်တီနီလာ့သားနှင့်ကျမှ နဒီကို မိတ်ဆက်ကျွမ်းဝင်စေလိုတာဖြစ်သည်။

ဒါကြောင့်ပဲ သူ့ကို နဒီ မငြင်းဆန်တာ။

တကယ်တော့ အချစ်ဆိုတာ ဘာမှန်းလဲ နဒီကိုယ်တိုင်သေချာမသိပါ။

"ကျွန်တော်က ဘီယာမကြိုက်ဘူး၊ ဝိုင်ပဲကြိုက်တယ်"

တုတ်နှင့်ထိုးကင်ထားသော အသားချောင်းကို ထောပတ်ထဲ လှိမ့်လိုက်ပြီးလျှင် သူက နဒီကို ကမ်းပေးသည်။

"နဒီရော ဘာကြိုက်လဲ"

"ကျွန်မက မုန့်ဟင်းခါး"

"ဟား...ဟား"

ရယ်စရာမရှိပါဘဲ နဒီဖြေတာကို သူရယ်သည်။





"ဘာရယ်တာလဲ"

"နဒီနဲ့ကျွန်တော်နဲ့ စိတ်ချင်းတိုက်ဆိုင်ဖို့ သိပ်မလွယ်ဘူးလို့ တွေးမိလို့ပါ၊ ဒါပေမယ့် ဒီကမ္ဘာမှာ အကြိုက်ချင်း၊ သဘောထားချင်း မတူဘဲနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်တဲ့သူတွေလည်း အများကြီးရှိနိုင်ပါတယ်"

ဘုရားရေ...သူ့စကားက ဘယ်လိုတုန်း။

လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလို့ ဆိုလိုချင်တာလား။

မဟုတ်သေးပါဘူး...နဒီတို့နှစ်ယောက် တွေ့တာပင် ဘာမှမကြာသေး၊ သိပ်စောနေမှာပေါ့။

အမေချင်းသာ ခင်ကြတာ။ သားနဲ့သမီးက အကျင့်စရိုက် အယူအဆချင်း တစ်လိုင်းစီဖြစ်နေတာပါ။

ဘယ်လိုလုပ်ပြီး ချက်ချင်းကြီး ဆွဲယူညှိနှိုင်းကြမှာလဲ၊ ဖြစ်နိုင်ပါဘူးနော်။

နဒီက ရင်တုန်ပန်းတုန်နှင့် သူ့ကို အလန့်တကြား မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အသားကင်ကို နှုတ်ခမ်းပိတ်လျက် ဝါးနေတာ အေးအေးလူလူရှိပါဘိ။

ရင်တုန်သွားမိသူက နဒီပါ။

နေတောက်သည် မိန်းကလေးတွေ အတော်များများနှင့် လက်တွဲလျှောက်ဖူးပါသည်။

သို့သော် ဒီတစ်ခါတွဲထားရတဲ့ လက်ကလေးကို သူ မဖြုတ်ချင်။

ဘာကြောင့်လဲဟု ဖြေရှင်းမပြချင်ပေမယ့် နဒီလှိုင်းပြာကို သူ ရုတ်တရက် ပိုင်ဆိုင်ချင်လာခဲ့သည်။

သူကသာစောင်းဆိုရင် နဒီကလည်း ငြင်းမှာမဟုတ်ဘူး ဟု သူထင်သည်။

သူတို့နှစ်ယောက်ကြားမှာ ပေါင်းကူးတံတားခင်းပေးမည့် လူကြီးမိဘတွေလည်း ရှိနေသည်။

ဘာလိုသေးလဲ . . ဒီတံတားပေါ် လျှောက်ရုံပေါ့။

မဟုတ်ဘူးလား . . ။ နဒီနှင့် နီးစပ်မှုရဖို့ တောက်ပ တစ်ခု





တစ်ရာ အခက်အခဲမရှိ။ ပင်ပင်ပန်းပန်းလည်း ကြိုးစားဖို့မလို။

ရုပ်ရှင်ကြည့်ချင်ရင်လည်း မာမီက နဒီ့အမေ့ဆီ ဖုန်းဆက်ပြီး သူတို့နှစ်ယောက် ရုပ်ရှင်အတူကြည့်နိုင်ဖို့ ကူညီစီစဉ်ပေးသည်။

"မင်္ဂလာရုံမှာ ကြည့်မလား၊ လက်မှတ်ကြိုဝယ်လိုက်လေ သား၊ ပြီးရင် နဒီလေးကို သွားခေါ်လိုက်ပေါ့၊ အဆင်ပြေပါတယ်"

မာမီက ဖုန်းနှင့် ရုပ်ရှင်လက်မှတ်ကို ကြိုတင်ဘွတ်ကင် လုပ်ပေးထားသဖြင့် သူတို့အတွက် အဆင်ပြေလွန်းသည်။

ရှော့ပင်နှံထွက်ချင်ရင်လည်း မာမီက နဒီပါအောင် ခေါ်လာပေးသည်။

သူ့ တဖြည်းဖြည်းနှင့် နဒီနှင့် နေ့တိုင်းတွေ့ချင်လာမိသည်။

နူးညံ့သော သူမလက်ဖဝါးလေးရဲ့ အထိအတွေ့ကို သတိရမိသည်။

"သားက တွေ့ချင်ရင် နဒီ့အိမ်ကိုသွားလေ၊ မာမီ လိုက်ပို့ ဆးရမလား"

"ဟာဗျာ . . အိမ်ကို ခဏခဏမသွားချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုလုပ်ချင်သလဲ"

ဖွင့်ဖွင့်လင်းလင်း ပြောရရင်ကော့ သူ နဒီနှင့် နီးစပ်ချင်ပြီ။ အကြာကြီးစောင့်ရမှာလည်း နေတောက်ပက စိတ်မရှည်။

"ခရီးအတူတူ ထွက်ချင်သလား၊ မာမီ သဖင့်ကို ပြောလိုက်မယ်လေ"

"သားညီနဲ့ တိုင်ပင်လိုက်ဦးမယ် မာမီ"

"အင်းလေ...သားက တွေဝေနေလို့ပါ၊ မာမီက စကားကမ်းလှမ်းလိုက်ချင်ပြီ"

"မာမီ...ကျွန်တော့်ကို နဒီနဲ့ ဘာလို့သဘောတူတာလဲ"

သူ ပြုံးစိစိနှင့်မေးလျှင် မာမီက...

"သြော်...သားရယ် မေးနေဖို့လိုသေးလား၊ အန်တီသဖင်ရဲ့ သမီးလေးဆိုတော့ အတွင်းသိ၊ အကြောင်းသိချင်း ခမည်းခမက်တော်ရမှာ၊ ဘယ်လောက်ဝမ်းသာစရာကောင်းသလဲ၊ လူငယ်ချင်းလည်း အဆင်ပြေသားပဲ မဟုတ်ဘူးလား၊ သားကလည်း နဒီလေးကို သဘောကျတာပဲ မဟုတ်ဘူးလား၊ ကဲ...ပြောစမ်းပါဦး"





"ကျွန်တော် သူ့အကြောင်းလည်းမသိဘူး၊ သူ့အကြိုက် သူ့သဘောလည်း ဘာမှမလေ့လာရသေးဘူး၊ ဒါပေမယ့် ကျွန်တော် နဒီကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ မာမီ"

"ဟယ်...တကယ် ဝမ်းသာလိုက်တာသားရယ်"

ဒေါ်နီလာခင်မှာ အမှန်ပင် ဝမ်းသာအဲလဲဖြစ်သွားရသည်။

အမေနှစ်ယောက်မှာ သားနှင့်သမီးတို့ အချိန်ဆွဲပြီး အင်း...အဲလုပ်နေမှာကို စိတ်ပူတာလေ။

အခုတော့ ဟန်ကျပြီ၊ မြန်မြန်လက်ထပ်ပေးလိုက်ရုံပေါ့။

နေတောက်ပသည် သူ့ဖက်က မိန်းကလေးတစ်ယောက်ကို ရည်းစားစကား စတင်ပြောဖို့ရာလည်း ဝန်လေးရှက်တွန့်နေမိတာအမှန်။

မာမို့အကူအညီတွေ အစီအစဉ်တွေနှင့်ပဲ မိန်းကလေးတစ်ယောက်ကို လက်ထပ်ခွင့်ရဖို့ သူ စိတ်စောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်က ဒရိုင်ဘာနှင့်သာ ပန်းချီခန်းကို လာတတ်သော နဒီက ထိုတစ်ရက်မှာ နေတောက်ပရဲ့ကားနှင့် လိုက်လာခဲ့တာကြောင့် သူငယ်ချင်းတွေက တအံ့တသြ စိတ်ဝင်စားသွားကြပါသည်။

"အဲဒါ ဘယ်သူလဲ၊ ညာမယ်မစဥ်းစားနဲ့နော် နဒီလှိုင်းပြာ၊ နင်က ငါတို့ကို ဗိုင်လှိုထားတာပေါ့၊ ဟုတ်လား၊ ရည်းစားရသွားပြီဆိုပါတော့"

နဒီလှိုင်းပြာက ရယ်ကျဲကျဲလေးနှင့် မျက်နှာမထားတတ်သလို ဖြစ်သွားပြီးလျှင်…

"မဟုတ်ပါဘူးနော်…ရည်းစားမဟုတ်ရပါဘူး"

"ဒါဆို သူကဘယ်သူလဲ၊ နင့်ရဲ့အစ်ကိုလား၊ ဖြီးဖို့မကြံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချော် ငါတို့ အနံ့ကြီးသစင်နဲ့ တိုင်ပြောလိုက်မှာ"

"တိုင်လေ...တိုင်ပေါ့၊ ခုချက်ချင်း ဖုန်းဆက်တိုင်လိုက် စမ်းပါ"

နဒီက အပြုံးမပျက်ချေ။

ဒါကိုထောက်ရင် သူ့အမေလည်း သိပြီးသားဖြစ်မှာ။

"ဟင်း...ဟင်း အဲဒါ မေမေ့သူငယ်ချင်းရဲ့သားပဲ"

"ဒါဆို မားသားချိုက်ပေါ့"

သူရက ချက်ချင်းသဘောပေါက်သည်။

အားလုံးက သူမမျက်နှာကို ဝိုင်းဝန်းအကဲခတ်ကာ အလွန် စိတ်ဝင်စားသွားကြသည်။

နဒီလှိုင်းပြာလို ခေတ်ရဲ့သမီးပျို ပန်းချီဆရာမလေးက အိမ်ကစီစဉ်ပေးတဲ့ ခင်ပွန်းလောင်းကို လက်ခံလိုက်ပြီဆိုတော့ သူတို့ စိတ်ထဲ တစ်မျိုးတမည်လည်း ဖြစ်သွားရပါသည်။

ခင်မင်ဖို့ကောင်းတဲ့ ပွင့်ပွင့်လင်းလင်းကောင်မလေးပါ။

"အင်း"





"နင်လက်ခံလိုက်ပြီလား"

"စဉ်းစားတုန်း...စကားပြောကြည့်တုန်းပါ"

"ဟုတ်လား...ဘာတွေပြောတာလဲ၊ ငါတို့လည်း နားထောင်ချင်တယ်"

"သွား...မသိဘူး"

နဒီက ရှက်ရယ်လေး ရယ်လိုက်၏။

"မိတ်ဆက်ပေးလေကွာ"

"အင်းပါ"

"ဒီတိုင်းတော့မရဘူး၊ ဝမ်းတေဘယ်လိန့်မှ"

"အစုစောပါသေးတယ်၊ နောက်မှလာမှပေါ့ဟဲ့"

"နင့်လူက မဆိုးဘူး၊ အီတလီဘောလုံးသမား တစ်ယောက်နဲ့တူတယ်"

"မဟုတ်ပါဘူးကွာ...မင်းကလည်း မန်ယူက 'ခရစ္စတီ ယာနိုရော်နာဒို'နဲ့ ဆင်တာပါ"

ဘောလုံးဝါသနာအိုးကြီး ကိုပေါက်က ဖြည့်စွက်၏။



www.burmeseclassic.com

www.burmeseclassic.com



နဒီကတော့ သူဘယ်သူနဲ့တူသလဲ စိတ်မဝင်စားပါ။

သူမှာ ခရေစီဖြစ်တဲ့ ဘောလုံးသမားတို့၊ ရုပ်ရှင်မင်းသား အဆိုတော်တို့လည်း မရှိဘူးလေ။

သူနှင့်နဒီတို့ အဆင်ပြေနိုင်မလားဆိုတာပဲ စဉ်းစားစရာရှိသည်။

သင်းက ရည်းစားစကားကို အောက်ကျို့ခံပြီး ပြောချင်တာမဟုတ်။

လက်ထပ်ခွင့်တောင်းတာတောင်မှ နဒီမေမေဆီကတစ်ဆင့် ခွင့်ပန်တာဖြစ်သည်။

နဒီ့ရင်ထဲ သိပ်အလိုမကျသော်လည်း သူ့ကို ငြင်းပယ်ရလောက်အောင်လည်း သူ့အပြုအမူက ဆိုးရွားနေတာမဟုတ်ပါ။

အားမိန်က နဒီလှိုင်းပြာကို သေချာစိုက်ကြည့်နေမိသည်။ အခုတော့ သူတို့အုပ်စုထဲ ထိုမိန်းကလေးကို ဘယ်သူကမှ စိတ်ကူးယဉ်ခွင့်မရှိတော့ဘူးပေါ့။

အရင်ကဆို နဒီ့ကြွယ်ရာမှာ သူတို့ တစ်ယောက်နှင့်





တစ်ယောက် စနောက်ကြ မြှောက်ပေးကြနှင့် တကယ်တမ်း ဘယ်သူကမှလည်း အတည်တကျ မလှုပ်ရှားကြပါ။

သူငယ်ချင်းတွေ ဖြစ်နေတော့လည်း မရိုးမသားစကားစဖို့ ခက်သည်လေ။

အခုမှ ကိုယ်စီရင်ထဲ နမြောသွားကြသည်။

နဒီက မထင်မှတ်တဲ့အချိန်မှာ မြန်းစားဒိုင်းစားကြီး သူတို့ရှေ့မှောက်ကို သူစိမ်းယောကျ်ားတစ်ယောက်နှင့်အတူ ယှဉ်တွဲကာ ရောက်လာမှတော့ ဒီဇာတ်လမ်းက ရှင်းသွားပြီပေါ့။

ဘာများထပ်ပြောစရာ ရှိဦးမှာလဲ။

မိဘက သဘောတူကြည်ဖြူပါတယ်ဆိုတော့ နောက်ထပ်တစ်ထပ်ပင် ကာထားပြီးသလို ဖြစ်သွားရသည်။

နဒီ့မျက်လုံးလေး သူ့ဖက်ရွေ့လာလျှင် အားမိန်က သူကြည့်နေတာ မဟုတ်သလို မျက်နှာလွှဲလိုက်သည်။

"နဒီ အိမ်ထောင်ပြုသွားလည်း နင်တို့နဲ့မခွဲပါဘူး၊ ဒီအလုပ်ကို ဆက်လုပ်သွားမှာပါ၊ နဒီက ပန်းချီမဆွဲရရင်ကို မနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့လူ၊ အဲဒါ ကိုနေတောက်ကိုတောင် ပြောထားရတယ်"

နဒီ ဝါသနာနှင့် အလုပ်သဘောကို သူနားလည်အောင် အခုမှစပြီး ရှင်းပြရတုန်းပါ။

"ကိုနေတောက် ဟုတ်လား၊ နင်ခေါ်တော့ ဘယ်လိုလဲ ကိုနေလား၊ ကိုတောက်လား"

သူ့ကို စနေသဖြင့် နဒီ ရှက်သွားရသည်။

သို့သော် မရှက်သလို မျက်နှာထားကိုပြင်ရင်း…

"မောင်ရေ…မောင်ရေ"လို့ခေါ်တာ သိပြီလား"ဟု ရွှဲပြောပစ်ခဲ့ကာ ရုံးခန်းလေးထဲ ဝင်လာခဲ့သည်။

သူတို့ရယ်သံတွေက နဒီ့ဆီ ကပ်ပါလာသေး၏။

နဒီရဲ့ 'မောင်ရေ…မောင်ရေ'ဆိုတဲ့ ရွှဲပြောသံက သူတို့ နားထဲ ပိုးကောင်ဝင်သလို ယားကျိကျိဖြစ်စေသည်လေ။

"အခုတော့သွားပြီ၊ သူများနောက်ပါသွားပြီ"

သူရက တီးတိုးလှောင်သည်။ နဒီ မကြားအောင် အသံ က ခပ်အုပ်အုပ်နှင့်။ နှုတ်ခမ်းကို လက်နှင့်ပင်ကွယ်ထားသေး၏။





"မပါသေးပါဘူးကွာ"

"လက်တကမ်းပဲလိုတယ်ကွ"

"ဒီလောက်လည်း စိတ်မလျှော့ပါနဲ့ ငါ့တူရယ်"

"ဩော်…လက်စသတ်တော့ မင်းက ငါ့ကြီးဒေါ်ကို [illegible]နေတာကိုး၊ အသက်ငါးဆယ်ဆိုပေမယ့် ချောပါသေးတယ်"

"သေလိုက်ပါလား"

သူတို့ တစ်ယောက်တစ်ပေါက် ကြိတ်စရင်း လက်သီးပုံ [illegible] ဦးထုပ်ပုံတွေနှင့် ရှပ်ယှက်ခတ်သွားရပါသည်။

သူတို့အုပ်စုသည် ပန်းချီခန်းထဲ ရောက်လာပေမယ့် စာသင် [illegible]ကနေ အတူတူလာခဲ့ကြသူတွေဆိုတော့ တစ်ယောက်နှင့် [illegible]ယောက် ပြောမနာဆိုမနာတွေပါ။

အချင်းချင်း စိတ်တိုရင်း ဆဲတောင်ဆဲကြတာ။

နဒီတစ်ယောက်ကိုသာ မိန်းကလေးမို့ သက်သက်ညာညာ [illegible]ဦးစားဆက်ဆံတာဖြစ်သည်။

သူတို့အုပ်စုသည် ရယ်ကာမောကာ နောက်ပြောင်ကာနှင့်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတို့ ပေါ့ပေါ့ပါးပါးပဲ သဘောထားလိုက်ကြသည်။

ကွယ်ရာမှ စတာနောက်တာ မြှောက်ပေးတာ၊ ကျိပ်[illegible] တာတွေလည်း မလုပ်ဖြစ်ကြတော့ပါ။

အားလုံး တိတ်တိတ်ဆိတ်ဆိတ်နှင့် ရှဲသွားကြသည်။

နောက်ပိုင်း နဒီလှိုင်းပြာကလည်း သူတို့အုပ်စုကို အ[illegible] လို အချိန်မပေးနိုင်တော့ပါ။ သူတို့ရဲ့ (Art Gallery)လေးမှာ[illegible] ဆုံကြသည်။

တစ်စတစ်စ ဝေးကွာစိမ်းသက်သွားသည်ဟု ခံစာ[illegible] သည်။



နေတောက်ပက တစ်ရက်မှာ ခင်နဒီလှိုင်းပြာကို ချိန်းဆို[illegible] ကဗျာဆန်သော ကော်ဖီဆိုင်လေးထဲမှာ ကိုရီးယားရုပ်ရှင်[illegible]တ်လမ်းတွဲ တွေထဲကလို စိန်လက်စွပ်လေးထုတ်ပေးပြီး [illegible]က်ထပ်ခွင့်တောင်းတာမို့ နဒီ အံ့ဩဝမ်းသာပြီး ရယ်ချင်နေခဲ့ရ[illegible]သည်။

တွေ့တာမကြာသေးပေမဲ့ သူ့ဖက်က တလေးတနက်[illegible]ခွင့်ပန်တော့လည်း မိန်းကလေးပီပီ ဝမ်းမြောက်ပီတီ ဖြစ်မိတာ[illegible]ပါလေ။

ရင်ခုန်သာယာမိတာပေါ့။

"ကိုယ်တို့ကို လူကြီးမိဘတွေက သဘောတူကြည်ဖြူ[illegible]ဆိုပေမယ့် နဒီကိုယ်တိုင်လည်း နှစ်သက်လက်ခံတာမျိုး ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ ဒါကြောင့် ကိုယ့်ရဲ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို ပထမဦးဆုံး တန်ဖိုးထားပြီး လက်ထပ်ခွင့်ပေးပါလို့ တောင်းဆိုတာ ပါ''

သူ့စကားကြောင့် မျက်နှာလေးပူနွေးကာ ရင်တဖျပ်ဖျ ခုန်သွားရသည်။

တခြားမိန်းကလေးတွေရော ချစ်ခွင့်တောင်းခံရတဲ့အခို မှာ ဒီလိုပဲ စိတ်လှုပ်ရှားဖို့နွေးတတ်ကြသလား။

နဒီတော့ နေတောက်ပကို ထိုညက မကြည့်ရဲအောင် ဖြစ်နေမိတာအမှန်။

နေတောက်သည် အမှန်တော့ မာမီတိုက်တွန်းမှုန ကိုယ်တိုင်ဖွင့်ပြောဖြစ်တာပါ။

သူ့စိတ်ထဲမှာ ဒီမိန်းကလေးကို ပိုင်ဆိုင်ချင်မိပေမယ့် သူ မာနလည်းမချချင်။

လူကြီးတွေမှတစ်ဆင့်ပဲ ပြောချင်ခဲ့တာ။

အထူးသဖြင့် သူ့ကို အရာရာ ရှေ့က စီစဉ်ပေးတတ်သော





မာမီရဲ့ အကူအညီနှင့်သာ မိန်းမယူဖို့ ရည်ရွယ်လိုက်တာ။

''သားနဲ့နဒီက မရင်းနှီးခဲ့တော့ သားသဘောကို သူနား သည်ပါမလား၊ တော်ကြာ တစ်မျိုးထင်နေပါမယ်၊ သားကိုယ်တိုင် ရင်ဆိုင်ပြီး ပွင့်ပွင့်လင်းလင်း ပြောတော့ ပိုကောင်းတာပေါ့၊ မိန်းက လေးဆိုတာ ကိုယ့်အပေါ် တယုတယနဲ့ ဂရုစိုက်အသိအမှတ်ပြုတာ ကို ကျေနပ်မိတာမျိုး သားရဲ့၊ ကြိုးစားလိုက်ပါသားရယ်၊ ကျန်တာ မာမီတို့စီစဉ်ပါမယ်''

ကြီးကြီးကလည်း သူ့ကို···

''သားကြီးနော်···နဒီလေး စိတ်ကသိကအောက်ဖြစ် အောင် မလုပ်ပါနဲ့၊ ကိုယ်က မြတ်နိုးစုံမက်မှသာ ဟိုကလေးမလေး လည်း သားအပေါ် မေတ္တာရှိမှာပေါ့၊ ကြီးကြီးတို့အစီအစဉ်တွေ အမြန်အထမြောက်မှဖြစ်မယ်နော်၊ သားဖက်က နေးနေ(ွ)တော့ မှာ့''

''မနက်ဖြန်ပဲ ချိန်းလိုက်တော့၊ သိပ်အချိန်ကြာ မဖြန်း တော့''

www.burmeseclassic.com



မေမေနှင့် ကြီးကြီးတို့ကြောင့်သာ သူ နဒီရှေ့မှောက်သို့ မြန်မြန်ဆန်ဆန် ရောက်လာရတာ။

ခေါင်းငုံ့ပြုံးလိုက်ပုံလေးက ရှက်စနိုးနှင့် ကြည်နူးသွားပုံ ပေါ်သည်။

ဒီတစ်ခါတော့ သူ့လုပ်ရပ် မှန်ကန်သွားပြီ။

တစ်ခါတစ်ရံ သေးသေးဖွဲဖွဲလို့ ထင်မိတဲ့ အကြောင်းအရာ တွေက အတော်ကြီး ထိရောက်တာသွားတာကို နေတောက်ပ သိ လိုက်ရသည်။

သူ့ကို အချိန်ယူ လေ့လာပါရစေဦးဟု အချိန်ဆွဲထားရာ ကနေ အန်တီသဇင်က မေမေ့ဆီ ဖုန်းထဲက ဘာပြောသည်မသိ မေမေ တက်ကြွပျော်ရွှင်သွားပုံရသည်။

ထို့နောက် ဟိုဖက်ဒီဖက် ညှိနှိုင်းပြီး မင်္ဂလာရက်သတ်မှတ် တဲ့အထိ အခြေအနေတွေက လျှင်မြန်စွာ တိုးတက်သွားသည်။

နေတောက်ပ၊ နဒီကို တကယ်ရယူပိုင်ဆိုင်နိုင်တော့မည်။ လိုချင်တာရှိတိုင်း အလွယ်တကူ ရလာတတ်တာက နေတောက်





ရဲ့ ကံဇာတာပဲ ဖြစ်လေသည်။

သူတို့နှစ်ဦးသည် ချစ်သူဘဝပင် သေချာမရောက်လိုက် ဘဲ မင်္ဂလာဆောင်ဖို့ ကိစ္စကိုသာ နှစ်ဖက်မိဘများနှင့်အတူ ဝိုင်းဝန်း ကူညီစီစဉ်ကြရသည်။

ထိုကိစ္စနှင့်ပဲ သွားလာလှုပ်ရှားခဲ့ရသည်။

သူမက (Hotel Nikko) မှာ မင်္ဂလာဆောင်ချင်တယ် ဆိုသဖြင့် မာမီက သူမဆန္ဒအတိုင်း လိုက်လျောခဲ့သည်။

သူတို့ကို နှစ်ဖက်သောမိခင်တို့ ရွေးချယ်ဝယ်ယူပေးသော အိမ်ကလည်း ကန်တော်ကြီးနှင့် သိပ်မဝေးပါ။

အိမ်ကိုပြင်တာကတော့ နေတောက်ပရဲ့ စိတ်ကူးနှင့် ပြင် ဆင်ခဲ့သည်။

ဒီလိုနှင့် သူတို့ရဲ့ မင်္ဂလာရက်မြတ်က တဖြည်းဖြည်း နီးကပ်လာခဲ့သည်။

နဒီသည် သူမမှာလည်း ရင်ခုန်မြတ်နိုးရသူရယ်လို့ သေချာ ရှိသဖြင့် မေမေ့စကား နားထောင်ကာ အိမ်ထောင်ပြု နိုက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ခဲ့တာဖြစ်သည်။ နောင်အခါ ဘာဖြစ်လာမလဲ ရှည်ရှည်လေးလေး တွေးတောမြော်မြင်ခဲ့တာလည်း မရှိ။

ဖူးစာကံက သူနှင့် သတ်မှတ်ထားလို့သာ နဒီ သူနှင့်အတူနေရမှာဟု သဘောထားလိုက်သည်။

အဆိုးအကောင်း ဒွန်တွဲရှိနေတတ်တာဟာလည်း လောကကြီးရဲ့ သဘာဝပဲမဟုတ်လား။

သူဘယ်လိုလူစားလဲဆိုတာ နဒီ သိပ်အရေးမထားခဲ့မိတာဝန်ခံပါသည်။ နောက်သောအခါမှသာ···



အားမိန်သည် စားပွဲပေါ်က မင်္ဂလာဖိတ်စာ ပန်းနုရောင်လေးကို လှမ်းကြည့်နေမိရင်း ထိုနေ့က တစ်ရက်လုံး နေလို့ထိုင်လို့မကောင်းပေ။

ရင်ထဲမှာ နင့်ဟာနေ့မြောနေသည်။ ဘယ်သူမှ မရိပ်မိအောင်ကြိုးစားဟန်ဆောင်ထားရပေမယ့် နဒီ လက်ထပ်တော့မည်ဆိုတော့အံ့သြစိတ်လှုပ်ရှားပြီး ဝမ်းနည်းသလိုကြီး ဖြစ်နေမိသည်။

ဖိတ်စာလေးက သူ့ကို ချောက်ချားစေသည်။ နှလုံးသားပင်ပန်းနွမ်းနယ်အားလျော့စေသည်။

မျှော်လင့်ထားပြီးသားဆိုပေမယ့် တကယ်တမ်း ရင်ဆိုင်ရ[illegible]အခါ ခံစားမှုက နက်ရှိုင်းနေသည်။

ပိုင်ရှင်ရှိသွားတော့မည်ဖြစ်သည့် မိန်းကလေးတစ်ဦးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



သူဘယ်လို ဆက်လက်မြတ်နိုးသွားရမည်နည်း။

မေ့ထားရတော့မည်။

ချစ်စဖွယ် ဟန်ပန်အမူအရာလေးတွေ၊ စကားသံလေးတွေကို သူ့အာရုံထဲက ဖျောက်ဖျက်ပစ်ရတော့မည်။

ပြီးတော့ ဆက်ပြီး အတူဆက်ဆံပတ်သက်နေရတဲ့အခါ သူဘယ်လိုမှ မနေအောင် ပြင်ဆင်ထားရမည်။

ခုထက်ထိတော့ နဒီနံဘေးမှာ ကိုနေတောက်ပကို တွေ့လိုက်ရတိုင်း သူ့ရင်ထဲ တနုံ့နုံ့နှင့် ဘာကိုခံပြင်းအောင့်သက်မိမှန်းမသိ။

တကယ်ဆို နဒီလှိုင်းပြာဟာ ဓနိဘက်ရဲ့ တစ်ဦးတည်းသော မင်းသမီးလေးပါ။

ဒီမင်းသမီးလေးနှင့် နီးစပ်သင့်တာကလည်း သူတို့ထဲက တစ်ယောက်ယောက်သာ ဖြစ်သင့်တာပေါ့။

အခုတော့ အားလုံးဟာ နောက်ကျခဲ့ပြီ။

ပြန်လည်ပြုပြင်ဖန်တီးယူလို့လည်း မရနိုင်တော့ပါ။





နဒီလည်း သူ့ဘဝခရီးလမ်းကို သူ့အဖော်နှင့်သူ လျှောက်လှမ်းသွားတော့မှာ။

တွေဝေတုန့်ဆိုင်း နောက်တွန့်ခဲ့သော ပြစ်ဒဏ်တွေကို အားမိန်တစ်ဦးတည်း ကြိတ်ခံစားရတော့မည်။

ချစ်တယ်ဆိုတာလေးပင် အသိပေးခွင့်မရှိတော့ပါလား။

ဘာပဲဖြစ်ဖြစ် နင်ပျော်ပါစေလို့ ဆုတောင်းပါတယ်။

မပျော်ဘူးထင်တဲ့အခါ နင့်အတွက် ငါရှိနေဦးမှာပါ နဒီရယ်။

အားမိန်ဆိုတဲ့ အရှုံးသမားလေးတစ်ယောက်ကို မမေ့လိုက်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com

သူငယ်မဂ်လာဆောင်က လက်ဖွဲ့တွေထဲမှာ ကတ္တီပါဗူးလေးနှင့် ထည့်ထားသော စိန်လော့ကက်လေးတစ်ခု ပါခဲ့သည်။

စိန်တိုက်တစ်ခုရဲ့ ဘောက်ချာနှင့်အတူတကွ ထည့်ပေးလိုက်တာကြောင့် သိန်းသုံးဆယ်ခန့် တန်ကြေးရှိတာကိုလည်း သိလိုက်ရသည်။

ဘယ်သူမို့လဲ ဒီလောက်ရက်ရောရတာလဲ။

နဒီနှင့် ဘယ်လိုပတ်သက်နေသလဲ။

မျက်မှောင်ကုပ်ကုပ်နှင့် ထိုအမည်ကို နေတောက်ပ စတင်စိတ်ဝင်စားခဲ့ရတာ မင်္ဂလာဦးညကပင် စသည်။

"အားမိန်ဆိုတာ ဘယ်သူလဲ"

"နဒီတို့ ဗိုးဘက်ကပဲလေ၊ ကိုနေတောက်နဲ့ မိတ်ဆက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဖူးသားပဲ၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်နဲ့လေ"

"ဪ...မိန်းလျှာရပ်နဲ့ကောင်လား၊ သိပြီ၊ သိပြီ"

နှုတ်ခမ်းကို တစ်ချက်မဲ့ကာ ပြောလိုက်ပုံက အဓိပ္ပါယ် တစ်မျိုး ပါဝင်နေ၏။

"ဒီကောင်က ကယ်လောက်ချမ်းသာနေလို့လဲ၊ မင်းကို တော့ တော်တော်အလေးအနက်ထားပြီး ခင်ပုံရတယ်နော်"

သူ့စကားကို နဒီ မကြိုက်ပေမယ့် ဒီလိုမင်္ဂလာဦးအချိန် မှာ ရန်တွေဘာတွေလည်း မဖြစ်ချင်။

"ချမ်းသာပါတယ်၊ ဒီးဘက်ကိုလည်း သူပဲထူထောင်တာ၊ သူပိုင်တာပဲ"

"ဪ...ဪ"

ကိုနေတောက်က သူမကို စူးစူးရှရှ စိုက်ကြည့်သည်။

နဒီက ဂါဝန်အင်္ကျီကို ပြုပြင်ရင်း မလုံမလဲ မျက်လွှာချ မိသည်။

နေတောက်ကလည်း အသစ်စက်စက် ဇနီးလေးကို စိုက်





ကြည့်ရင်း သူ့စိတ်တွေ ပျော့ပျောင်းညွတ်သက်လာသည်။

ဒီအချိန်မှာတော့ ပြဿနာမတက်သင့်ပါဘူးကွာ။

ထိုကိစ္စကို ဆက်မမေးဘဲ မျိုသိပ်သိမ်းဆည်းထားဖို့ ဆုံး ဖြတ်မိသည်။

"နဒီ"

"ရှင်"

"ကိုယ့်နားကိုလာခဲ့ကွာ"

"ဒီမှာ လက်ဖွဲ့ပစ္စည်းတွေ သိမ်းရဦးမယ်လေ"

"အိုကွာ...အဲဒါတွေ ထားလိုက်စမ်းပါ"

လက်ဖွဲ့တွေကို တောင်းအေကားတစ်စီးအပြည့် ဒီကိုသယ် ဆောင်လာပြီး နှစ်ဦးအတူ ဖွင့်ဖောက်တုန်းကတော့ သူပဲဖွင့်ဖောက် ပြီး...

အခု ပက်ကင်စက္ကူတွေ၊ စက္ကူဖူးတွေ ရှုပ်ပွပြောင်းဆန် နေမှ မသိမ်းနဲ့တော့ဘဲ၊ ကြည့်ဦးလေ။

နဒီကတော့ ဒီည ညဦးနက်မသွားစေချင်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခုခု ရှာကြံလုပ်ချင်နေတာ။

မင်္ဂလာဦးညဆိုတာကို အပျိုစင်လေးပီပီ နဒီ တိတ်တ ဆိတ် ရင်ခုန်ကြောက်လန့်နေသည်။

ဒါကြောင့်လည်း မင်္ဂလာအိပ်ခန်းလေးဆီသို့ ယောင်လို့ပင် မဝင်ဘဲ အပြင်မှာ ပေကပ်နေမိသည်။

နေတောက်ကလည်း ရိပ်မိသည်။ တစ်သက်စာ မမေ့နိုင် စရာ ညလေးတစ်ညပဲ ဖြစ်စေရမှာပါ နဒီ။

မင်းထင်သလို ထိတ်လန့်ကြောက်ရွံ့စရာ မဟုတ်ပါဘူး။

သူ ပြုံးစိစိနှင့် နဒီနား အသာတိုးကပ်လာသည်။

ပခုံးလေး မသိမသာကျုံ့သွားသဖြင့် နေတောက်ပက ရယ် ချင်သလို…

"ကြောက်နေတာလား"

"မသိဘူး"

နေတောက်က သူ့မနှုတ်ခမ်းလေးကို လက်မနှင့် ဖွဖွလေး တို့ထိပြီး…





"ကိုယ်က ကြောက်စရာလားကွာ"

"အဲလိုလည်း မဟုတ်ပါဘူး"

"ရင်ခုန်နေလား…စမ်းကြည့်လိုက်မယ်"

"အို…မခုန်ပါဘူး"

နဒီက သူ့လက်ကို ရှက်ကိုးရှက်ကန်း တွန်းဖယ်သည်။

ာကယ် ရင်ထဲတဒုတ်ဒုတ် မြည်နေရတာ ညနေကတည်းက။

သတို့သမီးတစ်ယောက်ရဲ့ စိတ်လှုပ်ရှားပူပန်မှုတွေက ဘာ ာမရအောင် အတော်ပြောင်းဆန်ပါသည်။

"ကိုယ်တော့ ရင်ခုန်နေတယ်၊ မယုံရင် ကိုယ့်ရင်ဘတ်ကို ကြည့်လိုက်"

နဒီ့ လက်ဖဝါးလေးကို သူ့ရဲ့နှလုံးသားရှိရာ ဝဲဘက်ရင်အုံ ာင်ပြီး စမ်းသပ်စေသည်။

ဟုတ်ပါရဲ့…ဒုတ်…ဒုတ်နဲ့ ခုန်နေတာ။

"အဲဒါ ဘာကြောင့်လဲ နဒီ"

"အို…ဘယ်သိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက တိုးသက်စွာ ရယ်လိုက်သည်။

သူ့မျက်လုံးတွေကလည်း စိုရီနူးညံ့ပြီး ပျော့ပျောင်း
တောက်ပသက်ဝင်နေသည်။

အဲဒီနောက်တော့ သူ နဒီကိုယ်လေးကို ရင်ခွင်ထဲ ဖြန်းခ
ဆွဲသွင်းကာ နမ်းရှိုက်လိုက်လေသည်။

ရုတ်တရက် နဒီလည်း အငိုက်မိ ငြိမ်သက်သွားရသည်

ပထမဦးဆုံး အထိအတွေ့လေးမှာ သာယာကြည်နူး
ယစ်မူးသွားမိသည်။

သူ့ရဲ့အယုအယများက ယခင်ကြိုတင်တွေးထားတာလ
အဆများစွာ နူးညံ့ညင်သာသည်။

နဒီကို ပွေ့ချီလိုက်သောအခါ ရင်ထဲမှာ ငြိမ့်ခနဲ အေးသွ
ရသည်။

လုပမွှေးပျံ့ အိစက်သော မွေ့ယာနှင့် ကျောပြင် တွေ့
သွားတဲ့အခါ ရင်က ပိုမိုအခုန်ကြမ်းလာသည်။

နီးကပ်စွာရှိနေသော သူ့မျက်နှာကို မကြည့်ရဲသ





မျက်ဝန်းတွေ မှေးမှိတ်လိုက်ရသည်။

သူက နဖူးလေးကို ဖွဖွမွှေးရှိုက်ရင်း နှစ်သိမ့်သလို
ဖက်ထားတာကြောင့် ရှက်လန့်ခြင်းတွေ အနည်းငယ် ညံ့သက်သွား
သည်။

ထိုခဏမှာ ကြင်နာစွာ နဖူးအပေါ် နားလည်ပေးသော
ကိုတောက်ကို ကျေးဇူးတင်မိသည်။

သူ့ရင်ခွင်ထဲသို့ စိတ်ချလက်ချ ကြည်နူးစွာ တိုးဝင်ခိုလှုံ
သာရဲ့အောင် သူက သိမ်မွေ့စွာ ချစ်တတ်၊ ဆွဲဆောင်တတ်သူ
တစ်ယောက်ဖြစ်ပါသည်။

ထိုညလေးက စိတ်လှုပ်ရှားဖွယ်ကောင်းသလို လျှို့ဝှက်
သော၊ ပူနွေးသော၊ ချိုမြိန်သော ခံစားမှုများကိုလည်း ပေးအပ်ခဲ့
လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲလှမ်းဝင်လာသော ကိုတောက်ကို နဒီက မှန်တင်ခုံမှန်ထဲကနေ လှမ်းကြည့်လိုက်သည်။

တောက်ပကလည်း သူ့ဇနီးကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ဦးခေါင်း တဘက်အသေးစားတစ်ခုနှင့် ပေါင်းထားပုံလေးက ရယ်ချင်စရာ

"ဘာလုပ်နေတာလဲ"

"ဆံပင်ပေါင်းဆေးလိမ်းနေတာ"

"ရေမချိုးသေးဘူးလား၊ မြန်မြန်ချိုးလေကွာ၊ ဒီနေ့ဆန်းဒေးဆိုတော့ ရွှေဆောင်မှာလား၊ နေပြည်တော်မှာလား တင်ထားတဲ့ ဂျိန်းစ်ဘွန်းကား သွားကြည့်ရအောင်"

နဒီက မျက်နှာလေး ရှုံ့သွားရကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း…မြန်မာကားပဲ ကြည့်မှာပေါ့"

"ဂျိန်းစ်ဘွန်းပဲ ကောင်းပါတယ်"

"မကောင်းပါဘူး"

"မြန်မာကား နောက်တစ်ပတ်ကြည့်ပေါ့ကွ၊ ဘာဖြစ်လဲ"

ကြည့်ဦး…ပြောတဲ့စကားက မိန်းမကတော့ ဦးစားမပေး ပါလား၊ သူကြည့်ချင်တဲ့ကားပဲ အရင်ကြည့်မယ်တဲ့။

"ခြောက်နာရီခွဲပွဲမှီအောင် ရေချိုးတော့လေ၊ ကိုတောက် ဟင်းတွေ နွေးထားလိုက်မယ်"

နဒီက ထပ်မပြောတော့ပါ။ သူကြည့်တဲ့ အင်္ဂလိပ်ကား၊ သိပ္ပံကား၊ စစ်ကားတွေ နဒီ လုံးဝမကြိုက်။

အချစ်ဇာတ်ကား နူးနူးညံ့ညံ့လေးတွေကိုသာ ခံစားမှု အပြည့်ထည့်ပြီး ကြည့်ချင်တာ။

နေတောက်ပက အောက်ထပ်ဆင်းပြီး မိုက်ကရိုဝေ့ မီးဖိုနှင့် ဟင်းနွေးလိုက်သည်။

ပြီးတော့ ဗေစင်ကမှန်မှာ မုတ်ဆိတ်ပါးသိုင်းမွေး ရေးရေး





ရိုတ်ဗင်းခရင်မ်နှင့် သေချာပုံမပျက်အောင် ရိတ်သင်သည်။

စနေ တနင်္ဂနွေဆို နေတောက်ပက အိမ်မှာအနားယူမည်၊ ကိုယ်ရေသန့်ရှင်းရေးတွေ ပိုဂရုစိုက်မည်။ ဆံပင်ညှပ်စရာရှိ ညှပ်၊ လက်သည်းညှပ်စရာရှိညှပ် ဒါတွေပြီးရင် စာအုပ်ဖတ်မည်၊ တီဗီ တလိုက်ကြည့်မည်။ ညနေစောင်းရင် ဂေါ့ဖ်သွားရိုက်မည်။ ဂေါ့ဖ်မရိုက်တဲ့ညနေကို ရုပ်ရှင်သွားကြည့်ဖို့ ပြောတတ်၏။

သူပြီးတဲ့အထိ နဒီက ရေချိုးခန်းထဲက မထွက်သေး။

"နဒီ"

သူက အပြင်ကခေါ်ကြည့်ရင်း…

"အအေးမိမယ်နော်…အကြာကြီး စိမ်မချိုးနဲ့"

နဒီက ဝါးတားဟီတာလည်း မကြိုက်၊ ရေပူနှင့် ရေ အေးရောတာသိတော့ နေတောက်ပက သတိပေးလိုက်သည်။

ပြီးလျှင် စိတ်မရှည်ဘဲ သူပါ တဘက်တစ်ထည်ဆွဲ၍ ဝင်သွားသည်။

နဒီက သူနှင့်နှစ်ယောက်ထဲရှိတာမို့ ရေချိုးခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဇော့ရုံဇော့ထားပြီး မှန်ခန်းလေးထဲက ရှာဝါအောက်မှာ ရေစိမ်နေတာ

"ဟင်…ကိုတောက် ဘာလို့ဝင်လာတာလဲ၊ ထွက်…ထွက် နဒီမှ မပြီးသေးတာ"

"ကိုယ်လည်း အတူတူချိုးလိုက်မယ်၊ အချိန်ကုန်သက်သာအောင်"

"ဟင့်အင်း…မရဘူးနော်၊ ပြန်ထွက်"

သူမက လက်ဟန်လေးနှင့်ပါ ထွက်ခိုင်းနေတာကြောင့် နေတောက်က ချစ်ဖနီးကို ပိုပြီးစ,ချင်သွားမိသည်။

ဘော့တပ်ဘ်ထဲမှာ သူက ရေဖြည့်လိုက်သည်။

ဒါကို သတိထားမိသော နေတောက်က နဒီ့ကို ဒီဖ…ကြွေကန်ဖက် ဆွဲခေါ်လာသည်။

ရေစက်လက်နှင့် နဒီ ပါလာသည်။

"အို…ဘာလို့ အတင်းဆွဲတာလဲ၊ ဖယ်…ရှင်နော်…အို…နဒီ အဲဒီထဲမဝင်ဘူး"

နေတောက်က ရယ်ရင်း သူမကို ဆပ်ပြာမြှုပ်တွေ…





ဖွေးဖွေးလှုပ်နေသော ရေချိုးကန်လေးထဲ ဆွဲချသဖြင့် နဒီ သူ့ကို ခေါ်ပွပွဖြင့် ထုရိုက်သည်။

"ဟား…ဟား…ဟား"

ရိုက်လို့လည်း မထိပါလား။ ဆပ်ပြာရည်တွေနှင့် ချော်နေတာကိုး။

နဒီ စိတ်ဆိုးသဖြင့် သူကကျီစယ်ရင်း နဒီ့ကို ဖက်ထားလိုက်သည်။

သူ့ဇနီးလေးက သာမန်ထက် ပိုမိုအရှက်သည်းတတ်ကြောင်း နေတောက် သိပါသည်။ ဒါကြောင့်လည်း စ,မိတာ။

အဝတ်အစားလဲတာလည်း သိုသိပ်သည်။ ဘယ်တော့မှ ပစ်စလက်ခတ် ပေါ်လွင်အောင်မလဲ။

နဒီ့ အမူအရာနှင့် လုပ်ပုံကိုင်ပုံလေးတွေက အမြဲတမ်း သိမ်မွေ့တာအမှန်။ သူ့အပေါ်မှာသာ ဆရာမကြီးလုပ်ချင်တာ။

ယောက်ျားလေးသူငယ်ချင်းတွေနှင့် ခင်ခင်မင်မင် တရင်းတနှီး ပေါင်းတတ်တာတစ်ခုပဲ နေတောက် မကြိုက်နိုင်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတွေတော့ နဒီက မဆိုးပါ။

သူကတော့ သူ့စကားကို အမိန့်လို နာယူစေချင်မိ၏။

တအောင့်ကြာလျှင် နေတောက်က သူမဆံနွယ်တွေကို ဖွဖွသုတ်ပေးရင်း ဂါယုတာယ အနမ်းနှင့် ချော့လိုက်သည်။

ထွက်သက်ငွေ့ငွေ့နှင့် ပူနွေးထူအမ်းသော သူ့နှုတ်ခမ်းရဲ့ အထိအတွေ့မှာ နဒီ့ရင်တွေ ဖြောင်းဆန်သွားရသည်။ သူ့ရင်ခွင်ထဲကနေ ရုန်းထွက်လို့လည်းမရတော့။

နဒီ့ လက်ကလေးတွေ သူ့လည်ကို သိုင်းယှက်၍ ပြန်လည်ဖက်တွယ်လာလျှင် နေတောက်ပ ကြည်နူးကျေနပ်သွားလေသည်။

အလိုမကျတာတွေရှိပေမယ့် နဒီ ကိုတောက်ကို ကြာရှည်လည်း စိတ်မကောက်နိုင်။ ဒီအိမ်လေးထဲမှာ သူရယ် နဒီရယ် နှစ်ယောက်ထဲပဲ ရှိကြတာ။

ရှိတဲ့နှစ်ယောက်က မပြေလည်ဘူးဆိုလျှင် ဘဝကြီးတစ်ခုလုံး အကြည်းတန်ခြောက်သွေ့သွားလိမ့်မည်။

နဒီ သူ့အပေါ် ချစ်လို့နားလည်လာတာလား။





သူရော နဒီ့ကို တကယ်ချစ်သလား၊ ခုထိ နဒီ မှန်းဆကြည့်လို့ မရသေးပါ။ ကိုတောက်ရင်ထဲ ဘာတွေရှိနေသလဲ သူမသိ။

ထိုညနေက ထမင်းစားသောက်ပြီးလျှင် ကိုတောက်နှင့် နဒီတို့ မြို့ထဲသို့ ကားနှင့်ထွက်လာကာ ကိုတောက် ပွဲဆာသော ရုပ်ရှင်စိတ်ဘွန်းကားကို ကြည့်ဖြစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နဒီ အိပ်ရာနိုးလာတော့ နံနက် ခုနစ်နာရီကျော်နေပြီ။ ကိုတောက်ပက နဒီဘေးမှ ရှိမနေတော့။

နိုက်ဒရက်စ် မိုးပြာရောင်လေးနှင့် နဒီက ဆံပင်တွေ ဘိုကရိုနှင့်ပင် အောက်ထပ်ဆင်းပြီး သူ့ကိုရှာသည်။

"ကိုတောက်ရေ"

"ဟေ"

မီးဖိုချောင်ကနေ လှမ်းထူးတာကြောင့် နဒီက ဂါဝန်ရှည်လေး ဘာ လျှောက်သွားရင်.

"အစောကြီး ဘာတွေလုပ်နေတာလဲ"

"ဒီမှာလေကွာ···ဂျုံနဲ့ ပုဇွန်ဖက်ထုပ်ကြော် လုပ်မယ်၊ န်းအချိုပေါင်းလည်းရမယ်၊ ဒင်ဆမ်းပေါ့ကွာ၊ နဒီ နိုးလာရင် င်သင့်စားရအောင် ကိုယ် ငါးနာရီကတည်းက ထပြီးချက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ''

''ငါးနာရီက''

''အင်းလေ…ဘာဖြစ်လို့လဲ''

''နဒီတောင်မသိဘူး''

''သိမလား…သိုးနေအောင် အိပ်နေတာကိုးကွ''

နဒီက ပြုံးစိစိလေး ပခုံးတွန့်ရင်း စားပွဲအရှည်ပေါ် သူ ဖြန့်ခင်းထားသမျှ စားစရာအမယ်စုံကို လိုက်လံကြည့်ရှုမိသည်။

နဒီဖြင့် အိမ်မှုကိစ္စ ဝါသနာမပါ။

အရင်ကလည်း မေမေချက်ပြီး ထည့်ပေးလိုက်တဲ့ ထမင်းချိုင့်ကိုဆွဲပြီး ကျောင်းသွားတက်ခဲ့တာပဲ။

ကျောင်းပြီးတော့လည်း အိမ်မှာ မီးဖိုချောင်မဝင်ခဲ့ရပါဘူး။ အမေနှင့် ကြီးတော်တို့ပဲ ချက်ပြုတ်လျှော်ဖွတ်၊ အားလုံးသိမ်းကျုံးလုပ်ပြီး နဒီအတွက် ဆောင်ရွက်စရာကိစ္စပင် ချန်မထားကြ။

အိမ်ထောင်ကျတော့လည်း နဒီက ကံကောင်းချင်တော့ ကိုတောက်က အချက်အပြုတ်ပညာကို စိတ်ပါဝင်စားသူဖြစ်နေ





သည်။

နဒီ ဈေးဖွသွားချင်ပေမယ့် သူက သုံးရက်တစ်ခါလောက် ဈေးကိုခေါ်သည်။

ပြန်လာလျှင် ရေခဲသေတ္တာထဲ ဆေးကြောထုပ်သိုတာမျိုး၊ တချို့ကို ကြော်ထား၊ လုံးထားတာမျိုးလည်း ကိုတောက်က စိတ်ရှည်ရှည် စီမံသွားသည်။

မနက်နိုးလာလို့ အပြင်ထွက်မစားဘူးဆိုတာနှင့် ကိုတောက်က ဘာရိတ်ဖတ်စ်ကို အေပရွန်လေး ခါးမှာချည်ပြီး သွက်သွက်လက်လက် စီစဉ်လိုက်သည်။

စားပွဲပေါ်အရောက် ပူပူနွေးနွေးလေး သူပြင်ဆင်ပေးသမျှ နဒီက အသင့်စားရုံ။

သူက ထိုကိစ္စနှင့်ပတ်သက်၍ မပျင်းမရိတတ်။

ပျင်းရိတာက နဒီ။

တစ်ခါလေး စားသောက်ဖို့အရေး ရှုပ်လိုက်တဲ့အလုပ်။

ဆယ်မိနစ်လောက် ပါးစပ်ထဲပစ်ထည့်ရင် ကုန်သွားမယ့်



www.burmeseclassic.com

www.burmeseclassic.com



စားစရာကို နာရီပေါင်းများစွာ အချိန်ပေးချက်ပြုတ်ရမည်ဆိုလျှင် ဟန်မကျ။

"နဒီ…ဟင်းချက်သင်ရမယ်နော်၊ ဘယ်နေ့စမလဲ"

"မသင်ပါဘူး"

ခေါင်းယမ်းလျက် မြန်မြန်ငြင်းဆန်သည်။

နဒီ့ဘာသာဆို အမေတို့ဆီ သွားစားချင်စား၊ မစားချင်လည်း အပြင်ကဝယ်စားမှာပင်။

ပန်းချီကိစ္စနှင့် အပြင်ရောက်နေတဲ့ရက်ဆို နဒီက ကြုံသလိုပဲ စားလိုက်တာ။

ကိုတောက်ကတော့ စည်းစနစ်ကျသူမို့ နဒီ့လို လွယ်လွယ် မဖြေရှင်း။

ကိုယ်တိုင် ဝင်ရောက်လုပ်ကိုင်သည်။

သူချက်တာ မြန်လည်းမြန်သည်။

"မသင်လို့မရဘူး…အိမ်ရှင်မတစ်ယောက်က ပန်းချီဆွဲတတ်ရုံနဲ့ မပြီးဘူးကွ၊ မင်းသင်ရမှာတွေ အများကြီးပဲ နဒီ"





နဒီက မျက်နှာလေး ရှုံ့ပြလိုက်သည်။

ဝါသနာမပါပါဘူးဆိုမှ…

"လာဦး…မျက်နှာသစ်ပြီးရင် ဒီကိုခဏလာ၊ အမဲသားလုံးကြော် ဘယ်လိုလုပ်ရသလဲ လာပြမယ်"

"အို…မပြင်တတ်ပါဘူးဆို"

နဒီက မျက်နှာသစ်ပြီးတာနှင့် ဗိုက်ဆာပြီဟုဆိုကာ ကော်ဖီစားပွဲမှာ အရင်ထိုင်လိုက်ပါသည်။

မနက်ခင်းစာ အတွက်စားရင်း ကိုတောက်က လက်မလျှော့ဘဲ သူမကို နှုတ်က တတွတ်တွတ်သင်ပေးနေပြန်ပါသည်။

"လွယ်လွယ်လေးပါကွာ…အမဲသားအကြေတွေထဲကို ကြက်သွန်နီ နီ ကိုချက်…ဆလာကာရည်နည်းနည်းနဲ့ ဆားထည့်၊ မဆလာနည်းနည်းဖြူး၊ ဒီဖက်မှာ ဂျင်းနဲ့စပါးလင်ကို ထောင်းထားလိုက်၊ ကြက်သွန်ဖြူလည်း ထည့်ပေါ့၊ ကြက်သွန်နီကို ဒယ်အိုးထဲမှာ ကြွပ်ကြွပ်လေးကြော်ပြီး ထည့်ပြီးရင် အားလုံးသမအောင် ရောမွှေ၊ ကြက်ဥတစ်လုံးခေါက်ထည့်၊ ကော်ဖီမှုန့်နည်းနည်းပါထည့်ရင် ပိုမွှေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



စမ်းကြည့်လိုက်ပါ၊ နဒီလက်ရာလည်း ကိုယ်မြည်းချင်သေး
နေပါတွာ''

နဒီက အင်းမလုပ် အဲမလုပ်။

ကိုတောက်က သူဖြစ်ချင်တာကို ချော့မော့ခိုင်းတတ်သ
နဒီကို သူလိုချင်တဲ့ပုံစံဝင်အောင် မသိမသာပြုပြင်နေတာ

နဒီကလည်း ကိုယ်မလုပ်ချင်တာဆို ဟင့်အင်း
တော်တော်နှင့် ပြောလို့ဆိုလို့ မရတတ်။

အမိန့်ပေးရင် ပိုပြီးတောင် ဆန့်ကျင်ချင်မိသေးသည်

''အချိန်မရဘူး ကိုတောက်ရဲ့၊ ဒီနေ့ ပန်းချီပြပွဲတင်
ရှိတယ်၊ မနက်ဖြန် ဖွင့်ပွဲကျင်းပမှာဆိုတော့ ဒီနေ့ကတည်းက
ာရာရှိတာ စီစဉ်ရမယ်၊ ခဏလောက်နေရင် နဒီ ရေမိုး
အဆင်သင့်ပြင်ရတော့မှာ၊ ကိုတောက်ပဲ ဆက်လုပ်လိုက်
နော်…နဒီလက်ရာက သိပ်ညံ့တာ၊ ကိုတောက် ကြိုက်မှာ
မဟုတ်ပါဘူး''

''ဒါ…ဘယ်လိုမိန်းမလဲကွာ၊ ယောကျ်ားက မီးဖို





ဝင်ရမယ်ဆိုတာ မဟုတ်သေးပါဘူး''

''မသိဘူးနော်၊ ဒါ နဒီနဲ့မဆိုင်ဘူး၊ နဒီ ကိုတောက်ကို
ဘာမှမလုပ်ခိုင်းဘူး၊ နဒီဘာသာဆို ဘဲဥပြုတ်လိုက်လည်း ဖြစ်တယ်၊
သုံးမိနစ်ပဲစောင့်လိုက်လည်း ဖြစ်တယ်''

''ဘာ''

''ဩော်…ခေါက်ဆွဲပြုတ်လိုက်မယ် ပြောတာပါ၊
ဟင်း…ဟင်း''

တော်တော် ပေါ့ပေါ့ဆဆ သဘောထားတဲ့ အမျိုးသမီး
ပါပဲ။

ပန်းချီကားတစ်ချပ်ကိုပဲ အနုပညာလို့ယင်ပြီး မီးဖိုချောင်
ညာကိုတော့ တန်ဖိုးမထား။ ထမင်းဟင်းချက်တာကရော လူ
စ်ယောက်အတွက် အရေးမကြီးဘူးလား။ အရေးမပါဘူးလား။
ဟာရနှင့် အသက်ရှင်တာ မဟုတ်ဘူးလား။ သူ့ရှေ့ကနေ ကိုယ်
င် တက်တက်ကြွကြွ လုပ်ဆောင်သင်ကြားပေးနေတာလည်းမရ။

နဒီက ခေါင်းမာသည်။ သူ့ခွေးလေးတစ်ကောင်ကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်နှင့် ရေချိုးပေး၊ ပေါင်ဒါဖြူးပေး၊ အစာကျွေးဆိုတာတွေ အချိန်ပေးပြီး လုပ်ချင်လုပ်နေမည်။ သူစိတ်မဝင်စားကာဆိုလျှင် အရှင်းလှည့်မကြည့်။

တောက်ပသည် သူမကိုလက်လျှော့ရင်း စိတ်ပျက်လက် ပျက်နှင့် သက်ပြင်းသာ ရှိုက်မိသည်။

မာမီရေ…ကျွန်တော် ဘယ်လိုမိန်းမမျိုးနဲ့ ရတာလဲဗျာ



နေတောက်ပသည် သူအချိန်တိကျသလို နဒီလှိုင်းပြာကို လည်း အချိန်တိကျစွာ နေထိုင်လှုပ်ရှားစေလိုသည်။

သူမရဲ့ အပေါင်းအသင်းမိတ်ဆွေများနှင့် ကော်ဖီဆိုင်ထိုင် တာ အချိန်ဖြုန်းခြင်းကို မကြိုက်။

သူက လူတစ်ဦးရဲ့ စိတ်လွတ်လပ်ပေါ့ပါးခြင်း၊ မှေးမှေး ပျောက်ပျောက် နေတတ်ခြင်း၊ အရသာကို ခံစားဖူးဟန်မတူ။ နားလည်ပုံလည်းမရပါ။

နဒီသည် အိမ်ထောင်ပြုပြီးမှပဲ ဇီဇာကြောင်သော ယောကျ်ားတွေအကြောင်းကို သိလာရသည်။

အမှန်တကယ်ဆို ကိုယ်နှင့် ဝါသနာတူ၊ နားလည်မှုရှိသူ အကြောင်းသိထဲက ရှာဖွေမိခဲ့ဖို့ ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ သဘောတူတာတစ်ခုတည်းနှင့် ကိုနေတောက်ကို လက်ခံခဲ့မိတာ မှားသွားပြီလားဟု တစ်ခါတစ်ခါ နဒီ သုံးသပ်မိသည်။

သူမတို့နှစ်ဦးကြားမှာ ကြီးမားတဲ့ ပြဿနာမရှိဘူးဆိုပေမယ့် သေးသေးမွှမွှ ပြဿနာအစလေးတွေကတော့ အမြဲရှိနေသည်။ နေ့စဉ် နေ့တိုင်း ရှိနေသည်။

ဥပမာ နဒီက စာအုပ်ဖတ်ရင်း အိပ်ရာထဲမှာ မုန့်ယူစားတတ်သည်။ သူက ပုရွက်ဆိတ်လာမည်ဆိုပြီး တားမြစ်သည်။

နဒီက ညသန်းခေါင်လည်း ဝရံတာမှာ ထမင်းပန်းကန် ဖွန်းတပ်လာပြီး လာယူစားချင် စားတတ်သည်။ သူကတော့ သတ်မှတ်ထားတဲ့ ထမင်းစားပွဲကလွဲရင် ဘယ်မှာမှ အစားအသောက်မ မစား။

အကျင့်လည်း မလုပ်ဟုဆိုသည်။

သောက်ပြီးသား ကော်ဖီပန်းကန်ကို ဟိုနားဒီနား န အမြဲမေ့ပြီးထားတတ်ရာ သူက ကောက်သိမ်းရသဖြင့် ပွစိပွစိ





သည်။ စည်းကမ်းမရှိရကောင်းလား အပြစ်တင်သည်။

ဤမျှသေးငယ်သော အကြောင်းအရာလေးနှင့်လည်း နဒီ သူ တင်းတင်းမာမာပြောဆိုနိုင်အားသည်။

အိမ်ကနေ နဒီခေါ်လာသော တယ်ရီယာအမွေးပွခွေးလေး င်ကီ ကိုလည်း သူကြည့်မရ။

သူက တိရစ္ဆာန်လည်း လုံးဝမချစ်။ တကယ်လို့ သူ့စိတ် တိရစ္ဆာန်ချစ်စိတ်မရှိဘူးဆိုရင်တောင် ဇနီးဖြစ်သူ ချစ်တဲ့ ခွေး တစ်ကောင်ကိုဖြင့် သူ နည်းနည်းပါးပါး သည်းမခံသင့်ဘူး

"မင်းခွေး… ညစ်ပတ်တယ်၊ အိပ်ရာပေါ်ထိ တက်တယ်၊ ခွေးရော စည်းကမ်းမရှိဘူး၊ ဒီကောင်ကို ပြန်ပို့လိုက်"

"မပို့ဘူး… နဒီနေတဲ့နေရာ ပင်ကီကိုထားမှာပဲ၊ စည်းကမ်း ဘာဖြစ်လဲ"

စိတ်တိုလာလျှင် နဒီ သူ့ကို ဘုတောပစ်သည်။ အနုပညာ မခံစားတတ်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူတာထဲက ကုမ္ပဏီငွေစာရင်း အမြတ်ကိုသာ ခံစားတတ်သော တစ်ကိုယ်ကောင်းဆန်ဆန်လူကြီးပါ။

နဒီ မျက်စောင်းပိတ်ထိုးပစ်သည်။

တစ်ခါတလေ ကိုနေတောက်နှင့် အတူတူနေထိုင်ရတာ စိတ်ကျဉ်းကျပ်ဖွယ်ကောင်းသည်။

ဘာလေးမဆို နဒီကို သူစောင့်ကြည့်နေသလို ထင်မိသည်။

သူရုံးသွားတဲ့အချိန်ပဲ နဒီ အေးအေးချမ်းချမ်း မပူမလော ပဲရှိသည်။

လုပ်ချင်ရာတွေ လုပ်နေနိုင်သည်။

အားမိန်တို့နှင့် ဖုန်းတစ်နာရီပြောလည်း ကိစ္စမရှိ။ ဟို လည်ပတ်လျှောက်သွားပြီး ကိုယ်စားချင်တာလည်း စားပစ်လိုက် ရုံပါ။

မသန့်ရှင်းဘူး၊ မတည့်ဘူး၊ မကောင်းဘူးနှင့် တစ်မျိုး မဟုတ်တစ်မျိုး ပြောဆိုနေမည့်သူလည်း မရှိဘူးလေ။

နဒီလိုင်းပြောကလည်း ကိုယ်လုပ်ချင်တာ အတားအ





မရှိ လုပ်ခွင့်ရခဲ့သူပါ။ မိဘတွေက အမြဲအလိုလိုက် အကြိုက်ဆောင်ခဲ့တာ။ သူနှင့်ကျမှ မျိုသိပ်ဟန်ဆောင်ရတာတွေ များနေသည်။

နဒီကတော့ လွတ်လပ်ပွင့်လင်းစွာပဲ ကိုယ်နေတတ်သလိုနေချင်သည်။ စည်းကမ်းတင်းကျပ်တာ မကြိုက်။

နှစ်ဆယ့်လေးနာရီကို အိပ်ချိန်၊ စားချိန်၊ အလုပ်လုပ်းအနားယူအပန်းဖြေချိန်၊ အားကစားလေ့ကျင့်ချိန် စသဖြင့် ဇယားတစ်ခုထဲ ကွက်တိမထည့်နိုင်။

ဥပမာ ပန်းချီဆွဲတာဆိုရင် ဒါဟာ အလုပ်ချိန်လား၊ အပန်းဖြေချိန်လား၊ တစ်ခါတစ်ခါ နဒီ မပင်ပန်းတဲ့အပြင် ပန်းချီရေးရင်း စိတ်လွတ်လပ်ပေါ့ပါးလန်းဆန်းမိသေးတာရှိတာပဲ။

ကိုတောက်ကို ဒါတွေ ဘယ်လိုရှင်းပြရမလဲ။

သူ့ရဲ့ပုံသေနည်းတွေဟာ နဒီနှင့် ဘယ်တော့မှ အဆင်ပြေအသုံးတည့်မှာမဟုတ်ပါ။

နဒီသည် ရေချိုးပြီးစမို့ မှန်တင်ခုံမှာထိုင်ကာ စိတ်လိုလက်ရ အလှပြင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အလှပြင်တယ်ဆိုတာကလည်း နို့ရည်နှင့် သနပ်ခါး ရောလူးပြီး တူးဝေးကိတ်လေးရိုက်ရုံ၊ မျက်ခုံပေါ် အိုင်းရှဲဒိုး သခွားရောင်လေးခြယ်ရုံ၊ နှုတ်ခမ်းကို ရွှေရောင် Lip Gloss လေးတင်ရုံ၊ ဒရမ္မေး တစ်ချက်နှစ်ချက်နှိပ်ဖြန်းရုံလောက်ပါ။ အထွေအထူး ၁လှတာ မဟုတ်။

အားလုံးပြင်ဆင်ပြီးလျှင် မျက်နှာကို မှန်ထဲကြည့် နှုတ်ခမ်းပွမိရင်း ဆံနွယ်လေးတွေကို ဘရပ်ရှ်ဘီးနှင့် ခပ်ဖွဖွဖြီးနေမိသည်။

နေတောက်ပက သူငယ်ချင်းကို 5- Sport ဖွင့်ထားပေးခဲ့ကာ ထမင်းစားခန်းကိုဖြတ်ပြီး လှေကားပေါ်တက်လာခဲ့သည်။

သူတို့ အခန်းတံခါးက ဇေ့ရုံဇေ့ထားသည်။

သူဝင်လာမှန်းသိသော်လည်း သူ့ခြေသံကို ကြားသော်လည်း နဒီသည် သူ့ကို ရှိတယ်ပင်မထင်လှသလို ခပ်အေးအေးနှင့် ဆံပင်ဖြီးမပျက်ပေ။

"နဒီ...ကိုယ့်သူငယ်ချင်းတစ်ယောက် ပါလာတယ်"

"အဲဒီတော့"





"ဆင်းနှုတ်ဆက်ဦးမှပေါ့"

သူ့သူငယ်ချင်းကျ သူသိတတ်သည်။ နဒီက အရေးတယူ တလေးတစား နှုတ်ဆက်စေချင်သည်။

သူမ သူငယ်ချင်းတွေနှင့်ဆိုလျှင် သူ့မျက်နှာက မှုန်တည်တည်နှင့် တစ်ခါမှ ဖော်ဖော်ရွေရွေမရှိ။

ဆံပင်ရှည်ရှည် ညိုညိုလေးက ကျောပြင်မှာ ညီညီတိတိ ဖင်းကျနေတာ အတော်ဆွဲဆောင်မှုရှိကြောင်း နေတောက် ဒီနေ့မှ သတိထားမိသည်။

Shine လုပ်ထားသလို သူမဆံနွယ်လေးတွေက ပြောင်သက်စိုရွှဲနေသည် မဟုတ်လား။

မရှည်ရှယ်တဲ့ နဒီနားသို့ လျှောက်သွားမိကာ ပျော့ပျောင်းဖွေးပုံ့နေသော ဆံပင်ရှည်တို့ကို တယုတယ ကိုင်တွယ်နမ်းရှိုက်လိုက်မိသည်။

သူမက နေတောက်ကို မော့ကြည့်သည်။

"မိန်းမအလှပြင်ထားတာ ကိုယ့်အတွက်ပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်...နောက်ထပ် ဘယ်သူ့အတွက် ဖြစ်ရဦးမှာ လဲ"

"သူများတွေကြည့်ဖို့ မဟုတ်ဘူးလေ"

"အပြင်သွားမယ်ဆို"

"ဒီည မသွားတော့ဘူး၊ အိမ်မှာပဲ ဖရက်ဒီနဲ့ သောက်ရင်း စားရင်း စကားပြောလိုက်မယ်၊ စင်ကာပူမှာတုန်းက သူနဲ့ကိုယ်နဲ့ တစ်ခန်းထဲ အတူတူနေခဲ့ကြတာကွ"

သူက စိတ်လိုလက်ရပြောပြရင်း နဒီပါးပြင်လေးကို ဖွဖွ မွေးလိုက်ပြန်သည်။

"ဒါဆို နဒီ ဘာလုပ်ပေးရမလဲဟင်"

"ဘာမှလုပ်ပေးစရာ မရှိပါဘူးဗျာ၊ ခဏနားနားနေပြီး ဆက် ရုံပဲနော်၊ ဒီကောင် စကားကြောရှည်နေရင် နဒီ ဘာမှန်းမသိဘဲ အကြာကြီး ထိုင်ပြောမနေနဲ့ဦး"

ကြည့်လေ...သူ့သူငယ်ချင်းနှင့်တောင် ကြာကြာစကား ပြောမှာ ပူပန်နေသေးသည်။





"အင်းပါ...သိပါတယ်"

တကယ်လည်း သူ့အကြောင်းကို တဖြည်းဖြည်းချင်းတော့ နည်းနည်းစီ သိလာရပါပြီ။

သူဟာ အလွန်နားလည်ရခက်သူပါ။

နေတောက်ပသည် ပိုင်အရက်ကို ကြိုက်နှစ်သက်သူဖြစ်ရာ သူ့အိမ်တထောင့်မှာ မီးရောင်မှိန်မှိန်နှင့် မီနီဘားတစ်ခု ထားရှိပြီး သားပါ။

အခါအားလျော်စွာ အပေါင်းအသင်းတို့နှင့် အိမ်မှာသောက် စားတတ်သည်။

နံရံကပ် ရှိုးကေ့စ်တွေထဲမှာ အမျိုးအမည်များစွာသော ပုလင်းလှလှလေးများ လှဲထားတာလည်း ရှိသည်။

ရှားပါးဝိုင်တွေလည်း သူ့ဘော်ဒါတွေ လက်ဆောင်လာပို့ ထားတာ ရှိသေးသည်။

နဒီတော့ သေချာမသိ။ အဲဒီဘားထဲမှာပဲ ရေခဲသေတ္တာ၊ ရေခဲညှပ်ရော၊ ဖန်ခွက်တွေ၊ အမြည်းစားဖို့ ပန်းကန်ခွက်ယောက်

www.burmeseclassic.com



တွေ အပြည့်အစုံ စီစဉ်ထားသေးသည်။ နဒီ မကြိုက်တဲ့ စည်သွပ်ဗူး အစားအစာတွေလည်း ဝယ်ထားသည်။

ယမကာ အပျော့စားတစ်မျိုးကို အေးအေးဆေးဆေး မျှဉ်းမျှဉ်းလေး ဖိမ်ဆွဲသောက်တာ သီချင်းဖွင့်ထားပြီး စီးကရက် သောက်ရင်း စကားပြောတာဟာ သူ့ရဲ့အပန်းဖြေနည်းတစ်မျိုး ဖြစ်သည်။

တအောင့်မျှကြာလျှင် ဂါဝန်အင်္ကျီ သန္တာရောင်လေးနှင့် လှပနေသော ဇနီးဖြစ်သူကို နေတောက်ပက သူငယ်ချင်း ဖရက်ဒီ ရှေ့သို့ လက်ဆွဲခေါ်လာခဲ့ပါသည်။

"ဘယ်လိုလဲ...ငါ့မိန်းမချောတယ်မဟုတ်လား၊ ခင်နဒီ လို့ပြောခဲ့တဲ့ နဒီ ဒီကောင်က ဖရက်ဒီ၊ သူ့အမေကတော့ ဒီဒီလို့ ခေါ်တယ်၊ သူ့ရည်းစားကတော့ ဘယ်လိုခေါ်သလဲမသိဘူး"

"ဟာ...မနဒီ အလကား၊ ကျွန်တော့်မှာ ရည်းစားမရှိပါဘူးဗျာ၊ နေတောက်နဲ့ အတူတူပိုးကြရင် ဒီကောင်ပဲ ဦးဦးသွားတာ များတယ်၊ အခု နေတောက် မိန်းမယူပြီး ခြေငြိမ်သွားပြီဆိုတော့ အေးအေးဆေးဆေးရှာလို့ရပြီပေါ့ဗျာ၊ ဟား...ဟား"

သူ့သူငယ်ချင်းက ဆံပင်ကောက်ကောက်၊ အရပ်မြင့်မြင့်၊ ခော်ဒီကျစ်ကျစ်လစ်လစ်နှင့် အသားလည်းဖြူကာ သပ်ရပ်သန့်ရှင်း နေသော လူရွယ်တစ်ယောက်။ သွက်လက်ပွင့်လင်းပြီး ပျော်ပျော် နေတတ်သူ ဖြစ်ပုံရသည်။

စကားတစ်ခွန်း ပြောပြီးတိုင်း ရယ်သံပါကပ်ပါတတ်၏။

"မနဒီ...လာထိုင်လေ၊ နဒီနဲ့ ကျွန်တော်နဲ့ မဆုံဖြစ်တာ ကြာပြီ၊ ဒီနေ့မှ မိန်းမလှလှကို ကြွားဖို့ အိမ်ခေါ်လာတာဗျ၊ ဟား...ဟား"

"သွားမခေါ်စမ်းပါနဲ့ ဖရက်ဒီရာ၊ မိန်းမတွေအနားမှာရှိရင် ကောင်းကောင်းသောက်လို့ မရဘူးကွ၊ အဲဒါတွေ မင်းမသိ သေးပါဘူး"

"အောင်မာ...မိန်းမရတာ ခြောက်လမပြည့်သေးဘူး လေသံက ဆရာကြီးလေသံ၊ မင်းအကြောင်းတွေ မနဒီကို ငါ အကုန်လျှောက်ပြောလိုက်ရမလား၊ ငါပြန်ရင် တစ်ညလုံးမအိပ်ရ







www.burmeseclassic.com

www.burmeseclassic.com



စကားများနေမှာစိုးလို့၊ ဟဲ···ဟဲ သနားလို့နော်"

တိတ်ဆိတ်သော သူမတို့အိမ်လေးမှာ ဖရက်ဒီကြောင့် ရယ်သံတွေ ဖုံးလွှမ်းနေပါသည်။

နဒီလည်း အမှန်အတိုင်းပြောရရင် ကိုတောက်အကြောင်းတွေ၊ အတိတ်က ဇာတ်လမ်းတွေ တစ်ယောက်ယောက်က ပြန်ပြောပြရင် နားထောင်ချင်ပါသည်။

"သူက ကွဲသွားတဲ့ ရည်းစားကို တော်တော်ချစ်ခဲ့တာဗျ၊ သိလား"

"ဟော့ကောင်···ဖရက်ဒီ မင်းနော်"

ရယ်ကာမောကာ ကိုတောက်က ဟန့်သဖြင့် နဒီ ပိုမိုစိတ်ဝင်စားသွားရသည်။

အတိတ်မှာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ သူမနဲ့ဆုံပြီးနောက် သစ္စာရှိရင် ပြီးရောပေါ့လို့ လွယ်လွယ်သတ်မှတ်ခဲ့တာ မပြည့်စုံနိုင်ကြောင်း နဒီ သိလာရသည်။

အခု ဘယ်မှာတည်ငြိမ်နားထောင်နိုင်လို့တုန်း။





"ပိန်ပိန်ကျွန်းသူလေးက မနုဒီနဲ့ တော်တော့်ကိုဆင်တယ်၊ နုဒီကို သူဘာကြောင့်ယူသလဲ ဒီနေ့မှပဲ သိရတယ်ဗျာ၊ ဟား···ဟား မျက်နှာလေးက လုံးဝပုံစံတူတယ်၊ ဆံပင်ပုံစံပဲကွဲသွားတယ်၊ နော် နေတောက်"

"ဟာ···မဟုတ်တာကွာ"

အလန့်တကြား အကြောက်အကန်ငြင်းပုံကိုကြည့်လျှင် ဖရက်ဒီပြောတာ အမှန်ဖြစ်ကြောင်း သိသာသည်။

ဪ···ဒီလိုဖြင့် နဒီကို မြန်မြန်လက်ထပ်ဖို့ ဆုံးဖြတ်တာ တာ သူ့ရည်းစားဟောင်းနဲ့ ရုပ်ချင်းဆင်လို့ပေါ့။

အခုမှပဲ အကြောင်းရင်းကို သိရကာ နဒီရင်တွေ မကျေ ချမ်းနှင့် တုန်ယင်လာရသည်။

ဖရက်ဒီက ဆက်ပြောတော့ သူမနှလုံးသားမှာ ပို၍ပင် ဒိုက်နာကျင်သွားရသည်။

"နေတောက် အမေကလည်း သဘောမတူဘူး၊ နေတောက်ကြီးကြီးကတော့ ပိုတောင်ဆိုးသေးတယ်၊ ဆွေ့ဆွေ့ခုန်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကန့်ကွက်တာဗျာ သိလား၊ ပီနန်သူလေးကလည်း သူ့ကို မယူပါဘူး၊ တခြား ပဲရစ်က ကောင်တစ်ကောင်နဲ့ လက်ထပ်သွားတယ်၊ နေတောက်ကြီး အသည်းကွဲတာ ဘာပြောကောင်းမလဲ ကျွန်တော့်ဆီမှာ လာမူးတာ၊ သီချင်းတွေလည်းဆို၊ မျက်ရည်တွေလည်းကျ၊ ဒီကောင် ကျွန်တော့်ကို တော်တော်ဒုက္ခပေးတယ် တစ်ညလုံး မအိပ်ဘဲ ရစ်နေတာဗျာ''

သြော်…သူ မျက်ရည်ကျလောက်အောင် အသည်းခွဲခဲ့ဖူးသော မိန်းမတစ်ယောက် ရှိဖူးသတဲ့လား။

အသည်းတောင် ဟက်တက်ကွဲခဲ့ရသေးလား။

နဒီ့ရင်ထဲ မချိတင်ကဲကြီးနှင့် သိမ်ငယ်သွားသလို ခံစားရပါသည်။

သူမကိုတော့ ရစ်တူလို့ အစားထိုးဖြေသိမ့်တာပေါ့၊

သူမဟာ ကိုနေတောက်ရဲ့ နာနေတဲ့ အသည်းအတွက် အစားထိုးစရာ မိန်းမအသစ်တစ်ယောက်ပေါ့။

ဒါတွေကို သူတစ်ခါမှပင် ယောင်မှား၍ ဖွင့်ဟမပြော





ဘူးပါ။

သူလည်း နဒီလိုပဲ ရိုးရိုးသားသား အမေသဘောတူတဲ့သူ ယူလိုက်တာပဲ ထင်နေမိတာ။

သူ့အတိတ်ဇာတ်လမ်းမှာ နဒီ့ရှေ့မှာ နဒီနှင့်တူသော မိန်းကလေးတစ်ယောက် ရှိခဲ့ဖူးတာ လုံးဝမသိခဲ့ပါ။

အခုမှပဲ အကြောင်းရင်းခံကို သဘောပေါက်ရတော့သည်။

''နေတောက် မင်းမှာ ဓါတ်ပုံရှိဦးမှာပေါ့၊ မနဒီ အံ့သြသွားအောင် ပြလိုက်ပါလားကွ''

''ဟာ…မရှိပါဘူး''

နေတောက်သည် တားမရဆီးမရသော ဖရက်ဒီကို ကြိတ်ပြီး စိတ်ထဲတင်းပြီး ဒေါသဖြစ်သွားရပါသည်။

မိန်းမလုပ်သူရဲ့ အကြည့်က အေးစက်စက်နှင့် နာကြည်းနေပြီ။ ဒီကောင်တော့ ပြဿနာသယ်လာပြီ၊ အိမ်ခေါ်မိတာ မှားပြီထင်သည်။

''အပိုတွေလျှောက်ပြောမနေနဲ့ကွာ၊ ငါ့မိန်းမက ဝါကယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်သွားဦးမယ်”

“ဟ…တကယ်ပြောတာပဲ၊ မင်းမှာ ဓါတ်ပုံမရှိရင်တော… ငါ့မှာရှိဦးမယ်၊ နောက်တစ်ခါ ငါယူလာပြီး သက်သေပြလိုက်မယ်”

ဒီကောင် ဖရက်ဒီ နဂိုကတည်းက မူးလာတာထင်သည်… သောက်ခင်ပဲ ကျွဲခိုးပေါ်နေပြီ။ နေတောက်က လက်သီးတစ်ချ… ဖတ်ခနဲထိုးပစ်ရင်း…

“တော်ကွာ…မင်း အေးအေးဆေးဆေး သောက်မှာသော… စကားများမှာလား၊ နဒီ ဒီကောင် အလကားလျှောက်ပြောနေ… နော်၊ အဟုတ်မှတ်မနေနဲ့ဦး၊ နဒီ လုပ်စရာရှိရင် သွားလုပ်တော့… ကိုယ်တို့ အေးအေးဆေးဆေး အသားကင်စားဦးမယ်”

ကိုတောက်က သူ့သူငယ်ချင်းစကားကို ဆက်နားမထော… စေချင်ပုံနှင့် နဒီကို မြန်မြန်နှင်သည်။

ဟန်မပျက် အပြုံးနှင့် ပြန်လှည့်ထွက်ခဲ့ရသော်လည်း… ရင်မှာ တောက်လောင်ပူပြင်းသွားရပါပြီ။

အပေါ်ထပ်တက်လာမိပေမယ့် ပန်းချီခန်းထဲလည်း…





…သာဆောင်လေးဆီသို့သာ တစ်လှမ်းချင်း ဖြည်းဖြည်းလျှောက်…ခဲ့မိသည်။

အတွေးထဲမှာလည်း ကိုတောက်သူငယ်ချင်းရဲ့ စကားတွေ…သော ထပ်တလဲလဲ စွဲနေသည်။

ရုပ်ချင်းဆင်လည်းပဲ သူမဟာ ကိုတောက်ရဲ့ ချစ်သူမှ…ဟုတ်တာ။ ခင်နဒီလှိုင်းပြာဟာ ခင်နဒီလှိုင်းပြာသာ ဖြစ်မှာပေါ့။

တခြားဘယ်သူဖြစ်နိုင်ဦးမှာလဲ။

ကိုတောက်ရဲ့ သူမကို ကြည့်ရှုပုံဟာ တစ်ခါတစ်ခါ…လိုမကျသလို၊ စိတ်တိုင်းမကျသလို ဖြစ်ဖြစ်နေတတ်တာသည်…ရည်းစားဟောင်းနှင့် လုံးလုံးလျားလျား မတူညီလို့လား။

အမူအရာနှင့် အကျင့်များက ဘယ်လိုနီးစပ်ပါ့မလဲ။

အဲ… ရည်းစားတုန်းက သူ့အမိန့် မနာခံခဲ့သမျှ နဒီကိုကျ…လောင်းရိပ်မှာ သူ့အမိန့်နှင့်သာ ရှင်သန်လှုပ်ရှားနေစေချင်တော့…မျိုးလား ကိုတောက်ရယ်။

ရှင့်ရဲ့ စိတ်ကျေနပ်မှုတစ်ခုအတွက် နဒီက ရှင်နေစေချင်



www.burmeseclassic.com

www.burmeseclassic.com



သလို နေရမှာလား၊ ရှင် အတ္တမကြီးလွန်းဘူးလား။

နဒီသည် လက်ရှိအခြေအနေအပေါ်မှာ ဘဝင်မကျနိုင်ခြင်းများစွာနှင့် မျက်ရည်ရစ်ဝိုင်းလာမိသည်။

သူမနှလုံးသားက နူးညံ့ပြီး ထိလွယ်ရှလွယ်ရှိတတ်သူပါ။



ယန်းချိကားတစ်ချပ်ပေါ်မှာ အာရုံစူးစိုက်ရင်း ပတ်ဝန်းကျင်ကိုပင် မေ့လျော့ကာ ခပ်အေးအေးနေတတ်သော၊ အနုပညာဦးဏ ပျော်ဝင်နစ်မြုပ်နေတတ်သော၊ စကားပြောလျှင် ခင်မင်ပွင့်လင်းတတ်သော နဒီသည် ဒီတစ်ခါတော့ ခင်ပွန်းဖြစ်သူအပေါ် အခဲမကျေသလိုဖြစ်မိသည်။

နဒီနှင့် မတွေ့ခင်က သူ့ရဲ့နောက်ကြောင်းဇာတ်ရှုပ်တွေကို ကိုယ်လည်းမသိမမိ။

အခုလက်ရှိမှာတော့ ကိုယ်က သူ့ဇနီးဖြစ်နေပြီ။

ခင်နဒီလှိုင်းပြာသည် နေတောက်ပ အိမ်မှာမရှိချိန်များတွင် နေတောက်၏ အဝတ်ဗီရို၊ စာကြည့်စားပွဲ၊ စာအုပ်စင်၊ ကွန်ပျူတာစားပွဲ၊ ခုတင်နားက နံရံကပ်ဗီရို စသဖြင့် တစ်ယောက်တည်း

စိုးမိုး ◈ တာပေ

www.burmeseclassic.com

www.burmeseclassic.com



မွှေနှောက်ရှာဖွေနေလေသည်။

ရှာသာရှာရော ခုထိလည်း သဲလွန်စမတွေ့ရသေးပါ။ သူ ဒီကို ဘာသက်သေအထောက်အထားမှ ယူမလာခဲ့ဘူးထင်သည်။

ဒါဆိုရင် သူရည်းစားဟောင်းနဲ့ ပတ်သက်သော စာတို့ ဓာတ်ပုံတို့ကို သူမာမီအိမ်မှာ ဖွက်ခဲ့တာ ထင်ပါရဲ့။

ဖုန်းနံပါတ်တို့၊ နာမည်တို့ကို သူလက်ကိုင်ဖုန်းမှာ သွင်းထားနိုင်ပေမယ့် သူက ဖုန်းကို ကိုယ်နှင့်မကွာထားတတ်သည်ဖြစ်ရာ နဒီ မစစ်ဆေးရသေး။

ကွန်ပျူတာထဲက ဖိုင်ထဲမှာ သိမ်းဆည်းထားလျှင်တော့ ပိုဆိုးသည်။ နဒီ ကွန်ပျူတာ သိပ်မရ။ ကွန်ပျူတာထဲ မရှာ[illegible]တတ်ပါ။ ဂိမ်းလေးနည်းနည်းနှိပ်ဆော့တတ်တာကလွဲရင် ဘာ[illegible] သေချာမသိ။

အခုမှပဲ လိုချင်တာ သိလို ရှာဖွေလို့မှပဲ မကျွမ်းကျင်[illegible] ခဲ့တာကို နောင်တရချင်သည်။

ကျောင်းမှာတုန်းက ကွန်ပျူတာကိုင်ရမည့်အချိန်[illegible]





လျှောက်လစ်ခဲ့တာ အခုမှ ပြဿနာပဲ။ ဒီလိုမှန်းသိ ပိုင်အောင်လုပ်ထားပါတယ်။

အခုလည်း အားမိန့်တို့က သင်ပေးမယ်ပြောတာပဲ။ သူမကိုက ပျင်းမိတာ။ သူမရဲ့အမှားပင်။

ဗီရိုထဲ မွှေနှောက်ရှာဖွေနေတုန်းမှာပဲ ကားသံကြားလိုက်ရသည်။

"ဟောတော့ ...ပြန်လာပြီထင်တယ်"

နေတောက်က အိမ်ပေါ်တက်လာတာနှင့် မိန်းမကို အရင် ရှာဖွေတတ်သူ။

သော့ကတော့ သူ့ဆီရော၊ နဒီဆီရော တစ်ချောင်းစီရှိတာပဲလေ။

"နဒီရေ"

နေတောက်က နှုတ်ကအော်ခေါ်ရင်း သံပန်းတံခါးရဲ့ သော့ကို လက်ထိုးသွင်းကာ ဖွင့်လိုက်သည်။

"နဒီရေ...ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအပေါ်မှာ ကိုတောက်ရေ"

နေတောက်က လွှားခနဲလှေကားပေါ် ခုန်တက်လာ သူတို့ရဲ့အခန်းထဲ ဝင်လာသည်။

သူ့အဝတ်တွေရော၊ စာအုပ်တွေရော၊ အံဆွဲတွေရော အကုန် ဖွထားသဖြင့် မျက်မှောင်ကုပ်သွားမိရင်း...

"ဘာတွေရှာနေတာလဲ"

"မရှာပါဘူး၊ ရှင်းပေးနေတာ"

"ဒါရှင်းပေးတာ၊ မင်းဘယ်တုန်းက အိမ်ရှင်းတတ်ခဲ့လို့လဲ"

"အခုရှင်းချင်လို့ပေါ့"

"ကိုယ့်အင်္ကျီတွေ ကြေတွန့်ကုန်ပြီထင်တယ်၊ ကျွတ်... ကျွတ် လုပ်လိုက်ပြီကွာ၊ နဒီကတော့"

သူက သူဝတ်မည့်အဝတ်အစားဆို နည်းနည်းလေး တွန့်ကြေမခံဘဲ ကော့ကော့ကျော့ကျော့ တင်းပြောင်နေမှကြိုက်တာ ကိုယ်တိုင်လည်း ဂရုစိုက်သည်။ သူ့အဝတ်အထည်မှာ အနု





အထင်းဆိုလျှင် ခပ်မှိန်မှိန် စပေါ့လေးပင်မရှိစေရပါ။ သေချာလည်း ကြည့်ရှုစစ်ဆေးတတ်သည်။

အခုလည်း မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် သူ့အဝတ် အစားတွေကို ချိတ်နှင့်ချိတ်လျက်သား လုံးထွေးထားတာမြင်တော့ ချက်ချင်း အနားသို့ ရောက်လာသည်။

"ကိုယ်ရှင်းမယ်...ဖယ်...ဖယ်"

နဒီသည် ကိုယ်လိုချင်တာ ရှာမတွေ့သဖြင့် မျက်မှောင်လေး တွန့်ချိုးကာ စိတ်ထဲမကျေနပ်။

သူ့ရည်းစားနှင့် ပတ်သက်တာ တစ်ခုခုတော့ ရှိသင့်သည် မဟုတ်လား။ သက်သေအပိုင်းအစတစ်ခုခုပေါ့။

"မင်းဘာရှာနေတာလဲ နဒီ၊ မှန်မှန်ပြောစမ်း၊ ကိုယ့်ကို ဘာတွေ မယုံသင်္ကာဖြစ်နေရတာလဲ"

သူက တန်းခနဲ ရိပ်မိသည်။

"သူများနောက်ပါသွားတဲ့ ရှင့်ရည်းစားလေ၊ မျက်ရည် ကျလောက်အောင် အသည်းအသန်ချစ်မြတ်နိုးတဲ့ ရည်းစား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ…ဖရက်ဒီစကားတွေ အဟုတ်မှတ်နေပြန်ပြီ၊ ပြဿနာပဲ"

"သူ့ဓာတ်ပုံ နဒီ ကြည့်ချင်တယ်၊ ရှင် ဘယ်မှာဝှက်ထားလဲ"

ပွင့်ပွင့်လင်းလင်း မေးချလိုက်တော့ နဒီ့ဖက် အံ့အားတသင့်လှည့်ကြည့်ကာ သူ ဟက်ခနဲ ရယ်လိုက်သည်။

"မင်းမြင်သာအောင်တော့ ဘယ်ထားမလဲကွာ"

"ဒါဆို ဘယ်မှာလဲ"

"မကြည့်ပါနဲ့၊ ဘာလုပ်မှာလဲ"

"နဒီနဲ့ တကယ်တူတာလား"

"နည်းနည်းလေးဆင်ရုံပါ၊ မတူပါဘူး"

"ဘာပဲဖြစ်ဖြစ် တွေ့ဖူးချင်တယ်၊ ရှင်နဲ့ အဆက်အသွယ်ရှိတုန်းလား"

"အဓိပ္ပါယ်မရှိတာ…ဘာကြောင့်ဆက်သွယ်ရမှာလဲ၊ သူလည်း အိမ်ထောင်ကျသွားပြီပဲ၊ သမီးလေးတစ်ယောက်တောင်





ရနေပြီ"

"ရှင်ဘယ်လိုသိတာလဲ"

"သူငယ်ချင်းတစ်ယောက် ဖုန်းဆက်တုန်းက ပြောလို့ပါ"

"ကိုတောက်ဖက်က အခြေအနေကိုရော သူသိလား"

နေတောက်ပက ခေါင်းညိတ်သည်။

သူနှင့် နဒီတို့ရဲ့ မင်္ဂလာပွဲမှတ်တမ်း ဒီဗီဒီခွေကို ပို့ပေးခဲ့တာတော့ မပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။

"အရမ်းခံစားရလားဟင်…နဒီ့ကို အရင်က ဘာကြောင့် ပြောမပြဘဲ ဖုံးကွယ်ထားတာလဲ"

"နဒီရော အတိတ်ကဇာတ်လမ်းတွေ ကိုယ့်ကို ဖွင့်ပြောလို့လား"

"ဘာရယ်"

"ဥပမာ…နဒီ အဖော် အားမိန်ဆိုတဲ့လူအကြောင်း"

သူ့မျက်နှာ သူ့အပြောကို မယုံနိုင်အောင် ဖြစ်သွားမိသည်။ သူ့ဖွဲ့ချက်က တဆိတ်မပြင်းထန်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



"အားမိန် ... အဲဒါ ရိုးရိုးသားသား ငယ်သူငယ်ချင်းပါ၊ ကိုတောက်ထင်သလို မဟုတ်ပါဘူး"

"သူ့အကြည့်နဲ့ သူ့အပြုအမူက သာမန်မဟုတ်ပါဘူး၊ ကိုယ်မြင်တာနဲ့ သိပါတယ်၊ နဒီကိုဆို သိပ်ဂရုစိုက်ပြီး စေတနာတွေ ပိုနေတာမြင်ရတယ်"

နဒီ ခေါင်းယမ်းရင်း ...

"လုံးဝမဟုတ်ဘူး"

သူက ပြုံးစစနှင့် "ဒါဆိုလည်း ထားလိုက်ပါ" ဟု စကားနည်းရန်စဲသဘောမျိုးဖြင့် ဆိုသည်။

"ကိုတောက်ပနော် ... ရှင့်အပြစ်ကို နဒီအပြစ်လုပ်ဖို့ မကြိုးစားနဲ့"

"ဟား ... ကိုယ့်အပြစ်ဟုတ်လား"

"ရှင့်ရဲ့ရင်ထဲမှာ ရည်းစားဟောင်းပဲရှိတယ်လေ၊ နဒီကို ယူခဲ့ရတာလည်း သူ့ကြောင့်ပဲ၊ သူ့ပယောဂနဲ့ပဲ မဟုတ်လား"

"ရန်မဖြစ်ချင်စမ်းပါနဲ့ကွာ"





သူက ပခုံးလေးကိုဖက်တာ နှစ်သိမ့်ချော့မော့ဖို့ ရည်ရွယ်သည်။

ပခုံးပေါ်က သူ့လက်တွေကို နဒီ ဆတ်ခနဲ ဖယ်ရှားရင်း

"ဓါတ်ပုံရှိလား၊ အခွေရှိလား၊ ဘယ်မှာလဲ ... နဒီကို ပြပါ"

"သိပ်ကြည့်ချင်တယ်ဆိုပါတော့"

သူက ရယ်ကျဲကျဲနှင့် လက်ဆွဲခေါ်လာတော့ နဒီ ရင်ထဲ ထိတ်ခနဲ ခုန်သွားသည်။

သူက ကွန်ပျူတာစားပွဲဆီ ခေါ်ဆောင်လာပြီးလျှင် ကွန်ပျူတာခလုတ်ကို ဖွင့်လိုက်ပါသည်။

"ဘိချ်တစ်ခုမှာ ညဖက်မီးပုံပွဲလုပ်တော့ သူနဲ့ကိုယ်နဲ့ တွဲသာခဲ့တယ်လေ၊ သိပ်ပျော်စရာကောင်းတာပေါ့"

နေတောက်ပက သူ့မျက်နှာလေးမှဲ့အောင် တမင်စလိုက်သည်။

ထင်သည့်အတိုင်း ချစ်ဇနီးအမူအရာ ပျက်သွား၏။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ ထိခိုက်ခံစားရပုံက အထင်းသား။

"ကွန်ပျူတာထဲမှာ သိမ်းထားတာလား"

"ဒါပေါ့"

ကြည့်ချင်ပါသည်ဟု တောင်းဆိုပူဆာခဲ့တာ မှန်ပေမဲ့ တကယ်တမ်း သူဖွင့်ပြတော့မည်ဆိုတော့လည်း ဝမ်းနည်းရင်နင့် လာမိသည်။ ကြေကွဲအားငယ်ချင်သည်။

နေတောက်ပက သူ့ကွန်ပျူတာကို ကျွမ်းကျင်စွာဖွင့်ပြီး နောက် ကီးဘုတ်ကို နှိပ်ရင်း မောက်စ်ကိုရွှေ့ရင်း ဓာတ်ပုံတချို့ ရှာဖွေသည်။

မော်နီတာမှာ ပေါ်လာသော ပုံရိပ်တို့ကို နဒီ မရဲတရဲ ကြည့်နေမိသည်။

"တွေ့လား သူပဲ"

သူက မိန်းကလေးတစ်ဦးပုံမှာရပ်ပြီး ညွှန်ပြသည်။ ... မြင်ဖူးနေသူပါ။

"အံမယ်…နဒီ့ကိုညာလို့ရမယ်ထင်လား၊ ဒါ ရှာ...





...င်းနစ်မယ် ရှာရာဗိုဘာ မဟုတ်လား၊ သိသားပဲ…ဟွန်း"

နဒီက သူ့ပခုံးကို တဖတ်ဖတ်ရိုက်ပစ်လိုက်၏။

"ကိုယ်ကြိုက်တာသူပဲလေ"

"သွား"

မျက်စောင်းထိုးရင်း…

"ဇွေလည်ကြောင်ပတ် မလုပ်နဲ့နော်၊ ရှင် ဝီနန်သူဘယ် ...ပဲ ပြ"

"ဟ…အတင်းပြခိုင်းနေပါလား၊ ဒုက္ခပဲ"

သူသည် နဒီ့ကို စ,နောက်ချင်သလို ရှုရှားက ပြစ်သစ် ...ဒယ်ကောင်မလေးတွေကိုသာ တစ်ယောက်ပြီးတစ်ယောက် ...သည်။

"ဟုတ်လည်းမဟုတ်ဘူး ရှင်ညာတယ်"

"နဒီ ဒေါသထွက်လာလိမ့်မယ်၊ ဒေါသတွေ အကဒ် ...ထွက်လာမယ့်ကိစ္စကို ကိုယ် လူမိုက်အဖြစ်ခံပြီး ဓာတ်ပုံသိမ်း ...ထားလောကွာ၊ မရှိပါဘူး၊ ဒီကမ္ဘာမှာ ကိုယ့်မိန်းမပဲ အချစ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ စိတ်ရှင်းရှင်းထားလိုက်တော့ကွာ၊ နော်"

သူက နဒီ့နှလုံးသားမှာ နာကျင်မှာစိုးသလို ချော့မော့ သိမ့်ရင်း စကားလမ်းကြောင်းပြောင်းဖို့ ကြိုးစားသည်။

"ပန်းချီပညာမှာ ကွန်ပျူတာနဲ့ ကာလာခွဲရတာ ရှိတယ်မဟုတ်လား၊ နဒီလည်း ကွန်ပျူတာ ကျွမ်းမှာပေါ့၊ မေ ယပ်ရှာကြည့်လေ"

"မရှာတတ်ပါဘူး"

"ကိုယ်သင်ပေးမယ်"

"ဟင့်အင်း...မသင်ဘူး"

"ဒါဆို အချစ်အကြောင်းသင်ပေးမယ်"

"အို...ကိုတောက်နော်"

နေတောက်ပက နဒီလှိုင်းပြာရဲ့ ကိုယ်လေးကို ပွေ့ချီကာ မွေ့ယာပေါ်သို့ ချလိုက်သည်။

ထို့နောက် နဒီ့မျက်နှာအနှံ့သို့ ညင်သာစွာ နမ်းရှိုက်

"ကိုယ့်ကိုချစ်လား"





တီးတိုးမေးတာကို နဒီမဖြေ။

ခေါင်းကိုသာ ယမ်းပြသည်။

သူက မချင့်မရဲနှင့် လည်တိုင်လေးပေါ် နှုတ်ခမ်းနှင့် ထိဆော့ကစားတော့မှ နဒီ့ဆီက အသည်းတယား ရယ်သံလေး ထွက်ပေါ်လာသည်။

နဒီရဲ့ ထိုရယ်သံ ခိုးခိုးခစ်ခစ်လေးကို နေတောက်ပ အလွန် သဘောကျသည်။

အပေးအယူမတည့်တာ၊ ဝါသနာချင်းမတူတာ၊ စိတ်သဘောထားချင်း မတိုက်ဆိုင်တာ၊ စကားပြော အဆင်မပြေတာ၊ တစ်ဦးအပေါ်တစ်ဦး အကောင်းမမြင်တာတွေ အားလုံးကို ထိုခဏမှာ နှစ်ဦးသား မေ့သွားကြသည်။

သွယ်ပျောင်းနူးညံ့နွေးထွေးသော နဒီ့ကိုယ်လေးကို နေတောက်ပက မလွှတ်တမ်း ဖက်ထားချင်သလို နဒီလည်း သူ့ရင်ခွင်တွင်းမှ ရုန်းထွက်မသွားနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

နဒီက ရေဗူးထဲမှ ရေသန့်ကို အဖုံးဖွင့်ပြီး မော့သောက်လိုက်သည်။

"မောသွားပြီလား"

"စိတ်မောတာပါ"

"နောက်ဆို နဒီ ပျော်သွားမှာပါကွာ"

သူက နဒီ့လက်ကလေးကို ဆွဲယူကာ လက်ဖမိုးလေးကို အခြတ်တနိုး နှုတ်ခမ်းနှင့် ထိကပ်နမ်းရှိုက်ရင်း … ။

"ကိုယ့်မိန်းမက အရမ်းလှတယ်၊ ဂျင်းဘောင်းဘီနဲ့ လိုက်ဖက်တယ်ကွာ"

နဒီက ဒီနေ့ သူ့စိတ်ကြိုက် ဂျာကင်မရမ်းပြာလေးနှင့် ဂျင်းဘောင်းဘီကို တွဲဝတ်ထားသည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သူကတစ်မျိုး…နဒီဝတ်တဲ့ ကချင်ရိုးရာဆင် လုံချည်
ချိတ်ထဘီတို့ကို အဘွားကြီးတွေမှဝတ်တာလို့ ထင်နေပြီး အဲ
ရိုးရိုးလေးဝတ်ဆင်တာကို မကြိုက်တတ်ပေ။

သူမျက်စိထဲ မတွေ့လျှင် မျက်နှာရှုံ့ပြီး…

"အဘွားကြီးလေး ကျနေတာပဲကွာ၊ အသက်ငယ်
တုန်း ခေတ်ဆန်ဆန်နဲ့ လှတပတလေးတွေ ဝတ်စမ်းပါ၊ ကိုယ်
ပေးထားတာတွေ ဘာလို့ ချောင်ထိုးထားတာလဲ၊ နဒီ အခု
ရင်ဖုံးနဲ့ ချိတ်ဆင်က အသက်ခုနစ်ဆယ်ပြည့်မွေးနေ့မှာ ဝတ်
ထားလိုက်၊ အဲဒါ နောက်မကျဘူးကွာ၊ ရတယ်"

ဟု ဆိုတတ်သည်။

သူဟာ တခြားယောကျ်ားလေးတွေနှင့် ပြောင်းပြ

အားမိန်တို့ဆိုရင် နဒီ ဒီလိုရိုးရိုးရှင်းရှင်း မြန်မာဆ
လေးဝတ်ထားရင် သဘောကျပြီး ချီးမွမ်းနေကြတာပါ။ သူ
ရှုံ့မဲ့ဝေဖန်တာ။

"ကိုတောက်ဝယ်ပေးတဲ့ ဘောင်းဘီကို့ရှိ ကားယာ





သည်း နဒီမှမကြိုက်တာ၊ စကဒ်တွေဆိုလည်း အတွန့်တွေနဲ့ ဖားဖား
အားကားကြီးတွေ ဘာမှန်းလည်းမသိဘူး၊ တိုတဲ့စကဒ်ကျတော့
ဆိုင်ရင် အမြင်မတော်ဘူး၊ သိရဲ့လား"

ဤသို့ပင် နဒီက ဆင်ခြေပြန်တက်ရပါသေးသည်။ သူနှင့်
ဒီဟာ အမြင်ချင်း၊ အကြိုက်ချင်း နည်းနည်းမှ တူညီနီးစပ်မှုမရှိ။

ဝါသနာချင်းလည်း လုံးဝမတူ။

အခုပဲကြည့်လေ…နဒီ အိမ်မှာ အေးအေးလူလူ ပန်းချီ
ဆေးဆွဲလက်စကို သူဒီကိုအတင်းခေါ်လာသည်။

ကျိုက္ကဆံကွင်းထဲ မြင်းစီးဖို့တဲ့လေ။

မြင်းစီးတာနှင့် ဂေါ့ဖ်ရိုက်တာက သူ့ဝါသနာ။ ပိုက်ဆံ
မြန်းတဲ့သူဌေးအလုပ်ဟု နဒီက ဝေဖန်သည်။

ဒါကို သူလက်မခံ။ နဒီကိုပါ ရအောင်ခေါ်လာသည်။

"မိန်းကလေးနဲ့ မြင်းနဲ့ ဘာဆိုင်လို့လဲ၊ အမေတို့သိရင်
ဆူမှာနော်၊ နဒီလည်း မြင်းပေါ်မတက်ရဲဘူး ကြောက်တယ်"

"ဒါအားကစားပဲ၊ မိန်းကလေးလည်း စီးလို့ရတာပဲကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမကြောက်နဲ့၊ ကိုယ်ကောင်းကောင်း သင်ပေးနိုင်တယ်''

''မစီးချင်ပါဘူး၊ မြင်းက ခုန်းစိုင်းပြီး ခုန်ပေါက်ပြေး
ဘယ်လိုလုပ်မလဲ''

''ဟား…ဟား စိုးရိမ်တတ်လိုက်တာကွာ၊ ကိုယ်သင်
မယ်လို့ ပြောသားပဲ နဒီရာ၊ တစ်ယောက်တည်း ဒီတိုင်းလွှတ်
ဦးမှာမှ မဟုတ်တာ၊ ဇက်ကြိုးကို ကိုင်ထားမှပေါ့''

နဒီသည် သူ့အဆွယ်ကောင်းလို့သာ ကွင်းထဲရောက်
ရပေမဲ့ မြင်းဆိုသော သတ္တဝါနှင့် မရင်းနှီးခဲ့တာကြောင့် စိုး
မကင်း ရှိနေရသည်။

''တခြားအားကစားနည်းတွေ ရှိသေးတာပဲကိုတော
ရယ်၊ အခု မနက်စောစော လမ်းလည်းလျှောက်တာပဲ၊ ပြီးတော
တင်းနစ်ရိုက်ရမယ်ဆို တော်သေးတယ်၊ မြင်းစီးမှ အားကစားလို
စားတာ မဟုတ်ပါဘူးနော်''

တောက်ပက သူ့ဇနီးကို အားမလို အားမရကြည့်
သည်။





ကောင်မလေးက ပျော့သည်။ သူနှင့် ရှေ့သွားနောက်
လိုက်မညီ။ စိတ်တူကိုယ်တူ မဖြစ်။

''ရှင့် ဝီနန်မက ရှင်နဲ့ မြင်းအတူစီးလို့လား ဟုတ်လား၊
ရှင်နဲ့ဂေါ့ဖ်လည်း ရိုက်တယ်ပေါ့လေ၊ ဘီလက်ယက်သွားကစားရင်
လည်း ဖဝါးထပ်မျှလိုက်ခဲ့တယ်ဆိုပါတော့၊ အဲဒါ ရှင့်ဝီနန်မက
ပေါက်ကျော်မမို့လို့ နေရာတကာပါတာ၊ ကျွန်မ သူလုပ်တဲ့အလုပ်
တွေ ဘာမှမလုပ်နိုင်ဘူး၊ ဒါပဲ''

''ဟာကွာ…နဒီကလည်း မဆိုင်တာတွေ လျှောက်ပြော
ပြန်ပြီ၊ အဲဒါတွေ ကိုယ့်ခေါင်းထဲ ဘာမှမရှိတော့ဘူး၊ ကျန်ရစ်ခဲ့ပြီ၊
အခု ကိုယ်စိတ်ဝင်စားတာ ကိုယ်နဲ့နဒီနဲ့ ဘဝကိုပဲ''

သူက လေပြည်အေးအေးနှင့် ချော့မော့သလို ဖြေရှင်း
သည်။

နဒီ မျက်နှာလေးကမူ အလိုမကျမှုတွေနှင့် စူပုတ်ပုတ်
တင်းမာနေရသည်။

အရင်ရည်းစားဟောင်းကို မမီဘူးလို့များ သူယူဆထား



www.burmeseclassic.com

www.burmeseclassic.com



သလားမသိ။

နဒီကို တခြား မိန်းကလေးတစ်ယောက်နှင့် ယှဉ်တွေးခံရတာ နဒီ မနှစ်မြို့နိုင်။ အနှိုင်းမဲ့မဖြစ်ရင်တောင် ကိုယ့်ခင်ပွန်းက ကိုယ့်ကိုသာလျှင် အလေးအနက်ထားစေချင်ပါသည်။

"ကိုယ်သွားလေရာ တကောက်ကောက်ပါစေချင်တာလည်း မိန်းမပေါ်ဘဲ သွားရရင် ပျင်းလို့ပါကွာ၊ တလွဲတချော်တွေ မစဉ်းစားပါနဲ့၊ ကဲ…လာ နဒီကို ကိုယ့်မြင်းနဲ့ မိတ်ဆက်ပေးမယ်"

နဒီလှိုင်းပြာ နှုတ်ခမ်းလေးက တင်းတင်းစေ့ထားရာမှ ပြုံးယောင်သန်းလာရသည်။

သူ့မြင်းနဲ့ပဲ မိတ်ဆက်ရဦးမတဲ့။

"ကိုယ်အရမ်းချစ်တဲ့ မြင်းတစ်ကောင်ရှိတယ်ကွ၊ သိပ်လိမ္မာတဲ့ကောင်"

သူများတွေက ခွေးတို့ကြောင်တို့ ချစ်ကြသည်။ သူက မြင်းကိုချစ်သည်။

"လာကြည့်…ဒီကောင်က ဘရမ်ဒီ"





ကြိုးချည်ထားသော မြင်းနီညိုညိုကြီးတစ်ကောင်ကို သူပြသည်။

ခေါင်းကထောင်ပြီး တက်ကြွနေတဲ့ မြင်းအထီးကြီးတစ်ကောင်။ လှတော့ လှသည်။

"ကိုယ်က ဒီတွေနဲ့ အကျိုးပေးတယ်ကွ၊ ဟား…ဟား လာ ဒီကောင်ကြီးကို ကိုင်ကြည့်"

"ဟင့်အင်း…နဒီ မကာပ်ရဲဘူး၊ သူကိုက်ရင်ရော"

"ဟား…ဟား မကိုက်ပါဘူး၊ သူ ကိုယ့်ကိုကောင်းကောင်းသိတယ်၊ တွေ့လား ကြည့်တဲ့ပုံကိုက ရင်းနှီးနေတယ်"

"ကိုတောက်ကိုသိပေမယ့် နဒီကိုမှ သူမသိတာ"

"ရပါတယ်၊ ဘာမှမပူနဲ့၊ သူ့ကို ကိုယ်စီးမယ်၊ နဒီအတွက် မြင်းမလေးတစ်ကောင်ရှိပြီးသား ဘရန်ဒီရည်းစားပဲ"

"အို…ကြီကြီဖန်ဖန်"

"ဟ…တကယ်ပြောတာ၊ ညီမနဲ့ ဒီကောင်က ခြံတစ်ခြံထဲ အတူတူပေါက်ကြတာ၊ ငယ်သူငယ်ချင်းကနေ ကြီးလာတော့



www.burmeseclassic.com

www.burmeseclassic.com



ညည်းစာဖြစ်သွားကြတာတဲ့၊ သူပိုင်ရှင်ကိုယ်တိုင်ပြောပြတာပဲ၊ ဘရန်ဒီကလည်း ညှို့မ မပါရင် ပေကပ်ကပ်နဲ့ မလိုက်ဘူး၊ သူများစီးရင်လည်း သိပ်မကြိုက်ချင်ဘူး၊ ကိုယ်ကတော့ သူ့တစ်ကောင်တည်း မဟုတ်ဘူး၊ ညှို့မပါ ခေါ်ပေးတော့ သူအရမ်းသဘောကျတယ်”

ညှို့မဆိုသော မြင်းမလေးက အေးဆေးစွာ မြက်စားနေ၏။

ကြည့်ရတာ ယဉ်မည့်ပုံရှိသဖြင့် နဒီက လည်ဆံမွေးလေးကို ပွတ်သပ်ပေးလိုက်သည်။

မျက်လုံးဝိုင်းကြီးတွေနှင့် နဒီကို ကြည့်သဖြင့် ရင်ထဲတစ်မျိုး လှုပ်ရှားသွားမိသည်။

“ညှို့မ…ဒါ နင့်သခင်ပဲ၊ မှတ်ထား၊ ကြားလား”

သူက မြင်းကိုပြောရင်း တစ်ဆက်တည်းပင်…

“သူတို့ကို သေချာလေ့ကျင့်သင်ကြားပြီးသားပါ၊ လုံးဝရန်မမူဘူး၊ နဒီ စီးလို့ရတယ်”

“သူ့ပေါ်တက်ရမှာ”

“ဒါပေါ့”





နဒီသည် တစ်ခါမှ မြင်းမစီးဖူးတာမို့ ကြောက်လည်းကြောက်တဲ့ကြားက ပျော်သလိုလိုလည်း ခံစားမိသည်။

ခဏအကြာမှာ သူက နဒီကို ညှို့မဆိုသော မြင်းပေါ်သို့ တင်ပေး၏။ ဘေးကနေ သူဆွဲကာ ဖြည်းဖြည်းလေး တစ်ပတ်ပတ်ပေးသည်။

မြင်းပေါ်ရောက်တော့ အမြင့်ကြီးရောက်နေသလို ခံစားရကာ စိတ်တွေ တက်ကြွမာန်ဝင်လာသည်။

“ခါးမစောင်းထားနဲ့လေ၊ မတ်မတ်ထိုင်”

သူက သူ့မြင်းဘရန်ဒီကိုလည်း ဆွဲလာသေးသည်။

မြင်းနှစ်ကောင်ဟာ တစ်ကောင်နှင့်တစ်ကောင် အပျောက်မခံနိုင်အောင် ချစ်ခင်သံယောဇဉ်ကြီးဟာ နဒီ အံ့သြစွာတွေ့လာရသည်။

ကိုတောက် ပြောခဲ့သော စကားတွေက အနောက်အပြောင်မဟုတ်ပါလား၊ အမှန်ပဲဖြစ်နေတာကိုး။

“သနားပါတယ်နော်၊ သူတို့မခွဲချင်ကြဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အခု ယုံပြီမဟုတ်လား"

"နဒီတို့ ဝယ်ထားရင် မကောင်းဘူးလား"

တစ်ရက်တည်းနှင့် နဒီ သံယောဇဉ်တွယ်မိပြီ။

အကြာကြီးလည်း မစီးရကဲ။ မြင်းဆိုတာ စီးဖို့ဆိုပေမယ့် သူတို့ပင်ပန်းနေမလားဟု ကရုဏာသက်မိသည်။ ကိုတောက်က မြင်းစီးအတော်ကျွမ်းကျင်သည်။

နဒီသည် ခင်ပွန်းဖြစ်သူအား ထိုခဏမှာတော့ အထင်ကြီး သဘောကျမိတာ ညာမရပါ။



သစ္စာပန်း အနီရဲရဲလေးများဖြင့် ထိုးစိုက်ပြုပြင်ထားသော ဖန်ပန်းအိုးရှည်မျော့မျော့လေးကို ဝရံတာထောင့်က စားပွဲပေါ် လှမ်းတင်နေခိုက် ခြံထဲသို့ ကိုတောက် လျှောက်ဝင်လာတာ မြင်ရသည်။

ဓိုးရိုးဖိုက်ဟု ရေးထားသော ဘောလုံးသမား အင်္ကျီပုံစံ စပို့ရှပ်နှင့် ကွာတားပင်နီ ကာကီရောင်ကို ဝတ်ထားသော နေတောက် ပသဏ္ဌာန်က လူငယ်ချာတိတ်လေးတစ်ယောက်လို လန်းဆန်းပေါ့ ပါးနုပျိုနေသည်။

ခြေလှမ်းကျဲကျဲနှင့် ခပ်မတ်မတ်လျှောက်လာပုံက ခပ်ဆေး ဆေးမှပင် ကြည့်ကောင်းနေသည်။

အားကစားလိုက်စားသဖြင့် သူ့ရဲ့ ကိုယ်နေဟန်ထားက ကျစ်လစ်ဖြောင့်စင်း ဝင့်ကြွားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဒီကို လှမ်းမော့ကြည့်ပြီး တစ်ချက်ပြုံးသည်။

ပြီးလျှင် အပေါ်သို့ တောက်လျှောက်တက်လာသည်။

"ဘာတွေ အလုပ်များနေတာလဲ"

"ဒီလိုပဲပေါ့"

"ဒီည မာမီတို့အိမ် သွားကြမလား"

"ကောင်းသားပဲ၊ မရောက်တာ နှစ်ရက်သုံးရက်ရှိနေပြီ"

"ကိုယ့်မိန်းမကို မော့ကြည့်တာ ဒီပန်းရောင်ဝတ်စုံလေးနဲ့ အရမ်းလှနေတယ်ကွ သိလား"

"ဒါ အိမ်နေရင်းအင်္ကျီပါ ဟောင်းပဲဟောင်းနေပြီ"

"ဒါပေမယ့် နဒီနဲ့လိုက်တယ်၊ ဒါမျိုးလေးတွေ ထပ်ဝယ်ဦး"

"မဝယ်ပါဘူး၊ ဝတ်စရာအဝတ်အစားတွေ အများကြီးရှိသေးတာပဲဥစ္စာ၊ မလိုသေးပါဘူး"

"ဟာကွာ…ကျန်တဲ့ဝတ်စုံတွေက ပိုတုံးတွေများတယ်၊ ကိုယ်ကြည့်ကြည့်နေတာပဲ"





"အဲဒါ အရေးကြီးတဲ့ကိစ္စမှမဟုတ်တာ"

"ဘယ်နှယ့် အရေးမကြီးရမှာလဲ၊ မိန်းမဆိုတာ ယောကျ်ားမျက်စိထဲမှာ အမြဲလှနေမှ"

"ဒါဆို နဒီက မလှဘူးပေါ့"

"အဲလိုပြောတာမဟုတ်ဘူး…လှတာကလှပါတယ်"

ရန်တွေ့မှာ စိုးသလို နေတောက်က စကားကို ပြန်လျှောသည်။ သူ့ရည်းစား နိုင်ငံခြားသူလိုတော့ အဝတ်အစားဝတ်တာ ဘယ်ခေတ်မီရဲတင်းပါ့မလဲ။

နဒီ မျက်စောင်းတစ်ချက်ရွယ်ပြီးမှ မျက်နှာ ဆတ်ခနဲ လွှဲပစ်လိုက်သည်။

"ဘာဖြစ်လို့လဲ…ကိုယ့်ဖက်လည်း လှည့်ပါဦး"

"မလှည့်ပါဘူး"

ကြည့်လို့မှမရဘဲ ဘယ်တော့မှ စကားပြောရင် အပေါက်အလမ်းမတည့်။

"ဟ…ကိုယ့်မိန်းမမျက်နှာကိုကြည့်ပြီး ပြောချင်သေးတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

''အပိုတွေလုပ်မနေနဲ့၊ ဒီတိုင်းမကြည့်ဘဲ ပြောလို့လည်း ဘာမှမဖြစ်ပါဘူးနော်''

သူက တစ်ဖက်လှည့်ထားသော နဒီကို ဒီဖက်အတင်းဆွဲလှည့်သည်။

ရေချိုးပြီးစ ဆံပင်လေး မခြောက်တခြောက်နှင့် သနပ်ခါးနံ့ သင်းပျံ့နေသော ချစ်ဇနီးကို နောက်ကျောက်ပက ခပ်တင်းတင်း ဖက်ထားလိုက်သည်။

''အို…ဝရံတာကြီးမှာ၊ ဖယ်''

''ဘာဖြစ်လဲ၊ ဘယ်သူမှမရှိပါဘူး''

နဒီက သူ့လက်ထဲမှ ရုန်းထွက်သည်။ နောက်ကျော စချင်သလို လွှတ်မပေးဘဲ တိုးဖက်ထားသည်။

ထိုအချိန်မှာပင် ခြံမျက်နှာစာရှေ့သို့ ဂျစ်ကားလေးတစ်စီး ရောက်လာသည်။

''ဟင်…အားမိန်တို့ထင်တယ်၊ ဟုတ်တာပေါ့''

ကားရပ်ပြီး အိမ်ဖက်သို့ လှမ်းမော့ကြည့်လိုက်သော





…ကို့က နီးနီးကပ်ကပ် တပူးတွဲတွဲရှိနေသော ဇနီးမောင်နှံကို …တော့ မျက်နှာပူအားနာသွားရသည်။

''ငါတို့တော့ ကြော်ငြာသလိုဖြစ်ပြီ''

''ဘာလို့လဲ''

''ဟိုမှာကြည့်လေ''

နဒီက သူတို့ကြည့်နေတာကြောင့် လူချင်းမြန်မြန်ခွာလိုက်…

''ဟ…သူ့မိန်းမကို အပြင်ခေါ်လို့ရပါ့မလား''

ကိုပေါက်က ခေါင်းကိုဖွကုတ်ရင်း အကြံအိုက်သလိုဆို…

''နဒီရေ''

''လာပြီ…လာပြီ''

နဒီက အောက်ထပ်ပြေးဆင်းကာ တံခါးသော့ကို ကပျာ…ဖွင့်ပေးလိုက်သည်။

''ဘယ်ကလှည့်ဝင်လာကြတာလဲ၊ လူစုံတက်စုံပါလား''

''နဒီမလာတော့ လိုက်လာရတာပေါ့၊ အားမိန်ဝယ်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့အိမ် သဘက်ခါ အိမ်သစ်တက်ပွဲလုပ်မှာလေ”

“သြော်…ဟုတ်သားပဲ”

“အဲဒါ နင်ပါ ဖိတ်စာလိုက်ဝေပေးရမယ်၊ လိုက်ခဲ့

တော့”

နဒီ ငြင်းရလည်း ခက်သွားသည်။

ကိုတောက်က အခုပဲ အန်တီနီလာဆီ သွားကြမယ်

တိုင်ပင်နေတာ။

အားမိန်တို့နှင့် လိုက်သွားရင် ကြိုက်ပါ့မလား။

လူမှုရေးအရ ငြင်းလို့ရော ကောင်းမလားနော်။

“ခဏလေးစောင့်၊ နဒီ အဝတ်အစားလဲလိုက်ဦးမယ်

ဆုံးဖြတ်သလို ပြောလိုက်၏။ ပြီးတော့ လှေကား

ပြေးတက်ခဲ့၏။

“ကိုတောက်”

သူက ဘာလဲဆိုသောပုံစံနှင့် မျက်ခုံးပင့်ပြသည်။

“ကြားတဲ့အတိုင်းပဲ ကိုတောက်ရေ၊ သူ့ဝယ်ချင်း

အိမ်တက်ဖိတ်စာ လိုက်ဝေဖို့ နဒီ အဖော်လိုက်သွားပေးရမယ်





“ဟ…သူဖိတ်စာဝေတာ ကိုယ့်မိန်းမနဲ့ ဘာဆိုင်ပါ့လဲ”

“အို…ဒီလိုတော့ ဘယ်ဟုတ်မလဲ”

“သိပ်သွားချင်တယ်မဟုတ်လား၊ ညကြီးမင်းကြီး

ယောကျ်ားဇလေးတစ်အုပ်နဲ့၊ ကားတစ်စီးထဲ လျှောက်သွားမယ်ဆိုပါ

တော့၊ ဒါက အိမ်ရှင်မပေါ့၊ ယောကျ်ားကိုတော့ အိမ်မှာ ချောင်ထိုး

ထားခဲ့မယ်ဆိုပါတော့”

“သြော်…ဘယ်လိုဖြစ်နေတာလဲ၊ ကိုတောက် လိုက်ချင်

လည်း လိုက်ခဲ့ပါလား”

“ငါက ဘာကိစ္စ လျှောက်လိုက်နေရမှာလဲ”

အပေါ်ထပ်ပြန်တက်လာရင်း ကိုတောက်နှင့် နဒီ တိုးတိုး

တိတ်ကြိတ် ငြင်းခုန်နေရသည်။

သူက ဒီအတိုင်းပဲ။ နဒီ့ကိုဆို ကြံဖန်ခွတိုက်ကပ်ဖွဲ့ချင်

သည်။ ပြဿနာမရှိလည်း ပြဿနာလုပ်ချင်သည်။ နိုင်ငံရပ်ခြား

မှာ နေထိုင်လာခဲ့သူမို့ပေပဲ။

“မာမီ့ဆီသွားဖို့ကိစ္စက ဖျက်လိုက်မှာလား၊ မင်းသူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း အားမိန်က ပိုအရေးကြီးတယ်ပေါ့ ဟုတ်လား"

"ပြန်ရောက်ရင် သွားမှာပေါ့၊ မာမီ့အိမ်သွားတာ နည်း နောက်ကျလို့ရတာပဲ"

"မသွားဘူးကွာ...နေပါစေတော့"

သူသည် နဒီနှင့်ပတ်သက်လျှင် လူမှုရေးစိတ်ဓာ ခေါင်းပါးချင်သည်။ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေကို ဖျက်ဆီးပ ချင်သည်။ သဘောထားလည်း သေးချင်သည်။

နဒီကလည်း အနုပညာစိတ်ရှိတဲ့သူ၊ စိတ်သဘော နူးညံ့သိမ်မွေ့သူမို့ ကိုယ့်အပေါ် ချုပ်ချယ်အနိုင်ပိုင်းတာ မ

နားလည်စိတ်ရှည်ပေးသော သူသာ ဖြစ်စေချင်

အခုတော့ သူဟာ နဒီအပေါ်ဆို လုံးဝနားလည် သူ့စိတ်ကြိုက်သာ သူ့အမိန့်အောက်မှာ ပြားပြားဝပ်စေချင် ယောကျ်ားဝါဒစွဲကိုင်ထားသည်။

ဒီအချိန်မှာ ဒါလုပ်ပါ အမိန့်ပေးချင်သည်။

"မင်းကို ငါကြည့်ကြည့်နေတယ် နဒီ၊ ဒီကောင်





ပတ်သက်ရင် မင်း အကဲကိုပါလွန်းပါတယ်"

"တော်ပြီနော် ကိုတောက်၊ ရှင်နဲ့ကျွန်မ ရန်မဖြစ်ချင်ဘူး၊ အောက်ထပ်မှာ ဧည့်သည်တွေရှိတယ်"

"မင်းရဲ့အကောင်တွေ ငါဂရုမစိုက်ဘူး"

"ရှင်မရိုင်းနဲ့နော်"

နဒီ သူ့ကို စိတ်ပျက်လက်ပျက် ကြည့်မိသည်။

သူငယ်ချင်းတွေကြောင့် လင်မယားရန်ဖြစ်ရတယ်ဆိုသော ပုံစံမျိုးကို သူတမင်ဖန်တီးနေတာ။

အားမိန့်တို့အဖွဲ့ကို သူ အရင်ကတည်းက ကြည့်မရဖြစ်နေ တာ။

သူ့ကိုလည်း ဘာမှမလုပ်ဘဲနှင့် သက်သက်မဲ့ တစ်ဖက် သတ် ရန် ပိုနေတာ။

"နဒီ သွားမယ်၊ ဒါပဲ"

"ကွာ...ကွာ၊ တစ်ခါတည်းလိုက်သွား၊ ပြန်မလာနဲ့၊ ကိုယ်လည်းထွက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်သင့်ရင်လည်း လိုက်ရမှာပဲ၊ ဒီလိုယောကျ်ားမျိုး စိတ်ကုန်ချင်ပြီ"

"ဘာကွ"

သူ ဒေါသထွက်အောင် ပက်ခနဲတုန့်ပြန်ပြီးလျှင် နဒီအောက်သို့ပြန်ဆင်းခဲ့သည်။

အားမိန်တို့ရှေ့သို့ ရောက်လျှင်တော့ ဘာမှမဖြစ်သလို ပြုံးရယ်ရွှင်ပြနေလိုက်သည်။

စိတ်ထဲမှာတော့ အနှောင့်အယှက်ဖြစ်နေသည်။

နေတောက်ပကြောင့် ဖြစ်ရသော စိတ်အနှောင့်အယှက်တွေက သူမကို အတော်ကြီး နှိပ်စက်နိုင်လေသည်။

သူ့ကို နဒီ ဘာကြောင့် လက်ထပ်ခဲ့မိပါလိမ့်ဟု တစ်ခါတစ်ခါ စဉ်းစားမရအောင် ယူကျုံးမရလည်း ဖြစ်မိပါသည်။



သူတို့နှင့်အတူ အိမ်တက်လိုက်ဖိတ်ရသဖြင့် ပြန်လာတော့ နဒီ ခြေတွေညောင်းပြီး လူက မလှုပ်ချင်တော့။

ချည်သားဂါဝန်ပါးပါးလေး လဲလှယ်ကာ အိပ်ရာပေါ် လဲလျောင်းနေမိသည်။

ကိုတောက်က ဒီည သူမကို စကားတစ်ခွန်းမှမပြော။

မျက်နှာကိုလည်း စုပုတ်ပုတ်နှင့် မှိုင်းအုံ့ထားသည်။

သူ့ရဲ့ကိုယ်ပိုင် မီနီဘားမှာ သူတစ်ယောက်တည်း ဝိုင်လား၊ ဝီစကီလားမသိ တစိမ့်စိမ့်သောက်နေသည်။

နဒီကို လှည့်လည်းမကြည့်၊ အရေးလည်းမစိုက်ပေ။

နဝိုကပင် စိတ်အနှောင့်အယှက်ဖြစ်နေပြီးသား ဖြစ်တာကြောင့် ကိုတောက်နှင့် ထပ်မံအခြေအတင် အချီအချ ပြောမနေချင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။

စကားနည်းတော့လည်း ရန့်စဲတာပေါ့။

တစ်အိမ်လုံးမှာ ဒီနှစ်ယောက်ပဲရှိပြီး ဒီနှစ်ယောက်က မခေါ်မပြောတော့ ဘာစကားသံမှပင် မကြားရအောင် တိတ်ဆိတ် ခြောက်ကပ်နေသည်။

လူကညောင်းပေမယ့် ခပ်ငေါင်ငေါင်လည်း ဖြစ်နေ အခန်းထဲက တီဗီကို ရီမုတ်နှင့် လှမ်းဖွင့်လိုက်သည်။

ဟိုတုန်းက ကျော်ဟိန်းနှင့်စန္ဒာ ပါဝင်သော ရုပ်ရှင် လမ်း ပြသနေသည်။

ကျော်ဟိန်းက သူ့ကလေးကို အငိုတိတ်အောင် ချော့ သောအခန်း။ အားပါးတရ ကပြီး ချော့မြူတာ။

ဝီပြင်လှတာကြောင့် တစ်ခဏ ကြည့်နေမိ၏။

အင်း…နဒီတို့အိမ်မှာလည်း ဒီလိုကလေးငယ်ပေါက် လေးတစ်ယောက်သာ ရောက်လာမယ်ဆိုရင် ဘယ်လိုနေမှာပါလိမ့်

အတွေးနှင့်ပင် ရင်ခုန်ပူနွေးသွားရသည်။





ကိုတောက်ကရော ချစ်မှာလား။

အခုလိုပဲ တစ်ခါတစ်ခါ ပြဿနာတက်နေမှာပဲလား။

သူက စိတ်ကောင်းဝင်ရင်တော့ အလွန်အမင်း ကြင်နာ အလိုက်သိတတ်သည်။

မြင်းသွားစီးပြီး ပြန်လာခဲ့တဲ့ ညကဆိုရင် နဒီက ခြေထောက်ကိုက်တယ်ညည်းတော့ သူကိုယ်တိုင် နဒီခြေဖဝါးလေး ကို ညင်ညင်သာသာ ဆုပ်နယ်နှိပ်ပေးခဲ့တာပါ။

လွယ်လင့်တကူလေး နှိပ်ပေးတာမဟုတ်ပါ။

သစ်သားအင်တုံလေးကို အခန်းထဲယူလာကာ။ အင်တုံထဲ မှာ ရေနွေးနွေးနှင့်အတူ လာဗင်ဒါပန်းအဆီ၊ ပူရှိန်း၊ ကလိုဗာရွက် ဆိုလား ဘာတွေဘယ်လို ရောစပ်ထားသလဲတော့မသိ။

ခြေနှစ်ဖက်ကို ထိုရေနွေးထဲ စိမ်ထားရတာနှင့်ပင် သူက သက်သောင့်သက်သာနှင့် အတော်နေလို့ကောင်းသွားပါသည်။

လူ၏ခြေဖဝါးဆိုတာ ဒီလောက်ဆန်းကြယ်ပြီး အရသာ သိတတ်ရသလား၊ အံ့သြစရာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုတောက်က အဲဒီခြေဖဝါးကို နှိပ်နယ်ပေးသောအခါ အင်မတန် အကြောပြေပြီး နေလို့ဖိမ်ကျလှ၏။

နဒီ သဘောတွေကျပြီး ကြည်နူးလိုက်ရတာ မမေ့နိုင်ပါ။ သူ့ကိုကြည့်ရင်း အားလည်းနာမိတာအမှန်။

ဒီညလည်း လူက အရမ်းညောင်းညာနေတာမို့ ကိုတောက်ရဲ့ ဂရုတစိုက်အပြုအမူလေးကို သတိရတမ်းတမိသည်။

ဒီတစ်ခါတော့ ညောင်းတယ်သွားပြောရင် နှိပ်ပေးဖို့နေနေသာသာ နဒီကို စိတ်ထဲက အသံတိတ် ကျိန်ဆဲနေမှာလားပင်မသိနိုင်ပါ။

ပင့်သက်မောလေး တစ်ရှိုက်ကိုသာ ရှိုက်မိတော့သည်။

ကိုတောက်နှင့် စကားပြော အဆင်မပြေသောနေ့တွေဟာ ဘာမှလုပ်မရအောင် သူမ စိတ်အတွေးတွေကို နှိပ်စက်နိုင်လွန်း၏။

မိန်းမတစ်ယောက်ရဲ့ အချစ်အတွက်၊ အိမ်ထောင်ရေးအတွက် ပေးဆပ်ရသော အချက်အလက်တွေဟာ သိပ်များလွန်း၊ တင်းကျပ်လွန်းသည်ဟု နဒီ ထင်မိသည်။





ထိုညက သူမခြေသံကို နားစွင့်ရင်းကပင် သူမတစ်ယောက်တည်း အိပ်ပျော်သွားခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

“ဟိတ်”

နောက်နားကပ်ကာ အသံပြုလိုက်တာကြောင့် နဒီလှိုင်းပြာ ဦယ်လေး ဆတ်ခနဲ တုန်သွားရသည်။ နှုတ်ကနေလည်း ‘အမေ့’ ဟု ယောင်လိုက်မိ၏။

“ဟား...ဟား လန့်သွားလား”

“လန့်တာပေါ့”

“နဒီ စောစောစီးစီး ဘာတွေလုပ်နေတာလဲ”

ကိုတောက်က ကုမ္ပဏီအလုပ်ကိစ္စနှင့် နိုင်ငံခြားသားတွေကို လေဆိပ်မှာ သွားကြိုဖို့ အစီအစဉ်ရှိတာကြောင့် ဒီမနက်တော့ အမ်းလျှောက်မထွက်တော့။

သူ မရရအောင် နှိုးနေကျမို့ မျက်လုံးက အကျင့်ရလာပြီး



www.burmeseclassic.com

www.burmeseclassic.com



နဒီ အစောကြီးနိုးလာသည်။

နောက်ကျမှ အိပ်ရာနိုးရင် ဘာမှမဖြစ်ပေမယ့် စောစောနိုးလာတော့ စောစောဗိုက်ဆာသည်။ ဒါကြောင့် မီးဖိုခန်းထဲဝင်ကာ ကိုယ်တိုင်လုပ်ကိုင်နေရတာ။

သူက နဒီဖွင့်ထားတဲ့ ပက်ကင်စက္ကူကို ကောက်ယူကြည့်ပြီး…

“ခေါက်ဆွဲပြုတ်ပေါ့ ဟုတ်လား၊ သိပ်များခက်ခဲနေမလား နဒီရာ၊ ဟား…ဟား”

“အို…ဘာဖြစ်လဲ၊ ဒါကမြန်တာပေါ့”

နဒီက မာမားခေါက်ဆွဲပြုတ်ထဲ မုန့်ညှင်းနှင့် နံနံပင်ရောကာ ကြက်ဥတစ်လုံး ဖောက်ထည့်လိုက်ရင် ပြီးပြီပဲ။

ကိုတောက်လို အစားအသောက် ကြေးမထူ။

“ဖြစ်သလိုစားတာ ဘယ်ကောင်းမလဲ၊ နောက်နေ့တွေ ကိုယ် ဘရိတ်ဖတ်စ် လုပ်ပေးမယ်၊ ဟုတ်ပြီလား”

“ရပါတယ်၊ ကိစ္စမရှိပါဘူး”





အခုတလော သူ့ရဲ့အလုပ်ကိစ္စတွေ ရှုပ်ယှက်ခတ်နေသဖြင့် ကိုတောက်ပ အရင်လို အချိန်မရ။ အေးအေးလူလူ လုပ်နေလို့မရ။

အိမ်မှာ အကူရအောင် ကောင်မလေးတစ်ယောက် အဖော်ခေါ်မည်ဆိုတော့လည်း ကိုတောက်က မခေါ်စေချင်။

အိမ်သန့်ရှင်းရေးနှင့် အဝတ်လျှော်လာလုပ်ကိုင်ပေးတဲ့ ဒေါ်ငါးဆိုတဲ့ မိန်းမကြီးတစ်ယောက်သာရှိသည်။

တော်ရုံတန်ရုံ အိမ်မှုကိစ္စတော့ ကိုတောက်က မမှုပေ။ ရှက်လင်းတာနှင့် ဖုန်စုပ်စက်နှင့် ဖုန်စုပ်ပြီးသား။ တစ်ခန်းလုံး ရှင်းလင်းမွှေးကြိုင်သန့်ပြန့်နေမှ သူကြိုက်သည်။

သူ့ကိုယ်သူလည်း သန့်ရှင်းသပ်ရပ် ကျော့မော့အောင် နေထိုင်သည်။ သူ့နားက အမြဲတမ်း မွှေးကြိုင်နေသည်။ လန်းဆန်း တက်ကြွနေသည်။

“ဒီနေ့တော့ အချိန်မရတော့ဘူး”

“ကိုတောက် ဘာစားမလဲ”

“ရတယ်၊ နေပစေ၊ ကိုယ်အပြင်မှာ စားလိုက်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ကာကီရောင် စတိုင်လ်ပင်န်နှင့် စပို့ရှပ်အနက်စင်း…
ကိုတောက်ကို နှမျိုးသပ်ရပ်ကြည့်ကောင်းစေပါသည်။

တ်ဆိတ်မွေးညှင်းတို့ ရိတ်သင်ပြီးစ စိမ်းဖန့်ဖန့် …
တစ်လျှောက်ကိုကြည့်တာနှင့်ပင် တစ်မျိုးတဖုံ ဆွဲဆောင်မှုရှိနေ…

ဘာမှဂရုစိုက်မနေပါဘူးဟု သဘောထားတဲ့ကြား…
တစ်ခါတလေ သူ့ကို စိတ်မချချင်သလို ဖြစ်မိသည်။

သူက ကုမ္ပဏီပိုင်ရှင် သူဌေးသားတစ်ယောက်ဖြစ်…
နိုင်ငံတော်တော်များများမှာလည်း လှည့်လည်နေထိုင်ဖူးသူမို့ …
ကတော့ အတွေ့အကြုံချင်း ကွာခြားလှသည်မဟုတ်လား။

အခုရောက်ရှိလာမည့် နိုင်ငံခြားဧည့်သည်တွေ ပြန်…
ရင် ကိုတောက်လည်း ဘန်ကောက်၊ စင်ကာပူ၊ ဂျပန် ခရီးစဉ်…
ကို အတူလိုက်ပါသွားဖို့ အစီအစဉ်ရှိသည်။

အဲဒီကျရင် နဒီက မေမေတို့အိမ် ခဏပြန်နေရမှာဖြစ်…

"ကိုတောက်"

"ဗျာ"





"ဒီနေ့ရောက်မယ့် ဧည့်သည်တွေထဲမှာ ကိုတောက် သူငယ်ချင်း သတင်းထောက်ရောပါမှာလား"

"ဘယ်သူလဲ"

"ကိုတောက် စိတ်ဝင်စားတဲ့သတင်းကို ပေးချယ်သူလေ"

"ဟာကွာ…နဒီ လျှောက်ပြောပြန်ပြီ၊ ဒါက အလုပ်ကိစ္စနဲ့ ပတ်သက်တဲ့လူတွေပါ၊ များသောအားဖြင့် လေးငါးဆယ်အရွယ် လူကြီးတွေလာမှာ၊ မယုံရင် နဒီပါ လေဆိပ်ကို အတူလိုက်ကြိုပေါ့"

"ဟင့်အင်း…တော်ကြာ နဒီလည်း ပန်းချီခန်းသွားမှာ"

နှုတ်ကပြောရင်း နဒီက ခေါက်ဆွဲထည့်ထားသော ကြွေပန်းကန်လုံးကို စားပွဲပေါ်ချသည်။ ထို့နောက် ကော်ဖီဖျော်သည်။

ကော်ဖီပန်းကန် နှစ်စုံလှမ်းဖြတ်ယူရင်း…

"ကိုတောက်လည်း သောက်ပေါ့"

"ကိုယ့်အတွက် နက်စ်လုပ်ပေးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

သူသောက်တဲ့ ကော်ဖီအရသာကို နဒီ ခုထိ မှန်ကန်အော
မဖျော်တတ်သေးပါ။ ဒါကို ကိုတောက်ကလည်း သိသည်။

ကော်ဖီပန်းကန်လုံးကိုကိုင်ကာ တစ်ငုံမော့သောက်ပြီးလျှ
သူဘာမှကြေးမထူ။ ဒီနေ့ အပြင်သွားဖို့ စိတ်လောနေဟန်ရှိသည်

ဂဏိုဂဏျောင် မကျနိုင်ပေ။

ခါတိုင်းလို ထွေရာလေးပါး စကားစမြည် ထိုင်ပြော
လည်း အချိန်မရ။

နဒီတို့နှစ်ယောက်သား ကော်ဖီစားပွဲကထတာနှင့် အပြ
ထွက်ဖို့ ဒုန်းစိုင်းပြင်ဆင်ကြသည်။

သူကတော့ ဆံပင်ကိုလည်း ဂျယ်နှင့်တောက်ပြောင်စိုလ
သပ်ရပ်အောင် ဖြီးထားပြီးသားမို့ အဝတ်လဲရုံပါ။

နဒီကသာ အလှပြင်ဖို့ မှန်တင်ခုံမှာ ထိုင်လိုက်သည်။

မြန်မြန်ဆန်ဆန်ပင် နို့ရည်နှင့် ခရင်မ်ပါးပါးလိမ်းကာ T
Way Cake လေး ရိုက်လိုက်သည်။ မျက်နှာက အနေအော





ဖုံ့ဖုံ့ သိပ်သိပ်လေး ဝင်းပသွားလျှင် မျက်ခုံးဆွဲကာ မျက်ခွံပေါ်
အိုင်းရှဲဒိုး လိမ္မော်ရောင်လက်လက်လေး ခြယ်လိုက်သည်။

ပြီးတော့ နှုတ်ခမ်းကိုလည်း လိမ္မော်သွေးဖျော့ဖျော့
လစ်ဂလော့စ် Lip Gloss လေးသာ တင်လိုက်သည်။

နေတောက်ပက အကျႌကြယ်သီးတပ်ရင်း သူမအလှပြင်
နေတာကို တစ်ချက်ကြည့်မိသည်။

ဂျပန်ရောက်တဲ့အခါ သူမအတွက် အလှပြင်ပစ္စည်းတွေ
ဝယ်လာဖို့ စိတ်ကူးမိသည်။

နဒီက သူမဆံပင်ကို shine ဖြစ်အောင်တော့ (Care)
လုပ်ထားသည်။ ဒါလေးတစ်ခုတော့ မဆိုးပါ။ ဂရုတစိုက်ရှိရှာ
သား။

မှန်ထဲကနေ နဒီ သူ့ကိုကြည့်တော့ ခရင်မ်ရောင်အနောက်
တိုင်းဝတ်စုံနှင့် အဝါအစက်အပြောက် လည်စည်းလေးနှင့် ရှင်းသန့်
ခန့်ညားသွားတာ တွေ့ရသည်။

အရပ်အမောင်းကောင်းပြီး ခန္ဓာကိုယ် ကျစ်လျစ်လှပတော့



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းဝတ်စုံနှင့် ပိုမိုကြည့်ကောင်းသည်။

“ဘယ်လိုလဲ၊ အဆင်ပြေတယ်မို့လား”

နေတောက်ပကလည်း သူမအကြည့်ကိုသိသည်။ မျက်ခုံးပင့်ပြီး ခပ်မြောက်မြောက်လုပ်ပြသည်။

“သာမန်လောက်ပေါ့၊ ကြည့်ရမဆိုးပါဘူး၊ ကောင်းပါတယ်”

“ဟား…ဟား မိန်းမ ကိုယ့်ကို ဒီတစ်ခါတော့ ဂျလက်စ်ဖြစ်နေပြီ”

“အမယ်…ဘယ်မှာဖြစ်လို့လဲ”

“မျက်နှာလေးကြည့်ရင် သဘောပေါက်ပါတယ်၊ ကဲ မြန်မြန်လုပ်၊ လစ်ရအောင် နဒီကို ကိုယ်ဝင်ပို့ပေးခဲ့မယ်”

“အချိန်ရောရလို့လား”

“ကိုယ့်မိန်းမအတွက်ဆိုတော့ ကြံဖန်အချိန်ဆွဲ ထုတ်ရမှာပေါ့၊ မင်းသာ မြန်မြန်လေးပြင်”

“အင်းပါ”





ဆံပင်လေးကို နည်းနည်းယူကာ လိပ်ပြာပုံ ညှပ်ကလစ်လေးနှင့် ညှပ်ပြီးသောအခါ သူမက လိမ္မော်နှင့် အဖြူကွက်တွေ ရောထားသော ဂါဝန်ပုံဆန်းဆန်းကို ဝတ်ဆင်လိုက်ပါသည်။ ကိုတောက်က သူမနောက်ကျောက ဇစ်ကို ဆွဲပိတ်ပေးသည်။

“ဒီနေ့ အရမ်းလှနေတယ်၊ ကိုယ်သာ ခရီးထွက်သွားရင် မင်း စိတ်တိုင်းကျ လွတ်လပ်နေတော့မှာပဲ”

“ဘာပြောတာလဲ…အဲဒါ”

“ဘာမှမဟုတ်ဘူး၊ ဆောရီး”

နဒီ မျက်စောင်းထိုးတာနှင့် သူက ဆောရီးလုပ်ကာ ဆွဲခေါ်ဆောင်လာသည်။

တံခါးတွေပိတ်ကာ နေတောက်ပနှင့် နဒီလှိုင်းပြာတို့ ကား ကြပြီး ထွက်လာကြသည်။

တစ်ခါတစ်ရံတော့လည်း သူတို့ဇနီးမောင်နှံနှစ်ယောက်မှာ ဤသို့ အဆင်ပြေသင့်မြတ်နေတတ်ပြန်ပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က နေတောက်ပ ပြန်ရောက်ပြီး တစ်နာရီခန့်ကြာမှ နုဒီလှိုင်းပြာ ပြန်လာသည်။

အားမိန်တို့က လိုက်ပို့တာမို့ သူတံခါးဝမှာ ရပ်ကြည့်နေပြီး နုဒီ လျှောက်လာလျှင် မျက်နှာထားတင်းတင်းဖြင့်…

"ဘယ်တွေလျှောက်သွားနေတာလဲ၊ ရန်ကင်းကို ဖုန်းဆက်တော့လည်း မရှိဘူး"

"ဗိုလ်ချုပ်ဈေး လိုက်သွားတာ"

"အားမိန်တို့နဲ့လား"

"အင်း"

"မိန်းကလေးအဖော် မပါဘူးလား"

"အိုး…မေးလိုက်မြန်းလိုက် စစ်ဆေးလိုက်တာနော်၊ ခဏ



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ အမောဖြေရသောက်ပါရစေဦး"

"မင်းမောလာတာ ကိုယ်မှမသိတာ၊ မင်းမျက်နှာ ပြုံးနေတာပဲတွေ့တယ်"

"သြော်...ပြုံးမိတာလည်း အပြစ်ပဲပေါ့"

နဒီက ထမင်းစားခန်းဖက် လျှောက်လာပြီး ရေတစ်ဖန်ခွက်ကုန်အောင် သောက်ပစ်လိုက်သည်။

"ဆယ့်ရှစ်ရက်နေ့ ဘန်ကောက်သွားရမယ်"

"ဟင်...သဘက်ခါပေါ့"

"ဟုတ်တယ်လေ၊ ဒါကြောင့် လိုတာလေးတွေ ပြေးလွှားနေရတယ်၊ အဝတ်အစားတွေတောင် မထည့်ရသေးဘူး၊ ကိုယ်လုံးဝမအားဘူးဖြစ်နေတယ်၊ ပြန်လာလိုက်ရင်လည်း မင်းအိမ်မှာမရှိတာချည်းပဲ"

"အို...အိမ်ထဲတစ်ယောက်တည်း ဘယ်သူနေချင်မှာလဲ"

"ကဲ...ကဲ ဆင်ခြေတွေမပေးနဲ့တော့၊ လာခဲ့ ကိုယ်နဲ့





အတူတူ အိတ်တွေပြင်ရအောင်"

သူနှင့်နဒီတို့ အပေါ်ထပ်က အခန်းထဲသို့ ဝင်လာသည်။

နဒီကတော့ သူ့လိုမတက်ကြွဘူးပေါ့။

သူကြည့်ရတာတော့ ပြည်ပခရီးအတွက် ပျော်ရွှင်ကျေနပ်နေပုံပေါ်သည်။

နဒီ့ရင်ထဲမှာတော့ ဘာရယ်ဟုပြောပြရခက်သော လေးလံတင်းကျပ်မှုရှိနေသည်။

အလုပ်ကိစ္စ အကြောင်းပြရင်း နိုင်ငံခြားတစ်နေရာမှာ ချစ်သူဟောင်းနှင့် မဆုံတွေ့ပါဘူးဟု ဘယ်သူပြောနိုင်ပါ့မလဲ။

သူမ တွေဝေငေးနေမိတာမို့ ကိုတောက်က...

"ဟာ...ဘာငေးနေတာလဲ၊ ဘာမှပိုင်းမထည့်ပေးတော့ဘူးလား"

"ကိုတောက်ယူမယ့်ဝတ်စုံတွေ ဒီဖက်ပို့ပေးလေ၊ နဒီမှသေချာမသိတာ"

နေတောက်ပက သူ့ဘီရိုကို ဆွဲဖွင့်၍ ယူစရာရှိတာတွေ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ ဆွဲချနေသည်။

ပြီးလျှင် ကိုယ်တိုင်မီးပူတိုက်၍ ခရီးဆောင်သေတ္တာထဲ ထည့်သိုသည်။

သူခရီးထွက်ရမယ်ဆိုတော့လည်း ရင်ထဲလစ်ဟာ ဝမ်းနည်းချင်သည်။

အသွင်မတူကြပေမဲ့ နှစ်ဦးအတူ ဒီအိမ်လေးထဲ နေထိုင်လာခဲ့ကြတာပဲမဟုတ်လား။

သူ ဘယ်လောက်ကြာကြာ နေမလဲမသိ။ ဗီဇာကတော့ တစ်လယူထားသည်ထင်သည်။ သူ့စာအုပ်ကို နဒီလည်း ယူမကြည့်။ သူ့ဘာသာ စစ်ဆေးပြီး သူလွယ်မည့်ကျောပိုးအိတ်ဘေးဇစ်ကို ဆွဲဖွင့်ပြီး အသေအချာထည့်သည်။

သူလုပ်ကိုင်နေပုံက မြန်ဆန်သွက်လက် သေသပ်သည်။ နဒီလို ဖြုတ်စဗျင်းတောင်းမဟုတ်။

"နဒီ"

သူက ဖျတ်ခနဲ မော့ကြည့်ပြီး ခေါ်လိုက်တော့ နဒီ သူ့ကို





ငေးနေတာ မိသွားရသည်။

"ဘာလို့ မျက်နှာပျက်နေတာလဲ၊ ကိုယ် ဖုန်းဆက်နေမှာပါ"

ဒီလိုကျတော့လည်း နဒီမျက်နှာရိပ် မျက်နှာကဲကို သူဖမ်းတတ်ပါလား။

"အပြင်သွားရင် ညဥ့်နက်ထိအောင် မနေနဲ့နော်၊ မင်းတစ်ယောက်တည်း ကောင်းကောင်းဂရုစိုက်၊ အချိန်မတော်တွေလည်း ရေမချိုးနဲ့ဦး၊ ကျန်းမာရေးလည်း သတိထား"

"အင်းပါ"

အခုတော့လည်း တစ်ဦးကိုတစ်ဦး ခွေးခဏလေးတောင် မခွဲချင်သလို ဖြစ်ရသည်။

စိတ်တွေဟာ ဘာကြောင့် အရည်ပျော်ယိုင်နဲ့ချင်ပါလိမ့်နော်။

သူ့စကားသံ ပျော့ပျောင်းနူးညံ့ ညင်သာနေတာမို့ နဒီနှလုံးသားက ပျော့ယိုင်သွားရတာလား။



www.burmeseclassic.com

www.burmeseclassic.com



အို…မသိတော့ပါဘူး။

သူသွားနေခိုက် နဒီ လွမ်းကျန်ရစ်မှာတော့ သေချာသည်။ တဲနေထိုင်ထားသော သံယောဇဉ်ကြိုးတစ်ချောင်းက မထင်မှတ်အောင် ပဲ ခိုင်မာနေပြီ။

သူ့ပခုံးပေါ် ခေါင်းလေးမှေးတင်ကာ နဒီ သူ့ကိုချုံ့ချင် လာသည်။

ထိုညက ညစာအတူစားတော့လည်း နဒီတို့နှစ်ယောက် တိတ်ဆိတ်နေမိကြသည်။

သူကတော့ နဒီလို တွေဝေလွမ်းဆွတ်နေမှာမဟုတ်ပါဘူး လေ။ ခရီးစဉ်တစ်လျှောက် သွက်လက်ဖျတ်လတ်နိုးကြားပြီး ပျော်ရွှင်တက်ကြွလန်းဆန်းနေမှာပါ။

သူက ဘဝကို အချိန်ဇယားနှင့် စနစ်တကျ ဖြတ်သန်း တတ်သူမို့ သူ့ရဲ့တစ်နေ့တာ အချိန်မှာ နဒီကို လွမ်းဆွတ်သတိ ချိန် ဘယ်လောက်ရယ်လို့ သတ်မှတ်ချက်မရှိတာမို့ သူသတိရချင် လည်း မထင်ပါ။





သူ့အတွေးထဲမှာ ဘယ်သူရှိနေမလဲ သိချင်လှပါဘိ။

ထိုညက ကြားနေရသော သီချင်းသံလေးကလည်း နဒီ့ နှလုံးသားကို တစ်နည်းတဖုံ သိမ်းကျုံးညှို့ငင် ဆွဲယူနိုင်သည်။

ကိုတောက် မကြာခဏ နားထောင်တတ်သော မြန်မာ သီချင်းတွေထဲမှာ ထိုသီချင်းကို နဒီပင် ရ,စပြုနေပြီ။ R ဇာနည်နှင့် ကြိုးကြာတို့ရဲ့ အသံလေးကလည်း ဆွဲအားရှိလှသည်။

ကိုယ့်ဘဝရယ် နေ့တွေရယ် ×××

ကိုယ့်ဘဝရဲ့ ညတွေတိုင်း ×××

တိတ်တဆိတ်နဲ့ အချစ်ဝင်လာ ×××

နေဝင်ချိန် နေထွက်ခဲ့ခြင်းတွေလို ×××

ကိုယ့်စိတ်ဟာ မပြောင်းသွားဘူး ×××

လျှို့ဝှက်ချက်တစ်ခုနဲ့ နေဝင်ပြီးမိုးချုပ် ×××။

ဆုံမှတ်တို့လွဲနေ ××× တားမြစ်ချက်တို့ရှိနေပြီ ×××

ချစ်လျက်နဲ့ ××× ဆုံမှတ်တို့တွေ့ချိန်မှာ မင်းနဲ့တို့လွဲနေ

ချစ်လျက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘက်မှာ စောင့်ခဲ့တယ် ××× ကိုယ့်ဘက်ကိုလာနိုင်

မလား ×××

အနောက်ဘက်လမ်း ×××ကိုယ်ကလည်းစောင့်နေဆဲ

ရပ်နေတုန်း ×××

မင်းစိတ်နဲ့ သွားအဝေး ××× ခေါ်နေသံမကြားရဘူး×××

အို ×××မင်းနဲ့နီးလာလည်း ခေါ်သံမကြားတော့ဘူး×××

မြင်နေတယ် အော်ခေါ်ပြီးပြောချင်လည်း ××××

အားမရှိတဲ့ စကားတို့နဲ့ ×××

လျှို့ဝှက်ချက်ရှိခဲ့တော့ နေဝင်ပြီးမိုးချုပ် ××××။

နဒီသည် ဝရံတာလေးကနေ တိတ်ဆိတ်သော မိုးကောင်းကင်ကြီးကို မော့ကြည့်ရင်း သီချင်းလေးကို ငြိမ်သက်စွာ နားထောင်နေမိသည်။

ကိုတောက်က ဒရင်းဘက်ခ်ပေါ် လှဲရင်း မျက်လုံးမှိတ်ထားသည်။

သီချင်းက သူ့ခံစားချက်နှင့် တိုက်ဆိုင်နေလို့လား။





ဆုံမှတ်တို့လွဲချော်ပြီး မြန်မာပြည်က ခင်နဒီလှိုင်းပြာနှင့် နဖူးစာအကြောင်းပါခဲ့တာကိုပဲ ရင်ထဲ မချိတင်ကဲများ ဖြစ်နေလို့လား။r

စိတ်ထဲ ယောက်ယက်ခတ်အောင် လျှောက်တွေးနေမိသည်။

ကောင်းကင်မှာ ကြယ်ပွင့်တို့ များစွာလင်းလက်နေသည်။

အေးချမ်းသော ညလေးတစ်ညမှာ နဒီရင်ထဲ မငြိမ်းချမ်းနိုင်။ တင်းတင်းကျပ်ကျပ်ကြီးနှင့် ဘာကို အလိုမကျဖြစ်နေမိသလဲ။

သူ့ကို စိတ်မချခြင်းပဲလား။

တကယ်တော့ နေတောက်ပဆိုတာ နဒီခင်ပွန်းပဲလေ။

သူ့စိတ်ထဲမှာ ဘယ်သူပဲရှိနေနေ လူကတော့ နဒီ့နားမှာပဲ နေတာမဟုတ်လား။

ဒါကို ကျေနပ်သင့်ရဲ့လား။

နဒီ ငေးမောငြိမ်သက်နေဆဲမှာ သူက ပခုံးကလေးကို နောက်ကနေ အသာအယာ ဆုပ်ကိုင်လိုက်တာမို့ ရင်ထဲ ဒုတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



မြည်အောင် အခုန်မြန်သွားရသည်။

သူ့လက်ဖဝါးရဲ့ အတွေ့က နွေးထွေးနေသည်။ သူ့

ဆံပင်လေးတွေကို ဖွဖွလေး ထိတွေ့နမ်းရှိုက်တော့ နဒီ့ရင်ထဲ လှုပ်

လှုပ်ရှားသွားရသည်။

သူ့ဆီက ရနေကျ စီးကရက်ရနံ့နှင့် ပိုင်နိုသင်းသင်းလေးက

ဒီတစ်ကြိမ်မှာ ထူးဆန်းစွာ နဒီကို ယစ်မူးစေသည်။

ရင်ထဲ ငြိမ့်ခနဲ ဗိုနွေးသွားရပြီးနောက် နဒီ သူ့ရင်ခွင်ထဲ

အလိုလိုရောက်သွားတော့သည်။

ကိုတောက်က နဒီ့ကို ပွေ့ဖက်ကာ ဝရံတာမှ အခန်းတွင်း

သို့ ခေါ်လာသည်။

နဒီ့ကိုယ်လေးကို ဖက်ထားလျက်နှင့်ပင် သူ့ အိပ်ရာပေါ်

သို့ လှဲချလိုက်သည်။

သူမ လူးလဲထဖို့ ပြင်ပေမယ့် နေတောက်က မလွှတ်။

ရင်ခွင်ထဲမြုပ်နေအောင် ဖက်ထားသည်။

နွေးထွေးသော သူ့နှုတ်ခမ်းတွေက နဒီ့လည်တိုင်နုနုလေး





ဆီသို့ မွှတ်သိပ်ပြင်းပြစွာ ကျရောက်လာသည်။

နဒီ အသက်ရှုပင်မှားသွားရ၏။ ရင်ထဲ ခုန်ပေါက်လှုပ်ရှား

နေရှိစွာ သူ့ရင်ခွင်မှာ ငြိမ်သက်မိသည်။

"ချစ်ဖို့ကောင်းတယ်ကွာ"

တိုးတိုးလေး ရေရွတ်လိုက်သံက နဒီ့ရင်ထဲက သောက

များကို မောင်းထုတ်ပေးနိုင်သည်။

သူ့ကို နဒီ ချစ်နေပြီလား။

သူ့လည်ပင်းကို အမှတ်တမဲ့ သိုင်းဖက်ထားမိသည်။ ဘာ

ကြောင့်မှန်းလည်း မသိတော့ပါ။

ခဏလေးပင် မခွဲချင်ဘူးဆိုတာ သူ့ထံ ဝန်ခံပြောပြရင်

ကောင်းမလား။

သူရောင့်တက်ပြီး အချစ်ပေါ့သွားမလား စိုးရိမ်ကာ နဒီ

တိတ်ဆိတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

လေဆိပ်ဆင်းရမည့် နံနက်ခင်းမှာ ဘရိတ်ဖတ်စ်ကို အနည်းငယ်သာ စားပြီးနောက် နေတောက်ပက ယူဆောင်သွားရမည့် ခရီးဆောင်သေတ္တာနှင့် အထုပ်အပိုးများကို စစ်ဆေးပြီး အိမ်ရှေ့ဘံခါးဝမှာ အသင့်ချ၍ ကြိုတင်စောင့်ဆိုင်းနေလေသည်။

နံနက်ခုနစ်နာရီခွဲခန့်မှာ ကုမ္ပဏီပိုင် မီနီဘက်စ်အသေးလေးဖြင့် ကိုတောက်ကို လာကြိုသည်။

ကားပေါ်မှာ တခြားနိုင်ငံခြားသား အမျိုးသား အမျိုးသမီးတွေလည်း ပါသည်။

အစစအရာရာ ကြိုတင်ပြင်ဆင်မှုရှိသော ကိုတောက်က အားရောက်တာနှင့် အဆင်သင့်အနေအထားရှိနေသည်။

သူ့မာမီနှင့် နဒီဖေဖေ မေမေတို့ကိုလည်း ကန်တော့ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီးပြီမို့…

"ကိုယ်သွားမယ် နဒီ"

နဖူးလေးကို ခပ်ဖွဖွထိနမ်းလျက် သူနှုတ်ဆက်သည်။

ခွဲခွာရမှာ စိတ်ထဲထိခိုက်လွမ်းဆွတ်ချင်မိသည်။ နဒီ

နှစ်ယောက် တစ်ခဏ အကြည့်ချင်းဖလှယ်မိကြသည်။

နဒီ သူ့ကိုအားတင်းကာ ပြုံးပြလိုက်သည်။

ကိုတောက်ရဲ့အိတ်တွေ သေတ္တာတွေကို ကောင်လေ

တစ်ယောက်က ကားပေါ်တင်ပေးသည်။

သူမက ကားနားအထိ လိုက်ပို့ပြီး ကိုတောက်တို့ ကား

လေးထွက်သွားတဲ့အထိ လက်ပြကျန်ရစ်သည်။

ကားလေးဝေးသွားသောအခါ နဒီ့ရင်ထဲလစ်ဟာ

တာဖြစ်ကျန်ခဲ့ရသည်။

မေမေတို့အိမ် အခိုက်အတန့် ပြန်နေမည်ဆိုပေမယ့် အဝတ်

အစားတွေက အစကတည်းက ဒီမှာရှိပြီးသားမို့ သူမက ပန်း

ပစ္စည်းတွေသာ သယ်ချလာခဲ့တာ။





ကိုတောက် ခရီးထွက်လျှင် သူမကို အချိန်ဇယားသတ်

မှတ်ပေးပြီး ဒါပြီးရင် ဒါလုပ်ဟုလည်းအားက ပြောမည့်သူမရှိသ

ဖြင့် စိတ်ကြိုက်လွတ်လွတ်လပ်လပ် နေရပြီမို့ ပျော်ရွှင်ပေါ့ပါးနေ

သင့်ပါလျက် သူမ ပျင်းခြောက်ခြောက်ကြီး ဖြစ်နေသည်။

ပန်းချီလည်း မရေးချင်။

မေမေတို့အိမ်က အပျိုတုန်းက အခန်းထဲမှာ လုံအိပ်ရင်း

မနေတတ်သလိုကြီး ဖြစ်နေမိ၏။

ထို့ကြောင့် သူမရဲ့သူငယ်ချင်း ဖူးပွင့်သင်းဆီ ဖုန်းခေါ်

လိုက်သည်။

"ဟဲလို"

"အမယ်…ထူးထူးဆန်းဆန်းပါလား၊ ဖူးဆီ ဖုန်းတွေဘာ

တွေဆက်လို့"

"နဒီ သတိရပါတယ်နော်"

"ယောကျ်ားရပြီးကတည်းက အချိုးပြောင်းသွားတဲ့မိန်းမ

က ဆို…ဘာကိစ္စလဲ နင်ကိစ္စနဲ့ဆက်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟယ်…ဒီတိုင်းပျင်းလို့ သတိရလို့ပါ"

"အပိုတွေပါနော်"

"ဪ…တကယ်ပါဆို"

"ဒီနေ့…(Xebec)ဇီးဘတ်ကို မသွားဘူးလား"

"နဒီ နားမယ်ပြောထားတယ်"

"ဟိုကောင်တွေတော့ ပျင်းနေပြီပေါ့"

"ဖူးပွင့်အားရင် အိမ်ကိုလာလည်ဦး"

"နင်တို့ရဲ့ တူနှစ်ကိုယ်တိုင်းပြည်ကို လာရမှာလား၊ ကိုခ…
တောက်ရော"

"သူ ခရီးသွားတယ်"

"ဪ…ဒါကြောင့်ကိုး"

"အခု မေမေတို့ရဲ့ ခုနစ်မိုင်အိမ်မှာ"

"ဟုတ်လား…ဒီညနေ ဖူး လာခဲ့မယ်၊ ညဖက် သူငယ်…
ချင်းတွေစုပြီး ဘူဖေးသွားမစားရတာလဲ ကြာပြီ၊ အားမိန်တို့…
ဖုန်းဆက်ထား"





"နင်ဆက်ပေါ့"

"သူတို့ဝမ်းသာသွားမှာ သိရဲ့လား၊ ဒါနဲ့ နဒီရေ နင်တို့တွေ မန္တလေးပန်းချီပြပွဲအတွက် သွားရမှာဆို၊ သူရုနဲ့ ကိုပေါက်ကဖူးကိုပါ အတင်းခေါ်နေတယ်"

ပြပွဲလုပ်ဖို့ အစီစအဉ်ရှိတာတော့ သိပါသည်။

ဘိုသော် နဒီလိုက်ဖို့ မလိုက်ဖို့တော့ အားမိန်တို့အဖွဲ့နှင့် မတိုင်ပင်ရသေး။

"နဒီကို အရင်ခေါ်လို့၊ နဒီလိုက်ရင် ဖူးလည်းလိုက်မယ်လို့ ပြောလိုက်တယ်၊ သူတို့ နင့်ဆီရောက်လာသေးလား"

"မလာသေးဘူး"

"နင်တို့လင်မယားနှစ်ယောက်လုံးကို ပါအောင်ခေါ်မှာတဲ့နော်"

"ကိုတောက်မှ အလုပ်မအားတဲ့ဥစ္စာ"

"အင်းလေ…အခုတော့ အဆင်ပြေပြီပေါ့၊ နင်ပါရင်ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နဒီ စိတ်တွေလှုပ်ရှားသွားသည်။ သူမှ ခရီးမထွက်ရတာ လည်းကြာပြီ။ သူငယ်ချင်းတွေနှင့် လွတ်လွတ်လပ်လပ် လျှောက်သွားရမှာ ပျော်စရာ။

"နင်ပြင်းရင်တော့ ငါလည်းမလိုက်ဘူးနော်၊ ဒါပဲ၊ မိန်းက လေးအဖော်က နဒီနဲ့ ဖူးနဲ့ပဲရှိတာ"

"အေးပါ…နဒီ စဉ်းစားပါရစေဦး"

"ညနေလာတော့မှ ဆက်တိုင်ပင်ကြမယ်သိလား"

"အင်း…အင်း"

"ဒါပဲနော်"

ဖူးပွင့် ဖုန်းချသွားလျှင် နဒီသည် ထိုကိစ္စကို ဖေဖေ့ထံ ခွင့်တောင်းဖို့ စဉ်းစားမိလေသည်။



နဒီနှင့် ဖူးပွင့်တို့ အိပ်ရာပေါ် အတူတူလဲလျောင်းရင်း စာအုပ်ဖတ်၍ ညောင်းသောအခါ မဂ္ဂဇင်းကို ချထားလိုက်သည်။

"နဒီ"

"ဟင်"

"ကိုတောက်ပနဲ့ အတူတူနေရတာ နင်ပျော်လား"

"ပျော်တယ်ရယ်လည်း မဟုတ်ပါဘူး၊ ဒီလိုပေါ့၊ လင်နဲ့ မယား လျှာနဲ့သွား ဆိုတာမျိုး ကတောက်ကဆဖြစ်တာတွေလည်း ရှိတာပေါ့ဟယ်"

"နင်ပြောပုံနဲ့ ယောကျ်ားယူချင်စိတ်တောင် ကုန်ပါတယ်"

"ဒါကတော့ မြည်းကြည့်မှပဲ အဆိုးအကောင်း သိရမှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာတော့ နင်တို့ဘဝက အဆင်ပြေနေသားပဲ"

"အားကျရင် နင်လည်းယူပေါ့ ဖူးရဲ့"

"ဟင်…ကြည့်စမ်း"

"လွတ်လပ်မှုတွေတော့ ဆုံးရှုံးသွားတာအမှန်ပဲ။ အိမ်ထောင်သည်ဖြစ်လာတော့ အရင်လိုနေလို့မရတော့ဘူး။ အခု မန္တလေးလိုက်ချင်တာတောင် မေမေတို့ သူ့မာမီတို့ဆီ အရင်ခွင့်တောင်း၊ ပြီးရင် ကိုတောက်ဖုန်းဆက်ရင် အကျိုးအကြောင်းပြော၊ ဒါတောင် ပေးလွှတ်ဦးမှ ကိုတောက်က ဘာမဟုတ်တာလေးလည်း သဝန်တိုတယ်"

"ဟုတ်လား…ဘယ်သူနဲ့တိုတာလဲ၊ အားမိန်နဲ့လား"

ဖူးပွင့် ဒက်ခနဲမှန်းတော့ နဒီ မျက်လုံးဝိုင်းသွားရသည်။

"နင်ဘယ်လိုသိတာလဲ"

"အားမိန့်ပုံစံကို ကြည့်ပြီးပြောတာ၊ နင်ယူလိုက်တော့ သူဆွေးသွားတယ်လေ၊ သနားတော့ သနားပါတယ်"

"မဟုတ်တာ ဖူးရယ်"





"သြော်…ဟုတ်ပါတယ်ဆို"

"တော်ပြီ…မပြောနဲ့"

"မပြောနဲ့ဆိုရင်တော့ မပြောပါဘူး၊ လူဆိုတာလည်း ကိုယ့်ဖူးစာပါရာ ရကြတာပဲမဟုတ်လား"

ဖူးပွင့်က တွေးတွေးဆဆနှင့် မှတ်ချက်ချသည်။

နဒီက ကိုတောက်မှာ သူမနှင့်တူသော အရင်ရည်းစား တစ်ယောက်ရှိခဲ့တာ မပြောတော့ပါ။ ဘာကြောင့်မှားမသိ ထို အကြောင်းကိုပြောလျှင် ရင်ထဲနာချင်သည်။

"ဖူးတော့ ကိုပေါက်တို့ကို ရထားလက်မှတ်ဝယ်လိုက်တော့၊ နဒီလည်း လိုက်ဖြစ်တယ်လို့ပြောလိုက်ပြီနော်၊ ဒါပဲ… ရှင့်ယောကျ်ားဖုန်းဆက်မှာတွေ ဘာတွေမသိဘူး၊ သူလည်း နိုင်ငံခြားခရီးတောင် သွားတာပဲ၊ ရှင်က ဒီမိုင်လေးငါးရာခရီးလေးပဲသွားမှာ၊ ဘာကြောင့် သူ့ကိုကြောက်နေရမှာတုန်း"

ဖူးပွင့်က သူမရဲ့အခက်အခဲကို မသိပါ။

ကိုတောက်က ရန်ကုန်မှာတောင် ယောကျ်ားလေးသူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေနှင့် သွားလာလည်ပတ်တာမကြိုက်ချင်။

အထူးသဖြင့် အားမိန်နှင့် သွားမည့်ခရီးဆို သဝန်တိုချင်တိုမှာ။

အို…သင်းအကြောင်းပဲ တွေးနေရင် နဒီလုပ်ချင်တာတွေ၊ ဖြစ်ချင်တာတွေ လုပ်ရဖြစ်ရတော့မှာကိုမဟုတ်။

ဒီတိုင်း အပန်းဖြေခရီးမျိုး၊ ကမ်းခြေခရီးမျိုး သွားတာမှ မဟုတ်ဘဲ။ မြပွဲကိစ္စ၊ အလုပ်ကိစ္စနှင့် သွားမှာပဲ။ သိပ်ရှည်ရှည်ဝေးဝေး တွေးတောပြီး တွေဝေနေစရာ မရှိပါဘူးနော်။

နဒီက အားတင်းပြီး ဆုံးဖြတ်ချက်ချလိုက်သည်။ ဖူးပွင့်လည်းပါတော့ ပြဿနာမရှိလောက်ပါဘူးဟု ထင်သည်။



ဒီလိုနှင့် နောက်တစ်နေ့မှပဲ အမြန်ရထားနှင့် မန္တလေးသို့ ထွက်ခွာဖြစ်သည်။

ဟိုမှာ ပန်းချီပြပွဲ သုံးရက်လုပ်ဖြစ်တာမို့ ငါးရက်ခန့် ကြာသွားသည်။

ပြန်တော့မည့်နေ့ရောက်မှ မမျှော်လင့်ဘဲ ပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့သည်။

နဒီတို့ စ,ရောက်ကတည်းက နဒီကို အမြဲမှတ်ပြီး ကောင်လေးငယ်ငယ်တစ်ဦးက ဖွတ်လိုက်နောင့်ယှက်နေသည်။

ကြည့်ရတာ မှုးလည်းမူးတတ်ပုံရသည်။

"မမ…မမကို ကျွန်တော် အရမ်းချစ်တယ်"

"ဟဲ့ကောင်လေး…နင့်ကိုသည်းခံနေတာ ကြာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်က ခပ်ဆတ်ဆတ် မာန်မဲလိုက်လျှင် ထိုကောင်လေးက မိုက်ကန်းကန်းပုံစံနှင့် ဘုကြည့်ကြည့်သည်။

ဆံပင်ရှည်ကို ဖရိုဖရဲပုံစံ ဒီဇိုင်းမျိုးထားပြီး တီရှပ်အနက်ကြီးနှင့် ဘောင်းဘီပွပွကြီးကို ဝတ်ထားသည်။

"ဖူး…ငါတို့ပြန်လှည့်ရအောင်"

နဒီ တီးတိုးတိုင်ပင်သည်။

"အောင်မယ်…ဘာလို့ပြန်လှည့်ရမှာလဲ၊ သူ့ကိုကြောက်ရာကျမယ်၊ ဟဲ့…ဒီမှာ ဟိုနေ့ကလည်း ငါတို့ပြောပြီးပြီ၊ ယောကျ်ားရှိတယ်၊ အိမ်ထောင်နဲ့ပါ၊ လာမနှောင့်ယှက်ပါနဲ့ဆိုတာ နားမလည်ဘူးလား၊ ဝယ်စရာရှိလို့ အပြင်ထွက်လာတာ နင်အနှောင့်အယှက်ပေးတာနဲ့ ငါတို့ ပြန်ရတော့မှာလား၊ ဆက်မလိုက်နဲ့နော်၊ ဒါပဲပြောမယ်"

မူးယစ်ရီဝေနေပုံရသော ထိုချာတိတ်က ရှူးရှူးရှားရှားခံပြင်းသွားသလိုပုံစံနှင့်…

"ခင်ဗျားနဲ့ဘာဆိုင်လဲ၊ ကျုပ် ဒီကမမကို လိုက်တာ





သိပ်လှလို့ ကြိုက်တယ်ဗျာ၊ ဘာဖြစ်လဲ၊ ယောကျ်ားရှိလည်း ဂရုမစိုက်ဘူး၊ ခင်ဗျား အပိုတွေလာမညာနဲ့"

ယုံပုံမရ။ နဒီ စိတ်များပင် ညစ်လာရသည်။ ဒေါသဖြစ်လွယ်သော ဖူးပွင့်ကလည်း နောက်ပြောင်းပြန်မလှည့်ချင်တော့ခက်သည်။

"လာပါဖူးရယ်…ပြောမနေပါနဲ့"

"ငမူးလေးက လှူပါးဝလွန်းလို့ပါ၊ နေစမ်းပါ"

"မမ နှောင့်ယှက်တာ မဟုတ်ဘူး၊ ကျွန်တော်တို့ အအေးဆိုင် ခဏထိုင်ရအောင်"

ဖူးပွင့်က ရှုံ့မဲ့သွား၏။

ရာရာစစ သူနှင့်ပဲ အအေးဆိုင်ထိုင်ရဦးမတဲ့။

"မမ ပြန်လှည့်ရင်လည်း အိမ်အထိလိုက်မယ်"

"အိမ်မဟုတ်ဘူး၊ ငါတို့က ဧည့်သည်၊ ဟိုတယ်မှာတည်းနေတာဟဲ့၊ နားလည်လား"

"ဟာဗျာ…ဒါဆို ပိုကောင်းတာပေါ့၊ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မမကြို့ဟိုတယ်မှာပဲ အိပ်လိုက်မယ်”

“ဟင်…ကောင်စုတ်၊ ဘာတွေလာပြောနေတာလဲ

ဖယ်စမ်း ဆက်လိုက်ရင်တွေ့မယ်”

ဖူးပွင့်က သူနှင့်ရင်ဆိုင်လိုက်စဉ် သူက ပမာမခန့် မဲလေး

မစားနှင့် နဒီလက်ကောက်ဝတ်ကို ဖျတ်ခနဲ လာဆုပ်ကိုင်သည်။

လူတွေ သွားလာနေရာ ဈေးတန်းလမ်းမကြီးမှာ ဖြစ်တာ

ကြောင့် နဒီ ထူပူအောင် ရှက်ရွံ့လှုပ်ဖျပ်သွားမိသည်။

ဒါမျိုး တစ်ခါမှလည်း မကြုံဘူးပါ။

ပေါ်တင်ကြီး မူးရူးရမ်းကားလှချည်လား။

“လွှတ်”

နဒီ အသံနှင့်တစ်ပြိုက်နက်ပင် ပြေးကပ်လာသော ခြေသံ

တစ်ခုနှင့်အတူ…

“ဟေ့ကောင်…ဘာလုပ်တာလဲ၊ နဒီ သူကဘာလဲ”

ထိုကိစ္စကို အားမိန်တို့ ဘယ်သူမှမသိအောင် ဖုံးကွယ်ထား

တာ ရန်ဖြစ်မှာစိုးလို့ပါ။





ကိုယ့်အရပ် ကိုယ့်ဒေသလည်း မဟုတ်။

သူစိမ်းတရံစာတွေကြားမှာ ရန်ဖြစ်ရင် ဘယ်လောက်စိတ်

ပျက်စရာကောင်းမလဲဆိုပြီး အသာသည်းခံနေရာ ဒီညတော့ အားမိန်

နှင့် ထိုကောင်လေး တည့်တည့်တိုးပြီ။

အမှန်က အားမိန်က ကိုပေါက်နှင့် လက်ဖက်ရည်ဆိုင်

ထွက်ထိုင်တာ။

နဒီနှင့် ဖူးပွင့်တို့အား ကောင်လေးတစ်ယောက် ရပ်နေပုံရ

လို့ ဆိုင်ထဲကနေမြင်ပြီး ထထွက်လာခဲ့တာဖြစ်သည်။

နဒီရော ဖူးပွင့်ရော စိုးရိမ်မကင်း မျက်လုံးပြူးသွားကြ

သည်။

ထိုအမည်မသိ ကောင်လေးမှာ ရုတ်တရက် အားမိန်ကို

ရင်ဆိုင်ရသဖြင့် အံ့အားသင့်သွားသည်။

ယောကျ်ားလေးတစ်ယောက် အကာအကွယ်ကလည်း

အရေးကြီးလှသည်။

“မင်းက ဘာကောင်လဲ၊ လူကြားထဲမှာ ဘာလူပါးဝတာ



www.burmeseclassic.com

www.burmeseclassic.com



လဲကွ"

"ခင်ဗျားကရော ဘာလဲ"

"အံမာ…ကဲကွာ၊ အဲဒါ ငါဘာလဲဆိုတဲ့ အဖြေပဲ"

"ခွပ်"

လျှင်မြန်သော လက်သီးချက်က စွပ်ခနဲဝင်သွားသဖြ ကောင်လေးကလည်း ရှက်ရမ်းရမ်းပြီး ပြန်လုံးထွေးသတ်ပုတ်

"အားမိန်…မလုပ်နဲ့"

နဒီနှင့် ဖူးပွင့်က ဝင်လည်းမဆွဲရဲဘဲ လန့်လန့်ဖျပ်ဖျ အော်ဟစ်မိကြသည်။

တစ်ခဏအတွင်း ရှန်းရင်းဆန်ခတ် ရုတ်ရုတ်သည်းသည် ဖြစ်သွား၏။ ကိုပေါက်လည်း လူအုပ်ထဲ ဘုမသိဘမသိ ပြေးဝ လာသည်။

ထိုကောင်လေးဖက်မှ တခြားတစ်ယောက် ဘယ်က မသိ ရောက်လာပြီးလျှင် အားမိန်ခေါင်းကို တုတ်နှင့် ဆတ် ရိုက်ချသည်။





"အားမိန်"

နဒီက လဲကျသွားသော အားမိန်ကို ပွေ့ထူလိုက်သည်။ ကွက်လူကြီးတွေ ရောက်လာချိန်မှာ ရန်ပွဲက ရုတ်တရက် စဲသွား

ဖျစ်ပြီး စေးထန်းနီရဲသော သွေးစတွေကို ထိတွေ့မိလျှင် သည် ဘယ်လိုမှထိန်းမရဘဲ မူးဝေမေ့လဲတော့မလို ဖြစ်သွား၏။

"နဒီ…နဒီ ဟဲ့ သတိထားလေ"

"သူ့ကို ဆေးခန်းပို့မှဖြစ်မယ်"

ဒဏ်ရာနှင့် အားမိန်က နဒီကို ပြန်ဖေးမပွေ့ချီရ၏။ နဒီ လုံးတွေက ပွင့်မလာ။

အဖြစ်အပျက်တွေက မြန်ဆန်သလို ဖူးပွင့်မှာ ရင်ဘတ် ထိလျက် ပျာယာခတ်သွားရသည်။

နောက်တစ်နေ့မှာ ရန်ကုန်ပြန်ဖို့ အစီအစဉ်သည်လည်း လိုပျက်သွားရသည်။

အားမိန်သည် စိုးရိမ်တကြီးနှင့် နဒီ့မေးစေ့လေးကို ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရင်း ဖွဖွခေါ်နေသည်။

"နဒီ…နဒီ"

"အားမိန်…နင့်ဒဏ်ရာကို အရင်လုပ်ဦး၊ သွေးတွေ အရမ်းထွက်နေပြီဟဲ့"

"ငါကရပါတယ်ဟာ"

"ဩော်…ရပါတယ်မလုပ်နဲ့၊ သွေးထွက်လွန်ရင် မူးမှာ ရော့…ရော့ ဒီအဝတ်နဲ့စည်းထား"

ဖူးပွင့်မှာ မနေသာဘဲ အားမိန်ဦးခေါင်းကို ပဝါတစ်စနှင့် စည်းနှောင်ပေးလိုက်ရလေသည်။

တစ်ခါတစ်ရံမှာ မထင်မှတ်သော အကြောင်းအရာလေးက နေ မမျှော်လင့်သော အဖြစ်အပျက်တို့ ပေါ်ပေါက်တတ်သည် မဟုတ်လား။



နေတောက်ပသည် အိမ်နေရင်းမို့ ချည်သောင်းဘီပွပွနှင့် …ပ်ကျယ်ရှိုင်းပြွတ်ကို ဝတ်ထားကာ မျက်နှာထားတင်းတင်းဖြင့် …ခန်းထဲမှာ ဟိုဖက်ဒီဖက် လျှောက်နေသည်။

တစ်ချက်တစ်ချက် မျက်လုံးကို မှေးစင်းစင်းပုံစံလုပ်ကာ …ဖက်သို့ မကျေမနပ်ကြည့်သေး၏။

ပြီးလျှင် ခပ်ထေ့ထေ့ပြုံးလျက်…

"သွားချင်ဦးလေ…ယောကျ်ားအိမ်မှာမရှိတဲ့အချိန် …ယ်ရာမှာ ဥတ်လွတ်လပ်လပ် လျှောက်ကဲဦးပေါ့"

နဒီက ရှုံ့ဆေးလေးတော့ကာ အိပ်ရာပေါ် လဲလျောင်းရင်း …ခန်အနားစလေးကို ဆွဲချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြန်ရောက်လာတော့ နဒီတို့ရဲ့ အဖြစ်အပျက်အားလုံး သိရှိသွားတာကြောင့် ဒေါသနှင့် ပွစိပွစိ ရေရွတ်ဆူပူနေတာပါ။

နဒီက မျက်နှာငယ်ငယ်နှင့် ဘာမှနှုတ်တုန့်မပြန်ဘဲ သူ့ကိုသာ ကြည့်နေမိသည်။

"လူကြီးတွေဆီမှာ အပ်ခဲ့တာတောင် လိမ်လိမ်မာမာနဲ့ အေးအေးဆေးဆေးမနေဘူး၊ ပြပွဲကိစ္စအကြောင်းပြပြီး မန္တလေးထိ ထွက်သွားလိုက်သေးတယ်၊ ဘာလဲ မင်းက အိမ်ထောင်ရှင်မဆိုတာ မေ့ပြီး ဟိုကောင်တွေနဲ့ သွားပျော်တာပေါ့"

ဟင်။

သူဘယ်လို စွပ်စွဲလိုက်တာလဲ။

"မင်း သူ့ကိုချစ်တယ်ဆိုရင် ကိုယ့်ကို ဘာကြောင့်လက်ထပ်ခဲ့တာလဲ နဒီ ပြောစမ်းပါ"

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ ကိုတောက်၊ စကားကို ဒီလိုလက်လွတ်စပယ် မပြောပါနဲ့"

"ကိုယ်မရှိတဲ့အချိန်လေးမှာ မင်း ဒီကောင်နဲ့ရအောင်





ပြန်ဆက်သွယ်တာပဲ၊ ဒါကို မသိချင်ယောင်ဆောင်နေရမှာလားကွ"

"ရှင်…ရှင်"

သူမအသံလေးပင် တုန်သွားရသည်။ မူးနေတဲ့ခေါင်းထဲ ဒေါသကြောင့် ပိုမူးလာရ၏။

"မင်းက ငြင်းချင်သေးလို့လား၊ အားလုံး မျက်မြင်ကိုယ်တွေ့ပဲ"

"ရှင်ထင်တာတွေ စွပ်ပြောမနေနဲ့၊ ကျွန်မသူငယ်ချင်း နှပွင့်လည်း ပါတာပဲ၊ ပြပွဲကိစ္စနဲ့ သွားတာ၊ ရှင်ထင်သလို ဖောက်လွဲဖောက်ပြန်နဲ့ ကွယ်ရာမှာကဲဖို့ သွားတာမဟုတ်ဘူး"

နဒီကလည်း ပြန်အော်လိုက်သည်။

"မဖောက်ပြန်ဘူး…ဟုတ်လား၊ ကိုယ် ဘယ်လိုလုပ်ယုံမှာလဲ၊ မင်းကိုလက်ဆွဲတဲ့ကောင်ကို သူက လက်သီးနဲ့ထိုးတယ်၊ သူပိုင်ဆိုင်တဲ့မိန်းမမို့လို့ သူဒီလောက်ဒေါသဖြစ်တာပေါ့၊ သူ့ဒဏ်ရာရတော့ မင်းကငိုပြီး သူ့ကိုပွေ့ထားတယ်ဆို၊ ပြီးတော့ မကြည့်ရက်လို့ မင်းကပါ သူ့ရင်ခွင်ထဲ မှေးလဲသွားရတယ်၊ ကောင်းကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါပြောတာမဟုတ်ဘူးလို့ ငြင်းမလား၊ ငြင်းလေ''

''သွေးမြင်ရင် မူးတတ်တာ နဒီအကျင့်ပဲ၊ အားမိန်မှမဟုတ်ဘူး၊ ဒီနေရာမှာ ဘယ်သူပဲဖြစ်ဖြစ် အဲလို နဒီ ကိုယ်ပေါ်ကို သွေးတွေစီးကျလာတာ မြင်ရင် မူးမှာပဲ၊ ရှင်တွက်ကပ်မပြောနဲ့''

''သြော်...ကိုယ်က တွက်ကပ်ပြောတယ်ဟုတ်လား၊ အံ့ပါရဲ့ကွာ၊ မင်းသတင်းက ဟိုးဟိုးကျော်နေတာ၊ ဒါ လုပ်ကြံပြောလို့ရမလား''

သူ့ကို ဘယ်လိုရှင်းပြရပါ့မလဲ၊ နဒီ ရှက်လည်းရှက်လာမိသည်။ ခင်ပွန်းသည်ရဲ့ သက်ာမကင်းမျက်လုံးတွေကိုလည်း နာကျင်မိသည်။

သူ ဒီလောက်ထိ စွပ်စွဲပြောဆိုရက်တာကို ရင်ထဲဝမ်းနည်းမိသည်။ အထင်လွဲရက်တာကိုလည်း ခံပြင်းမိ၏။

''ဒီမှာ နဒီ၊ မင်းဖက်ကသာ ပွင့်ပွင့်လင်းလင်းနဲ့ ဖွင့်ပြောခဲ့ရင် ကိုယ် ဒီလောက်ရှက်မိမှာ မဟုတ်ဘူး၊ အခုတော့ မင်းက ကိုယ်တစ်ယောက်လုံးရှိနေသားနဲ့ ခပြတ်မသား သူနဲ့အတူ သွားလာ





ချင်တုန်းပဲ၊ သူ့အနားမှာ မင်း ဒီလောက်ရှိချင်ရင်လည်း သွားနေလိုက်ကွာ''

''ကိုနေတောက်...မဟုတ်ဘူးလို့ နဒီပြောနေတယ်နော်၊ ရှင်လွန်မလာနဲ့''

''ဘာမဟုတ်တာလဲ...ဒီကောင့်ရုပ်ကိုက ကြာကူလီရုပ်''

''ရှင် လူတစ်ဖက်သားကို ဒီလောက်ထိ မပုတ်ခတ်ပါနဲ့''

''ဒီလောက်ထိသာနေတာကို ကိုယ်က ယုံပေးရဦးမှာလား''

နဒီမျက်လုံးအိမ်မှာ မျက်ရည်တို့ ရစ်ဝိုင်းလာရသည်။ သူ့မအတွက်ဆို အချိန်နေရာမရွေး ကူညီပေးဆပ်ဖို့ အသင့်ရှိသော သူငယ်ချင်းလေး အားမိန်ဖက်ကနေလည်း အားနာစိတ်မကောင်းဖြစ်ရသည်။

သူ့ရဲ့ရိုးသားမှုကို နဒီ ယုံကြည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က သူ့စိတ်ထဲ သံယောဇဉ် ရှိကောင်းရှိနိုင်ပေမယ့် အခုနောက်ပိုင်း နဒီလက်ထပ်ပြီးမှ သူတစ်ခါမှ မရိုးမသား မဆက်ဆံခဲ့ပါ။

"ဒီလောက်ရှင်းပြနေလို့မှ မယုံရင်လည်း မတတ်နိုင်တော့ဘူး၊ ထင်ချင်သလိုသာ ထင်လိုက်တော့"

သူကပိုပြီး ဒေါသထွက်သွားရသလို…

"မင်း…မင်း အဲဒါဘာစကားလဲဟင်၊ ဘာအဓိပ္ပါယ်လဲ၊ သူနဲ့မခွဲနိုင်တာအမှန်ပဲလို့ ဝန်ခံတာလား"

နှုတ်ခမ်းကို ဖိကိုက်ပြီး နဒီ သူ့ကို ရူးရူးရဲရဲ စိုက်ကြည့်နေမိသည်။

ဒေါသခိုးမွှန်နေသော မျက်ဝန်းနှစ်စုံမှာ အားပြိုင်နေသကဲ့သို့ပင်။

ဘယ်သူ့ဘယ်သူမှ အရှုံးမပေး။

လူတစ်ဖက်သားကို လွယ်လွယ်စော်ကားရက်သော ဒီလူကို နဒီ မုန်းသည်။ အသည်းမှာ နာကျင်သည်။ ဖြေရှင်းဖို့လည်း





စိတ်ကုန်သည်။

"မင်း ဘာကိုတောင်းဆိုချင်တာလဲ နဒီ၊ အားမိန်ဆီကို သွားချင်တာလား"

နဒီ တိတ်ဆိတ်နေသောအခါ နေတောက်ပ အသက်ရှူ ရပ်သွားတော့မလို ချောက်ချားတုန်လှုပ်လာမိသည်။

ဇနီးဖြစ်သူရဲ့ မျက်ဝန်းလေးထဲ အမောတကော အလန့်တကြား ရှာဖွေကြည့်နေမိသည်။

မေးခွန်းတွေ အဆက်မပြတ် မေးနေမိပေမယ့် ဖြေလိုက်မှာလည်း သူကြောက်နေမိ၏။

နာကြည်းသော မျက်ဝန်းလေးတွေကို နေတောက် ရင်မဆိုင်ရဲ။

စိတ်တိုင်းကျသော အိမ်ထောင်ရေးဟု မဆိုနိုင်သော်လည်း သူတို့ရဲ့ အိမ်ထောင်လေးတစ်ခု ပျက်စီးပြိုကွဲမှာတော့ နေတောက် စိုးရိမ်သည်။ ဒီဘဝ ဒီအခြေအနေလေးကို သူ မြတ်နိုးနေမိပြီ။ သူ့ရင်တွေလည်း တည်ငြိမ်အနည်ထိုင်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



နဒီ နလုံးသားမှာ သူ့ထက်ပိုပြီး တခြားယောကျ်ား တစ်ယောက်ကို အလိုရှိနေမှာ တဆတ်ဆတ်ခါအောင် ထိတ်လန့် ပူပန်မိသည်။

သူ့မှာတော့ ပြည်ပခရီးစဉ်တစ်လျှောက်လုံး ဘယ်နား ရောက်ရောက် အိမ်က မိန်းမကို သတိရနေမိတာ။

အားလပ်ရက် ရှော့ပင်နဲ့ထွက်လို့ ကုန်တိုက်ကြီးတွေ ရှော့ပင်မောတွေ ရောက်ပြီလားဆိုရင် သူ့မှာ နဒီအတွက်သာ မျက်စိ ထဲ ရှာဖွေမိတာ။ နဒီလိုအပ်မည်ထင်တာတွေပဲ အရင်ဦးဆုံး ဝယ် ဖြစ်တာကြောင့် ပါလာတဲ့အုပ်စုထဲ မိန်းမအလွန်ချစ်သူလို့ မှတ်ချက် ပေးခံနေရတာတွေ သူမကမသိ။

ဒီရောက်တော့ ကြားရတဲ့သတင်းက ရင်ဝဆောင့်ကန်ခံရ သလို သူ့ကို ဒေါသမီးနှင့် လောင်မြိုက်စေသည်။

မာမီတို့ကလည်း သူ ဖုန်းဆက်လိုက်တိုင်း နဒီ အပြင် သွားနေကြောင်းသာပြောပြီး မန္တလေးရောက်နေတယ်ဟု အသိမပေး

သူကလည်း သိပ်ဖုန်းမဆက်ဖြစ်။ နဒီအသံလေး ကြားရ





ရင် အလုပ်မပြီးခင် ပြန်လာချင်စိတ်ပေါက်မိမှာ စိုးလို့ပါ။

အခုတော့ နေတောက်ပရဲ့ မေတ္တာစေတနာတွေ အားလုံး စော်ကားခံရသလို ထင်မိသည်။

သဘောသား သူငယ်ချင်းတစ်ယောက်က ပြောဖူး၏။ မိန်းမဖောက်ပြန်တယ်ဆိုတာ ယောကျ်ားအသုံးမကျလို့ပဲတဲ့။

ဒါဆိုရင် သူဟာ အသုံးမကျတဲ့ ယောကျ်ားမျိုးလား။

နဒီမှာရော ဖောက်ပြန်ဖို့ ရည်ရွယ်ချက်ရှိနေတာလား။

ချစ်သူဟောင်းဆီ အမှန်တကယ် ပြန်သွားချင်တာလား။

"ကိုယ်မေးနေတယ်လေ၊ မင်းကိုမေးနေတယ်"

"နဒီသိက္ခာကို ဒီလောက်ထိ မစော်ကားပါနဲ့ ဦးနေ တောက်၊ ရှင်မယုံရင်လည်းသဘောပဲ၊ ဘာဖြစ်ချင်တာလဲ၊ ကွာရှင်း ချင်တာလား"

"ဘာကွ…ကိုယ်က ဘာကြောင့် ကွာရှင်းပေးရမှာလဲ"

"ဒါဆိုလည်း လူတစ်ဖက်သားကို မဟုတ်တာတွေ စွပ်စွဲမပြောပါနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နဒီ မျက်စောင်းနှင့် ခပ်မာမာပြောပေမဲ့ ထိုစကားအတွက်တော့ နေတောက် ကျေနပ်သွားသည်။

သူထင်သလိုတော့ အခြေအနေမဆိုးသေး။

ရှင်းပြဖို့ စိတ်မရှည်လို့သာ ထင်ချင်သလိုထင်လို့ ရွဲ့ပြောလိုက်တာ။ သူတို့နှစ်ယောက်ရဲ့ ဘဝတစ်ခုလုံး မှောင်မိုက်သွားတာမဟုတ်။ ပျက်သုန်းလမ်းဆုံးသွားတာမဟုတ်။

"မင်းကို လက်ထပ်ထားပေမယ့် ကိုယ်ပိုင်ရော ပိုင်ရဲ့လားလို့ တစ်ခါတစ်ခါ စဉ်းစားမိတယ်၊ မင်းစိတ်တွေက တခြားကို ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်နေမှာပဲလေ"

နဒီ သူ့ကို ဘယ်လိုပြောရမည်ပင် မသိတော့ပါ။

ဟန်ဆောင်ထားသော်လည်း အလွန်ပင်စိတ်မချ လက်မနေသဝန်တိုပူလောင်နေတယ်ဆိုတာလည်း အခုမှပင်သိရသည်။

အရင်ကတော့ သူချုပ်ချယ်ချင်တာဟာ အနိုင်ယူခြင်းသက်သက်ပဲလို့ မြင်ခဲ့သည်။ သူ့ရင်ထဲကို မကြည့်တတ်ခဲ့။

ဒီနေ့တော့ အော်ဟစ်ပေါက်ကွဲနေမိရင်းက နဒီ့အပေါ်ထား





တဲ့ သူ့သဘောထားကို အံ့သြစွာ နားလည်လာမိသည်။

စကားကို ပြေလည်အောင် ချော့မော့မပြောတတ်ပေမယ့် နှစ်ယောက်ဘဝလေးကိုတော့ သူ အလွန်တရာ တန်ဖိုးထားမှန်း ဒီ သိခဲ့ပြီ။

ဒေါသတွေ၊ စိတ်ပျက်ခြင်းတွေနှင့်အတူပဲ ကြည်နူးမှုတစ်ခု ဘယ်ချောင်ကနေ ပေါ်ပေါက်လာရသလဲမသိပါ။

"မင်းလည်း ကိုယ့်ဆီက ဘယ်မှထွက်မသွားပါဘူးလို့ ကတိပေးသင့်တာပေါ့၊ ကိုယ်မရှိတဲ့အချိန် အားမိန်နဲ့ မတွေ့ဘူးလို့ ပြောစမ်းပါ"

သူ့စကားကြောင့် ကြည်နူးမှုလေး ပျောက်ချင်ပြန်၏။

"နဒီ့ကို မယုံကြည်တဲ့ လူတစ်ယောက်ကို ဘာမှကတိ တွေပေးမနေဘူး၊ ပေးလည်းအပိုပဲဖြစ်မှာ"

"ကတိမပေးတာ မင်းစိတ်ကို မင်းမနိုင်လို့ပေါ့၊ သူနဲ့တွေ့ ရင် ပြောင်းလဲနိုင်လို့ပေါ့ကွာ၊ ဒါပဲရှိတာပဲ"

"တော်ပြီ…ခေါင်းတွေတောင် မူးနေပြီ၊ ရှင် ဒါပဲတစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



လုံး ပြဿနာရှာနေမယ်ဆိုရင် မေမေတို့အိမ် နဒီ ပြန်သွားမ...
ဒါပဲ''

''ဒါ မူးနေတဲ့ရုပ်လား၊ ကိုယ့်ကို ခြိမ်းခြောက်ဖို့ဆို... သိပ်တတ်နိုင်တယ်၊ သွားချင်လည်း သွားလေ၊ ဆင်းသွား... မင်းက ဒီယောက်ျားနဲ့မှ မပျော်နိုင်ဘဲ''

သူသည် အတော်ရစ်နိုင်သူပါပဲ။

အကြောင်းအရာလေးတစ်ခု အစပေါ်လာပြီလားဆို... မပြီးမစီးနိုင်အောင် ပွစိပွစိ ရေရွတ်အပြစ်တင်နိုင်သူပါပဲ။

ဘယ်လိုလူကြီးမှန်း မသိပါ။

နဒီကိုယ် နဒီလည်း အံ့ဩပါရဲ့။

သူ့ရဲ့စိုးမိုးခြယ်လှယ်မှုတွေထဲ အလိုက်သင့် စီးမျောပါ... မိသည်။

မကျေနပ်ရင်း အလိုမကျရင်းပဲ ဖြတ်မရသော နှောင်ကြိုး... တစ်စနှင့် တုပ်နှောင်ခံထားရပြီထင်သည်။

''ဆင်းမယ်...ဆင်းမယ်၊ မေမေ့အိမ်မှာလဲ စိတ်ချမ်းသာ...





တယ်''ဟု ရွဲ့ပြောလိုက်ပေမယ့် သူ့ရင်ခွင်ရိပ်ကနေ ရုန်းထွက်သွားဖို့ မလွယ်ကူတာ နဒီ ရိပ်မိနေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဇီးဘက်အတ်ဂယ်လာရီ (Xebec Art Gallery) လေးကို ရောက်လာချိန်မှာ အရင်ကနှင့် မတူတော့ဘူးဟု စိတ်ထဲမှာထင်မိသည်။

အခန်းလေးကို ဆေးသုတ်ပြင်ဆင်မွမ်းမံပြီး နေရာအထားအသိုတွေလည်း ပြောင်းရွှေ့လိုက်ပြီ။

နဒီ မလာခဲ့တဲ့ တစ်ပတ်အတောအတွင်း သူတို့က အခန်းလေးကို မျက်စိမှားအောင်ပင် ပြုပြင်ခြယ်မှုန်းထားခဲ့ပြီ။

"သူရ"

"ဟင်"

"စိုးကြီးတို့ အားမိန်တို့ရော"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ထဲခဏဆိုပြီး ထွက်သွားတာပဲ"

"ဟုတ်လား"

သူတို့ နှုတ်နည်းနေသည်။ ဒီနေ့တစ်မျိုးဖြစ်နေသည်ဟု နဒီ ထင်သည်။

နဒီသည် မန္တလေးက ပြန်ရောက်ကတည်းက ကောင်းကောင်းလည်း နေမကောင်းချင်တာရော၊ ကိုတောက်နှင့် စကားအခြေအတင် များနေရတာရောကြောင့် 'ဒီးဘက်'သို့ ရောက်မလာခဲ့ဘဲ အိမ်တွင်းသာ အောင်းနေခဲ့တာမဟုတ်လား။

"နဒီ…နင်ခြေရာပျောက်နေတဲ့ အချိန်အတွင်းမှာ အာတွေဖြစ်ပျက်ပြောင်းလဲနေပြီလဲ၊ သိလား"

"အိုး…သိမလား၊ နင်တို့ပြောမှ သိမှာပေါ့ဟဲ့၊ ငါခြေရာပျောက်တာ မဟုတ်ပါဘူးနော်၊ အခုတလော ခေါင်းထဲရှုပ်မကြည်မလင်ဖြစ်နေလို့ပါ"

ကိုပေါက်က မျက်ခုံးကို ပင့်ကာပင့်ကာ မချိုမချဉ်မျက်နှာဖြင့်…





"ဒါဆို နင် ဟိုဒင်း ဟိုဟာထင်တယ်၊ ဟုတ်တယ်မို့လား"

"သွား…လျှောက်မပြောနဲ့"

နဒီ့မျက်နှာလေးက ရှက်ရိပ်နှင့် နီမြန်းသွားသည်။

"အဲဒါဆိုရင် နဒီ၊ နင်မြင်းတွေဘာတွေ သွားမစီးနဲ့တော့"

"ဟား…ဟား ကိုပေါက်လည်း ဒါတွေသိတာပဲ"

သူရက ကိုပေါက်ကို လှောင်ရယ်သည်။

နဒီ မျက်နှာမထားတတ်အောင် ဖြစ်မိရင်း သူတို့ကို မျက်စောင်းတွင်တွင်ထိုးမိ၏။

"ဟဲ့…အဲဒါ အသာထားပါဦး၊ အားမိန်ရော နေကောင်းသား၊ သူ့ဒဏ်ရာ ဘယ်လိုနေသေးလဲ"

"ဒဏ်ရာက ကျက်တောင်ကျက်ပြီ၊ ဆံပင်တောင် ပြန်ပေါက်နေပြီထင်တယ်၊ အခု ဒီကောင်ကထူးနေ"

ကိုပေါက်က သူရပါးစပ်ကို ကမန်းကတန်း လှမ်းပိတ်၏။

"သူရ…ပါးစပ်ပိတ်ထား၊ မင်းအရင်သဘောင်းထူးမဖွနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အားမိန်ဘာသာ သူ့ဖိုးလင်လေးနဲ့သူ ပြောပါစေကွာ''

သူတို့အမူအရာတွေကြောင့် နဒီ မျက်မှောက်ကုပ်သွား သည်။ ဘာတွေပြောနေကြတာလဲ။

နဂိုကမှ အားမိန်နှင့် ပတ်သက်လျှင် အိမ်ကလူက သဘော ထားသေးလွန်းလို့ မျက်နှုံးက ခပ်လှုပ်လှုပ်ရယ်။

''နင်တို့နော်...ငါ့ကို ဘာတွေလျှို့ထားပြီလဲ''

''လျှို့တာ ငါတို့မဟုတ်ဘူး၊ နင့်အားမိန်''

''ဘာ ငါ့အားမိန်လဲ၊ နင်တို့အားလုံးရဲ့ အားမိန်ပါ''

''ထားပါတော့...ထားပါတော့''

''သူက ဘာလျှို့တာလဲ''

''မကြာခင်သိရမှာပါ နဒီရာ၊ သိပ်မလောစမ်းပါနဲ့''

''အားမိန် ဘာဖြစ်လို့လဲ''

''သူပြောလိမ့်မယ်''

''အခု သူမှမရှိဘဲ''

''ပြန်လာမှာပါ၊ နင် ဒီကိုမလာလည်း သူကိုယ်တိုင်





အိမ်တိုင်ရာရောက် ကြွလာမှာပါ နဒီရာ၊ မပူစမ်းပါနဲ့''

''ဘာကိစ္စမို့လို့ သူက နဒီ့အိမ်ကိုလာမှာလဲ''

''အကြောင်းရှိလို့ပေါ့ဟ''

''ဘာအကြောင်းလဲ''

သူတို့နှစ်ယောက်က ပြုံးစိစိနှင့် ပဟေဠိလုပ်နေကြသည်။ နဒီ ရင်ခုန်လာပြီး စိတ်လည်းမရှည်ချင်။ သူတို့နောက်နေတာတော့ မဖြစ်နိုင်။ အားမိန်ဆီမှာ လျှို့ဝှက်မှုတစ်ခုခုတော့ ရှိနေလိမ့်မည်။

အမှန်တော့ နဒီလည်း သူ့အပေါ် ကျေးဇူးကြွေးတွေ ရှိနေသည်။ နဒီကြောင့်ပဲ သူ့ခမျာ သွေးထွက်သံယို ဒဏ်ရာရခဲ့ရတာ။

ဖုန်းဆက်ပြီး သတင်းမေးချင်ပါသည်။

သို့သော် ခရီးကပြန်လာကတည်းက သူမကို မျက်ခြေ မပြတ် အသာစောင့်ကြည့် အကဲခတ်နေသော လင်တော်မောင် ကြောင့် အားမိန် ဖုန်းကို မခေါ်ဖြစ်ခဲ့။

နဂိုကမှ ကိုတောက်က အထင်လွဲနေတာ။

ဖုန်းထဲမှာ အလ္လာပသလ္လာပ ကြာကြာ စကားပြောနေမိ



www.burmeseclassic.com

www.burmeseclassic.com



လျှင် သူနှင့် တရန်ရှင်းနေရဦးမှာ။

နဒီကိုယ်တိုင်လည်း ကိုတောက်နှင့် ပြဿနာမဖြစ်ချင်ဘူးလေ။

“မင်းစဉ်းစားကြည့်လေ…ဟိုးအဝေးကြီးက ပီနန်ကျွန်းသူနဲ့တောင် မင်း ကိုယ့်ကို စိတ်မချနိုင်သေးတာ မင်းကိုရောနီးနီးကပ်ကပ်ရှိနေတဲ့ ဟိုလူနဲ့ ကိုယ်က စိတ်ချနိုင်မလား၊ နဒီပဲကိုယ်ချင်းစာကြည့်ပါ”ဟု ကိုတောက်က အကျိုးအကြောင်းတွေထောက်ပြကာ သဝန်တိုကြောင်း ဝန်ခံထားတော့ နဒီဖက်က ရိုးရိုးဆက်ဆံခင်မင်ပေမယ့်လည်း အခြေအနေကြောင့် တွန့်ဆုတ်ခဲ့မိတာဝန်ခံပါသည်။

ကိုယ်အနေမှန်ပေမဲ့လည်း သူမကြိုက်တော့ ခြင်ဆင်ရပါသည်။

ဒီလိုနှင့်ပဲ နဒီနှင့် အားမိန်တို့ မျက်နှာချင်းဆိုင် မဆုံခဲ့တာတောင် ကြာပြီ။

ဖူးပွင့်များ မတော်တဆ နဒီတို့လင်မယား ရန်ဖြစ်တဲ့ကိစ္စ





လျှောက်ပြောလိုက်မလား စိုးမိသေးသည်။

ဒါပေမဲ့ ဖူးပွင့်လည်း နားလည်မှုရှိတဲ့ မိန်းကလေးပါ။ ဒီလို ကြားဝင်ပြောမည်တော့ မထင်။

ဘာကြောင့်မှန်းမသိသော်လည်း အားမိန်နှင့် ရင်ဆိုင်ရမှာသူမ မျက်နှာပူနေမိသည်။

သူစေတနာတွေကို ပစ်စလက်ခတ်ပုံစံမျိုး မဖြစ်စေချင်။

ကိုပေါက်နှင့် သူရက နဒီမေးခွန်းကို သေချာမဖြေသဖြင့်စိတ်တိုချင်မိသည်။

“ဟော…လာပြီထင်တယ်၊ ဂျစ်ကားသံကြားတယ်”

ကိုပေါက်က ရှေ့ကို ပြေးထွက်ကြည့်သည်။

အားမိန်သည် ဂျစ်ကားပေါ်၌ မောင်းသူနေရာက မဆင်းခင် သော့ဖြုတ်ရင်း လှမ်းကြည့်လိုက်တာနှင့် ကြွေပြားခင်း လှေကားထစ်လေးပေါ် သပ်သပ်ရပ်ရပ် ချထားတဲ့ လေဒီရှူး ရွှေရောင်လေးကို မြင်မိသည်။

နဒီလှိုင်းပြာ ရောက်နေသည်ဆိုတာနှင့် ရင်ထဲလှိုက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



နွေးသွားရသည်။

ထိုခံစားချက်လည်း ပျောက်စေချင်ပါပြီ။

ပျောက်လည်းပြေပျောက်သွားမည် ထင်ပါသည်။

"ခဏဆိုပြီး ထွက်သွားလိုက်ရင် ပေါ်ကိုမလာတော့ဘူး။ ရန်ကုန်တစ်မြို့လုံးမှ နှံ့ရဲ့လား"

သူရကပြစ်တင်ရေရွတ်ပေမယ့် အားမိန်က ခပ်ပြုံးပြုံး သာ။

"ဒီမှာကြည့်လိုက်၊ ဘာတွေလဲဆိုတာ"

"ဟာ ... ဖိတ်စာတွေ ရွေးလာပြီလား"

စကားဝါရောင်ဖျော့ဖျော့ ရေမွှေးဖိတ်စာတွေ အထုပ်လိုက် ပါလာသည်။

"အတော်ပဲ၊ ပထမဦးဆုံး နဒီကို ဖိတ်လိုက်ကွာ၊ သူငါတို့ကို ကြာရင် ရိုက်မေးလိမ့်မယ်၊ ဟား ... ဟား"

နဒီလည်း စကာဒ်ဖားဖားနှင့် ရွှေရောင်ခါးစည်းအကျႌရှည်ရှည်နှင့် ဆံပင်လေးနှစ်ဖက်ခွဲချည်ကာ ဗီးဘက်တံခါးဝမှာ ပေါ်လာ





သည်။

အားမိန်နှင့် အရင်ဆုံး အကြည့်ချင်းဆုံမိသည်။

"နင်တို့ ဘာတွေပြောနေကြတာလဲ"

နဒီ ခြေလှမ်းတွေက သူတို့နားသို့ ဦးတည်လာသည်။

"ပြောနေတာ မဟုတ်ဘူး၊ သက်သေနဲ့ပြမှာ၊ ဒီမှာဘာလဲဆိုတာ ကြည့်လိုက်စမ်း နဒီ"

သူရက အထုပ်ကြီးထဲက ဖိတ်စာအဝါဖျော့လေး တစ်စောင်ကို ထုတ်ယူပြသလိုက်သည်။

နဒီမျက်နှာမှာ ဇဝေဇဝါအရိပ်ကလေးတစ်ခု ဖြတ်ပြေး သည်။ သူမ နားလည်ဟန်မတူ။

"ပြ ... ပြ ဒီကိုပေး"

ဖိတ်စာကို လှမ်းယူကြည့်လိုက်သည်။

မင်္ဂလာဆောင်ခံပွဲ ဖိတ်ကြားလွှာ။

ခေါင်းစည်းစာတမ်းကို မြင်ရုံနှင့် ရင်ထဲလှိုက်ခနဲ တုန် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်မြင့်ခန့် (ခ) အားမိန်

မဖြူစင်ပုလဲ

နဒီ အားမိန် မျက်နှာကို တအံ့တဩ ပြန်မော့ကြည့်မိ
သည်။

"နှင် လက်ထပ်တော့မယ်"

"အင်း"

အားမိန်ကိုယ်တိုင် ခေါင်းညိတ်ပြတော့ မယုံလို့မရ။

"သိတောင်မသိဘူးဟယ်"

"နဒီ အံ့ဩသွားအောင် ဒီကောင့်တမင်မပြောတာ"

"ကြည့်စမ်း"

နဒီအသံလေးက စိတ်လှုပ်ရှားနေသံ။

"ကောင်မလေးက ဘယ်ကလဲ၊ ဘယ်လိုတွေ့တာလဲ"

"ဖတ်ကြည့်လေ၊ သူ့အိမ်က ပေးစားတာ"

"ဟုတ်လား"

အခုမှပဲ ဖိတ်စာကို ဖွင့်ဖတ်ဖြစ်သည်။





Wedding Reception တဲ့။

ယှဉ်နေဂါးဒင်းဟိုတယ်တဲ့။

ရန်ကုန်မြို့နေ မောင်အောင်မြင့်ခန့် (ခ) အားမိန်နှင့်
တောင်ကြီးမြို့နေ မဖြူစင်ပုလဲ။

"ကောင်မလေးက တောင်ကြီးကလား၊ အခုမှ ကျောင်း
ဂိုးယားတက်တုန်းလား၊ ငယ်ငယ်ချောချောလေးပေါ့၊ နာမည်လေး
ကလည်း ချစ်စရာနော်၊ အားမိန်ရယ်...ဝမ်းသာလိုက်တာ နင်အ
စောစောကတည်းက မပြောဘူး၊ အခုမှ ဖြုန်းစားကြီး ဖိတ်စာလေး
တာ သူငယ်ချင်းမပီသဘူး၊ ဟွန်း"

"နင့်တုန်းကလည်း ငါတို့ကို ဒီလိုပဲ ဖိတ်စာလာပေးတာ
ပဲ၊ ဘယ်မှာ ကြိုတိုင်ပင်လို့လဲဟ"

"အံမယ်...နဒီက အရင်ခေါ်လာပြီး မိတ်ဆက်ပေးခဲ့
သေးတယ်၊ အားမိန်ကမှ လုံးဝတစ်ခွန်းမဟဘဲနဲ့ ကြိတ်ကြိတ်
တွေ့လား"

ဖိတ်စာလေးကိုင်ကာ သူ့ကို ခုန်ဆွခုန်ဆွ လောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေသော နဒီကို အားမိန်က ပြုံး၍သာ ကြည့်နေမိသည်။

"နောက်တစ်ခါ ခေါင်းကွဲမှာကြောက်လို့ ဒီကောင်လည်း မိန်းမမြန်မြန်ယူပြီး အေးအေးနေတော့မယ်တဲ့"

စိုးကြီးစကားကြောင့် အားမိန် မျက်နှာ မသိမသာပျက်ချင်သည်။

သူ့ကြောင့် နဒီ စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါ။ အိမ်ထောင်ရှင် ယောကျ်ားတစ်ယောက်အနေဖြင့် တည်ငြိမ်ရင့်ကျက်စွာပဲ သူမနှင့် ရင်ဆိုင်ချင်သည်။

ဒါကြောင့်လည်း အိမ်ကသဘောတူကြည်ဖြူသော ကောင်မလေးကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါ။

တိတ်တနိုး တွယ်တာခဲ့သော သံယောဇဉ်တွေလည်း တစ်ခန်းရပ်သွားရအောင်ပါ။ နဒီလည်း နားလည်မှာပါလေ။

"ကောင်းတာပေါ့၊ ဒါဆို နင်တို့အလှည့်ပဲကျန်တယ်"

"ငါတို့က လူပျိုကြီးလုပ်မှာ"

"ဟွန်း…စောင့်ကြည့်ရသေးတာပေါ့"





"လူကြမ်းတွေလေဟာ…စွံဖို့မလွယ်ဘူးပေါ့၊ အားမိန်လို ချောရင်တော့ စွံနိုင်တာပေါ့နော်"

စိုးကြီးက ခပ်နွဲ့နွဲ့ အသံသေးသေးလေးနှင့် ပြောလျှင် အားလုံးဝိုင်းရယ်လိုက်ကြသည်။

နဒီသည် ထိုနေ့က ဖိတ်စာလေးကို သူမအိတ်ထဲ ထည့်ကာ ညနေအပြန်လာကြိုပါမည်ဆိုသည့် ကိုတောက်ကိုပင် မစောင့်နိုင်ဘဲ တက္ကစီငှားကာ မြို့ထဲက ကိုတောက်ရဲ့ ရုံးခန်းကို လိုက်သွားတော့၏။

သူမက စိတ်မြန်သည်။ ချက်ချင်းသွားရမှ။

သူမကို ရုတ်တရက်တွေ့တော့ ကိုတောက် အံ့ဩနေသည်။

"ဟောဗျာ…ဘာလို့လိုက်လာတာလဲ၊ ထူးထူးဆန်းဆန်း ပါလား၊ ဘာနဲ့လာတာလဲ၊ တက္ကစီနဲ့လား"

"အင်းပေါ့"

နဒီ့အမူအရာလေးက တစ်မျိုးတဖုံ ဆန်းကြယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေအရေးကြီးလာတာလဲ"

"ကိုတောက်ကို ပြစရာတစ်ခုရှိလို့"

"ဘာများပါလိမ့်"

သူမျက်ခုံးပင့်ကာ ပြုံးစစမေးလျှင် နဒီက ပိုက်ဆံအိတ်ထဲက ဖိတ်စာကို ထုတ်ပေးလိုက်သည်။

သူက တစ်ချက်ငုံ့ဖတ်ကြည့်ပြီး မျက်နှာက ဝင်းခနဲလက်သွားရကာ…

"ဒါများ နဒီရယ်၊ ကိုယ့်အိမ်ရောက်မှ ပြလည်းရသားပဲ"

"အခုသိပြီမဟုတ်လား၊ သူ့မှာ သူ့ဇာတ်လမ်းနဲ့သူပါ ကိုတောက်ရယ်၊ ရှင် စွပ်စွဲနေတာတွေ ဘယ်လောက်အားနာဖို့ကောင်းသလဲ"

သူမသည် ထိုစကားတစ်ခွန်းကို ဖြေရှင်းနိုင်ဖို့ အချိန်ပင်မစောင့်ဘဲ ဖိတ်စာလေးတစ်စောင်နှင့် ကိုတောက်ရှေ့မှောက်ရောက်လာခဲ့တာ။

နေတောက်က အခုမှ၊ သူလွန်တာ သူသိသွားသလို





ယ်သံတစ်ချက်နှင့် ဇနီးဖြစ်သူ ပခုံးကိုဖက်ကာ…

"ကိုယ့်ကို နားလည်ပေးပါ နဒီရယ်၊ အပြစ်ရှိရင်လည်း ခွင့်လွှတ်လိုက်ပါ၊ ကိုယ်စွပ်စွဲတယ်၊ သဝန်တိုပြီး ဒေါသတွေဖြစ်တယ်ဆိုတာလည်း နဒီ့ကို ချစ်လွန်းလို့ပါ"

"အို…တော်ပါ၊ အခုမှ နဒီ့ကို စိတ်ဆင်းရဲအောင်လုပ်ပြီး"

အခန်းထဲမှာ တခြားဘယ်သူမှမရှိသဖြင့် နဒီက ကိုတောက်ရဲ့လက်ဖျံကို တအားဖိဆိတ်ပစ်လိုက်သည်။

"အား…နာတယ်ကွ၊ သူများမင်္ဂလာဆောင်တာနဲ့ ကိုယ်အဆိတ်ခံရတာ ဘာဆိုင်သလဲကွာ၊ လုံးဝမဆိုင်တဲ့ကိစ္စ"

ဒီအချိန်မှာတော့ ဘာမှမသက်ဆိုင်ဘူးဆိုတာ သူကောင်းကောင်း သဘောပေါက်သွားပြီလေ။

ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com